# မီးပွားဂျာနယ်

အတွဲ(၁)အမှတ်(၁)

(၃)ရက်၊ မေလ၊ ၂၀၂၁ခုနှစ်




## နွေဦးတော်လှန်ရေး အထူးထုတ်

# မာတိကာ

၁။ အာဆီယံက တွန်းပို့လိုက်တဲ့ စေ့စပ်ရေးထောင်ချောက် **အယ်ဒီတာ့အာဘော်**

## PERSPECTIVE

၂။ Failed ရုံမက၊ ပြိုကျတဲ့အထိ ဖြိုကျပစ်ရမယ့် နိုင်ငံတော် ...... ကိုတင်ဦး

၃။ CRPH မှာ ဒါတွေ လုပ်ရမယ့် တာဝန်ရှိတယ် ..... ကိုလွမ်းဝေ

၄။ သမိုင်းသင်ခန်းစာ ...... ကိုတင်ဦး

၅။ တော်လှန်ရေး လုပ်ငန်းစဉ်တရပ် ...... ကိုလွမ်းဝေ

၆။ နိုင်ငံတော်ဟောင်းကို ဖျက်သိမ်းပြီး လူထုအာဏာထူထောင်ဖို့ လူထုကိုယ်တိုင် လက်နက်တပ်ဆင်ထားရမယ် ..... ကိုလွမ်းဝေ

၇။ ပါလီမန် ဒီမိုကရေစီဟာ ဒီတော်လှန်ရေးရဲ့ ပန်းတိုင်ဖြစ်သင့်သလား ....... မေဆန်

## THEORETICAL SECTION

၈။ လီနင်ရေးတဲ့ "ငါတို့ဘာလုပ်ကြမလဲ" ကျမ်းမှ ရရှိလာသော တော်လှန်ရေး သင်ခန်းစာများ
The revolutionary lessons of Lenin's 'What is to be Done?' by Rob Sewell

# အာဆီယံကတွန်းပို့လိုက်တဲ့ စေ့စပ်ရေးထောင်ချောက်

## အယ်ဒီတာ့အာဘော်

ပြီးခဲ့တဲ့ ဧပြီ ၂၄ရက်နေ့ အာဆီယံထိပ်သီး အစည်းအဝေးအပြီးမှာ သဘောတူညီချက် (၅)ရပ်ကို ထုတ်ပြန် ကြေညာခဲ့တယ်။ ဥရောပ သမဂ္ဂကလည်း ဒီ(၅)ချက်ထဲမှာ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး မပါဘူးလို့ ဝေဖန်တယ်။ အဲဒီတချက်သာ ထည့်လိုက်ရင် အာဆီယံက ခင်းပေးလိုက်တဲ့ လမ်းကြောင်းဟာ မှန်ကန်သယောင် ထင်သွားစေတယ်။ ကျနော်တို့ ဆန်းစစ်ကြည့်ရအောင်။

(၁)

ကြေညာချက် နံပါတ်(၁)မှာ အားလုံးက အကြမ်းဖက်မှုတွေ ပြုလုပ်နေတာ ချက်ချင်းရပ်တန့်ဖို့ ဆိုထားတယ်။ ဒီအချက်ကို ဖတ်လိုက်တာနဲ့တင် ဒီတော်လှန်ရေးကို စော်ကားလိုက်သလို ခံစားရလိမ့်မယ်။ ကမ္ဘာ့အုပ်စိုးသူ လူတန်းစားအဖို့ ဗမာပြည်မှာ ဖြစ်နေတာကို တော်လှန်ရေးလို့ အတိအလင်း ဝန်မခံရဲဘူး၊ ထုတ်မပြောရဲဘူး။ လူအုပ်စုတွေအချင်းချင်း ရန်စောင် အကြမ်းဖက်နေတဲ့ အရာတခုလို ပုံဖျက် ပစ်လိုက်တယ်။ သွေးစုပ်ခံ၊ အဖိနှိပ်ခံ လူတန်းစားတွေက လက်တဆုပ်စာ စစ်အာဏာရှူးတွေကို ပုန်ကန် ဆန့်ကျင်တိုက်ပွဲဝင်နေတဲ့ တော်လှန်ရေး ဖြစ်တယ်။ ဒါကို လက်တဆုပ်စာ စစ်ဘီလူးတွေက ရှိသမျှ အကြမ်းဖက် ယန္တယား မီးကုန်ယမ်းကုန် ထုတ်သုံးပြီး အစုအလိုက် အပြုံလိုက် သတ်ဖြတ်နေတယ်၊ ခိုးဆိုးလုယက်နေတယ်၊ အပြစ်မဲ့ပြည်သူတွေကို အကြမ်းဖက် ပြန်ပေးဆွဲနေတယ်၊ ဖမ်းမိတဲ့သူတွေကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် နှိပ်စက်သတ်ဖြတ်နေတယ်။ ဒီအခိုင်အမာ အချက်အလက်တွေကို တကမ္ဘာလုံး အသိပဲ။ ဘယ်သူတွေက အကြမ်း ဖက် ယန္တယားကို မိုင်ကုန် အသုံးပြုပြီး လူထုတရပ်လုံးကို အကြမ်းဖက်ချင်တိုင်း ဖက်နေသလဲ။ ဒီလို စစ်ရာဇဝတ်သားတွေနဲ့ အဖိနှိပ်ခံ ပြည်သူတွေကို မခွဲခြားဘဲ ဝါးလုံးရှည်နဲ့ သိမ်းရမ်းပြီး “အားလုံး အကြမ်းမဖက်ကြပါနဲ့” ပြောတာလောက် အရေးတော်ပုံကို ပုံဖျက် စော်ကားတာ မရှိဘူး။

မြေပြင်က အခိုင်အမာ အချက်အလက်တွေကို မသိလို့ ဒီလို ရေးလိုက်တာလား။ တကမ္ဘာလုံး မျက်ဝါးထင်ထင် မြင်တွေ့နေရတဲ့ စစ်ရာဇဝတ်မှုတွေကို မသိဘူးလို့ ဆိုရလောက်အောင် မ,အကြပါဘူး။ ဒါဖြင့် ဘာလို့ ဒီလိုရေးသလဲ။ အာဆီယံကို လာတက်ကြတဲ့ အစိုးရ ခေါင်းဆောင်တွေဆိုတာ အဖိနှိပ်ခံ၊ သွေးစုပ်ခံ လူတန်းစား ကိုယ်စားလှယ်တွေမှ မဟုတ်ဘဲ။ သွေးစုပ်သူ အရင်းရှင် လူတန်းစား ကိုယ်စားလှယ်တော် အစိုးရတွေချည်းသာ ဖြစ်တယ်။ သူတို့တိုင်းပြည်အသီးသီးက သွေးစုပ်ခံ လူထုကို ဖိနှိပ်အုပ်ချုပ်နေသူတွေပဲ မဟုတ်ပါလား။ ဒီလို အစိုးရမင်းများက အဖိနှိပ်ခံ လူထုအကျိုးစီးပွား ရှေးရှုမယ်လို့ ယုံစားနေသူတွေကသာ ရိုး,အတာဖြစ်တယ်။ သူတို့ရဲ့ စာနာထောက်ခံမှုကို ရရှိလာအောင် တောင်းခံနေခြင်းကသာ ရေလိုက်လွဲနေခြင်း ဖြစ်တယ်။

တကယ်ဖြစ်သင့်တာက ကမ္ဘာ့သွေးစုပ်ခံ အလုပ်သမား လူတန်းစားရဲ့ စာနာထောက်ခံမှု၊ သွေးစည်းညီညွတ်မှုကိုပဲ တောင်းဆိုရမယ်။ လူတန်းစား အခြေခံ သွေးစည်းညီညွတ်မှုကသာ တော်လှန်ရေးကို အထောက်အကူ ပြုနိုင်မယ်။ အဖိနှိပ်ခံ အလုပ်သမား လူတန်းစားမှာ လူမျိုးတွေ၊ ဘာသာတွေ၊ အသားအရောင်တွေ၊ ယဉ်ကျေးမှုတွေဆိုတဲ့ အက်ကွဲကြောင်းတွေသာမက နိုင်ငံနယ်နိမိတ်ဆိုတဲ့ စည်းဘောင်တွေလည်း မရှိဘူး။ ဒီအတားအဆီးတွေ အားလုံးကို ဖြတ်ကျော်ပြီး သွေးစုပ်ခံ အလုပ်သမား လူတန်းစား သွေးစည်းမှုကို တည်ဆောက်နိုင်ရမယ်။ စင်စစ် အလုပ်သမား လူတန်းစားမှာ နိုင်ငံဆိုတာ မရှိဘူး။

သွေးစုပ်သူ လူတန်းစားတွေက နိုင်ငံတွေ မတူလည်း သူတို့ အကျိုးစီးပွား လာထိရင် အချင်းချင်း သွေးစည်းကြတယ်။ အုပ်စိုးခံတွေဘက်က အမြင်ရှင်းဖို့ လိုတယ်၊ ဒီတိုင်းပြည်က သွေးစုပ်ကောင်တွေကို တော်လှန်ဖို့ တခြားတိုင်းပြည်တွေက သွေးစုပ်သူ လူတန်းစားကို သွားအားကိုး လို့ မရဘူးဆိုတာ။

ဒုတိယအချက်က စေ့စပ်ရေး၊ ရင်ကြားစေ့ရေး ထောင်ချောက်ထဲ တွန်းပို့လိုက်တာပဲ။ "စကားလှအောင် ပြည်သူတွေရဲ့ အကျိုးငှာ" လို့ ရေးထားသေးတယ်။ အရင်းရှင် လူတန်းစား ကိုယ်စားလှယ်တွေဆိုတာ သွေးစုပ်ခံ လူထုကို လှည့်ဖျားရာမှာ စကားတန်ဆာလေးတွေ အလွန် သုံးတတ်တယ်။ ဘယ်လိုပဲ နားဝင်ချိုအောင် ပျားရည်သုတ် ပြောပေမယ့်လည်း အဖိနှိပ်ခံ လူထုအဖို့ ရင်ကြားစေ့ရေး လမ်းစဉ်ဟာ နိဂုံးချုပ်ခဲ့ ပြီးသား ဖြစ်ပါတယ်။ "ပြည်သူမနာတဲ့ နည်းနဲ့ အဖြေရှာနေပါတယ်၊ တွေ့ဆုံညှိနှိုင်းတဲ့ နည်းနဲ့ ကြိုးစားနေပါတယ်၊ ဖေဖေ တည်ထောင်ခဲ့တဲ့ တပ်မတော်ကြီးနဲ့ ရင်ကြားစေ့နေပါတယ်" ဆိုတဲ့ လစ်ဘရယ် ခေါင်းဆောင် ASSK ရဲ့ စကားတွေကို လူထုက ဆယ်စုနှစ်နဲ့ချီပြီး စိတ်ရှည် လက်ရှည် ယုံပေးခဲ့ကြပါတယ်။ အခု ပြည်သူမနာစေတဲ့ ရင်ကြားစေ့ရေး လမ်းစဉ်ကြီးကြောင့် ဘယ်ဘူတာဆိုက်ခဲ့ပြီလဲ။ အားလုံး အမြင်သာမက၊ အားလုံး အလူးအလဲ ခံနေရတဲ့ အခြေအနေ။ ဒီအနေအထားမှာ ပြည်သူမနာစေဖို့ လူသတ်ကောင် စစ်ဗိုလ်ချုပ်ကြီးတွေနဲ့ စကားဝိုင်း ထိုင် အဖြေရှာကြပါလို့ ပြောခြင်းဟာ လူထုကို ထောင်ချောက်ထဲ တွန်းပို့တာပဲ။

> **"ပြည်သူမနာတဲ့ နည်းနဲ့ အဖြေရှာနေပါတယ်၊ တွေ့ဆုံညှိနှိုင်းတဲ့ နည်းနဲ့ ကြိုးစားနေပါတယ်၊ ဖေဖေ တည်ထောင်ခဲ့တဲ့ တပ်မတော်ကြီးနဲ့ ရင်ကြားစေ့နေပါတယ်" ဆိုတဲ့ လစ်ဘရယ် ခေါင်းဆောင် ASSK ရဲ့ စကားတွေကို လူထုက ဆယ်စုနှစ်နဲ့ချီပြီး စိတ်ရှည် လက်ရှည် ယုံပေးခဲ့ကြပါတယ်။ အခု ပြည်သူမနာစေတဲ့ ရင်ကြားစေ့ရေး လမ်းစဉ်ကြီးကြောင့် ဘယ်ဘူတာ ဆိုက်ခဲ့ပြီလဲ။**

အာဆီယံအပါအဝင် ကမ္ဘာ့အရင်းရှင် လူတန်းစားက ဘာလို့ ဒိုင်ယာလော့(ဂ်) လမ်းကို ခင်းနေသလဲ။ အာဆီယံ သဘောတူညီချက်လို ဖြောင်ကျကျ ချောက်ထဲတွန်းချတဲ့ လမ်းကြောင်း မပေါ်ခင်ကတည်းက ကမ္ဘာ့အရင်းရှင် လူတန်းစား ကိုယ်စားလှယ်တော် လစ်ဘရယ် မီဒီယာကြီးတွေမှာ ဒီလမ်းကို ခင်းနေကြပြီ။ crisisgroup.org နဲ့ The Economist မက်ဂဇင်းတို့မှာ ဖော်ပြထားတဲ့ ဆောင်းပါးနှစ်ခုကို ကိုးကားပြီး "Failed ရုံမက၊ ပြိုကျတဲ့အထိ ဖြိုချပစ်ရမယ့် နိုင်ငံတော်" ဆောင်းပါးမှာ ဒီအချက်ကို ဝေဖန်ခဲ့ပါတယ်။ လစ်ဘရယ် ကော်ပရိတ် မီဒီယာတွေမှာ "Failed State" ဖြစ်သွားမယ်လို့ အရင် ခြောက်ပြတယ်၊ ဒီလို မဖြစ်အောင် အာရှ၊ ဥရောပ အရင်းရှင်အစိုးရတွေက ဝိုင်းဖိအားပေးကြပါလို့ ဆော်သြတယ်။ ဘာကို ရည်ရွယ်ပြီး ဖိအားပေးခိုင်းသလဲ ဆိုတော့ လူသတ်ကောင် စစ်ဗိုလ်ချုပ်ကြီးတွေနဲ့ အရပ်သား ကိုယ်စားလှယ်တွေ စားပွဲဝိုင်းထိုင် အဖြေရှာဖို့ပါတဲ့။ စစ်အုပ်စုပိုင် စီးပွားရေး အရင်းအမြစ်တွေ လူ့အဖွဲ့အစည်းပိုင် သိမ်းယူရေး မပါဘူး။ လက်နက်မဲ့ အရပ်သား ပြည်သူတွေကို ရက်ရက်စက်စက် ပစ်သတ်ခိုင်းတဲ့ ဗိုလ်ချုပ်ကြီးတွေကို လူထုက တရားစီရင်ရေး မပါဘူး၊ စစ်အာဏာရှူးတွေ အမိန့်ပေးတိုင်း ထမင်းရှင် ပြည်သူကို စိတ်ပါလက်ပါ သတ်ဖြတ်နေတဲ့ စစ်တပ်ကို ဖြိုဖျက်ပစ်ရေး မပါဘူး။

ဘဝတွေ၊ အသက်တွေ အမြောက်အမြား စတေးပြီး ဆင်နွှဲခဲ့ရတဲ့ တော်လှန်ရေးကို ဘာမှမဖြစ်ခဲ့သလို သဘောထားပြီး လူသတ်ကောင်တွေနဲ့ စေ့စပ်ကျေအေးခိုင်းတယ်။ သွေးစုပ်ကောင်တွေကို နဂိုအတိုင်း ဆက်လက် သွေးစုပ်ခိုင်းတဲ့ စေ့စပ်ရေး ဖြစ်တယ်။ လူသတ်ကောင်တွေကို နဂို အတိုင်း ဆက်သတ်ခိုင်းတဲ့၊ ဆက်သတ်လို့ ရနိုင်တဲ့ အခြေအနေတွေအတိုင်း ပိုနေမြဲကျားနေမြဲ ထားခိုင်းတဲ့ စေ့စပ်ရေး ဖြစ်တယ်။ စစ်ဘီးလူး တွေက လူသတ်တယ်၊ ကမ္ဘာ့အရင်းရှင် လူတန်းစား (ကိုယ်စားလှယ်တွေ)က ကျေအေးလိုက်ပါ ပြောတယ်။ ဘယ့်လောက် ဟာမိုနီ ဖြစ်လိုက် သလဲ။ ဒါမှ ကမ္ဘာ့အရင်းရှင် အစိုးရတွေ လိုလားတဲ့ "ဒေသတွင်း တည်ငြိမ်မှု"၊ စစ်အုပ်စု လိုချင်တဲ့ "ငြိမ်

ဝပ်ပိပြားမှု"၊ လစ်ဘရယ်တွေ စကားလုလုလေး သုံးပြောတဲ့ "law and order" ရရှိမယ် မဟုတ်လား။ ဒီတော့မှ ကမ္ဘာ့ အုပ်စိုးသူ လူတန်းစား သေလုအောင် ကြောက်တဲ့ တော်လှန်ရေးတွေ ဆက်မဖြစ်မှာ၊ နဂိုအတိုင်း တည်တည်ငြိမ်ငြိမ်လေး ဈေးပေါလှတဲ့ လုပ်အားတွေ၊ ကုန်ကြမ်းတွေကို ဝယ်ယူသွေးစုပ်နိုင်မှာ ဖြစ်တယ်။ ကုန်ချောဈေးကွက် ဆက်ချဲ့လို့ ရမယ်။ ကမ္ဘာ့ဘဏ္ဍာအရင်းတွေ ဆက်တင်ပို့လို့ ရမယ်။ ဒါ့ကြောင့် "ရင်ကြားစေ့" နည်းနဲ့ တော် လှန်ရေးကို မြန်မြန် နိဂုံးချုပ်အောင် လုပ်နေကြတာပဲ။

(၃)

ကျန်တဲ့ (၃)ချက်က "ဒိုင်ယာလော့ဂ်" ဇာတ်ကို အာဆီယံက ဘယ်အခန်းကနေ ပါဝင်ကပြမလဲ ပြောထားရုံပါ။ အာဆီယံ ဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ် လွှတ်ပြီး "စေ့စပ်ရေး ကြားပွဲစား" လုပ်ခိုင်းမယ့် အစီအစဉ်ပဲ ဖြစ်ပါတယ်။ အဖိနှိပ်ခံ လူထုအဖို့ အားကိုးစရာ တစက်မှ မရှိပါ။

အာဆီယံ ခင်းလိုက်တဲ့ လမ်းကို အဖိနှိပ်ခံ လူထုက လက်မခံဘူး၊ တော်လှန်တဲ့ လူငယ်တွေက ပြင်းပြင်းထန်ထန် ဆန့်ကျင်ကြတယ်။ NLD က ပေါက်ဖွားလာတဲ့ လစ်ဘရယ် ဘူဇွာအင်အားစု (NUG) က ဘယ်လို တုံ့ပြန်သလဲ။

"ရင်ကြားစေ့လမ်းစဉ်" ဆိုတာ NLD တသက်လုံး လျှောက်လာတဲ့ လမ်းပဲ။ မကြာသေးခင်ကလည်း ဗျူရိုကရက် တဖြစ်လဲ NUG ဝန်ကြီး ဇော်ဝေစိုးက အတိုင်ပင်ခံနဲ့ သမ္မတကို လွှတ်ပေးရင် စေ့စပ်ရေးစကား ပြောမယ်လို့ လေသံပစ်ထားခဲ့တယ်။ ဒါပေမယ့် ဒီလို တော်လှန်ရေး ကာလမှာ စေ့စပ်ရေးကို လက်ခံပါတယ်လို့ တည့်တည့်ပြောချလိုက်ရင် နားကားမှာ သိတယ်။ အဲ့တော့ သောက်ရေးမပါတဲ့ လိုအပ်ချက်လေးတွေ ထည့်ပြောရတယ်။ ခေါင်းဆောင်တွေ ပြန်လွှတ်လာရင် "အရင် inform မယ်၊ ဒီလို inform ပြီးမှ" ခေါင်းဆောင်ကြီးတွေက လူသတ်ကောင်တွေနဲ့ ရင်ကြားစေ့လိမ့်မယ်လို့ စကားပလ္လင်ခံထားတယ်။ ရင်ကြားစေ့ လမ်းစဉ်က ရင်ကြားစေ့လမ်းစဉ်ပါပဲ။ မိတ်ကပ်လိမ်းပြီးမှ စေ့စေ့၊ ကိုယ်တုံးလုံးနဲ့ စေ့စေ့ အတူတူပါပဲ။

"မေမေ့သမီး" NLD အမတ်တဖြစ်လဲ NUG နိုင်ငံခြားရေး ဝန်ကြီး ဇင်မာအောင်နဲ့ VOA အင်တာဗျူးမှာလည်း ဒီသဘောထားကို တွေ့ရတယ်။ အာဆီယံခင်းတဲ့ တွေ့ဆုံဆွေးနွေးရေးလမ်းကို ဘယ်လိုသဘောရသလဲ မေးတဲ့အခါ စစ်ကောင်စီနဲ့ စေ့စပ်ဖို့ဆိုရင် လိုအပ်တဲ့ တင်ကူး အခြေအနေတွေ ချပြတယ်၊ "စစ်ကောင်စီရဲ့ သွေးစွန်းနေတဲ့ လက်တွေကို အရင်ပြန်ပြီး ပြင်ဆင်ဖို့ ပြောင်းလဲဖို့ လိုပါလိမ့်မယ်"တဲ့။ အင်မတန် ဝေဝါးတဲ့ စကားတွေပဲ။ စစ်ကောင်စီက ဘယ်လို ပြင်ဆင်ရမှာလဲ။ သွေးစွန်းနေတဲ့ လက်တွေ ပြောင်စင်အောင် ဆပ်ပြာတိုက်၊ ရေနဲ့ဆေး၊ သင်္ကန်း ဝတ်လိုက်ရင် အဆင်ပြေသွားမလား။ စစ်ဗိုလ်ချုပ်ကြီးတွေအားလုံးရဲ့ ပိုင်ဆိုင်မှု အားလုံး လူထုတရပ်လုံးက ပြန်လည်သိမ်းယူရေး၊ ဒီစစ်ရာဇဝတ်သားတွေ အားလုံးကို လူထုကိုယ်တိုင် တရားစီရင်ရေးလို့ လေသံပင် မဟရဲဘူး။

မေမေ့သမီးလေးက ဆက်ပြောတယ်။ "အခုလက်ရှိ ရှိနေတဲ့ စစ်ခေါင်းဆောင်နဲ့ စကားပြောဖို့ ခက်ပါတယ်" (ဒါဆို အရင် စစ်ခေါင်းဆောင် ဗိုလ်သန်းရွှေနဲ့ဆို ပြောဖို့လွယ်တဲ့ပုံ။ မစေ့စပ်ဘူးလို့ မဆိုလို၊ စကားပြောဖို့ ခက်တာပဲ ရှိတယ်)။ "ဆိုတော့ သူကိုယ်တိုင်က သူ့အမှားအယွင်းကို အရင်ဝန်ခံရမယ်၊ ပြီးတော့ တာဝန်ယူရမယ်၊ တာဝန်ခံရမယ်၊ ဒါဆိုရင် ကျမတို့ စကားပြောဖို့ လမ်းစပွင့်သွားမယ်"။ ဟုတ်ပြီ။ မအလက "လူ(၁၀၀၀)လောက် သတ်မိတာ ငါမှားသွားတယ်ကွာ၊ ဆောတီး ဆောတီး၊ ငါ့ကောင်တွေ လမ်းပေါ်တက် လူသတ်နေရတာ မောလှပြီ၊ စစ်တန်းလျား ပြန်ခိုင်းတော့မယ်" ဆိုရင် လစ်ဘရယ်တွေ လိုလားတဲ့ "စစ်တပ်က စစ်တန်းလျား ပြန်ရေး" လည်း အထမြောက်၊ မေမေ့သမီးလေး ပြောနေတဲ့ "တာဝန်ယူမှု၊ တာဝန်ခံမှု"လည်း ပြည့်စုံ ဖြစ်မသွားဘူးလား။

နိုင်ငံခြားရေး ဝန်ကြီးက အခုလို အတိအလင်း ကြေညာလိုက်ပါတယ်၊ "နိုင်ငံရေးဟာ ဒိုင်ယာလော့ဂ် နည်းနဲ့ တွေ့ဆုံဆွေးနွေးမှုနည်းနဲ့ ဖြေရှင်းရမယ်ဆိုတာကို ကျမတို့ လက်ခံပါတယ်။ နောက်ဆုံးပန်းတိုင် ဖြစ်တယ်။ စစ်ပွဲတွေကိုလည်း ဒီလိုပဲ ဖြေရှင်းရတာပဲ"တဲ့။ အင်မတန် ရှင်းလှပါတယ်။ အာဆီယံချပေးတဲ့ ရင်ကြားစေ့ ထောင်ချောက်ဟာ NUG ရဲ့ "နောက်ဆုံးပန်းတိုင်" ဖြစ်ပါတယ်တဲ့။ ကမ္ဘာ့တော်လှန်ရေး သမိုင်းတွေက ဝန်ကြီး ပြောတာနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်။ ဝေးဝေးမကြည့်ပါနဲ့၊ သခင်အောင်ဆန်း ပင့်လာတဲ့ ဖက်ဆစ်ဂျပန်

တွေကို ဒိုင်ယာလော့ဂ်နည်းနဲ့ ဂျပန်ပြည် ပြန်သွားစေခဲ့သလား၊ လူထုတရပ်လုံး ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲခဲ့လို့ ခွေးပြေး ဝက်ပြေး ထွက်ပြေးသွားခဲ့ရသလား။ ဒီမိုကရေစီတွေ၊ လူ့အခွင့်အရေးတွေ တွင်တွင်ပြောတဲ့ အမေရိကန် ပြည်ထောင်စုကြီး ကိုလိုနီဘဝက လွတ်မြောက်ဖို့ စားပွဲဝိုင်းထိုင် ဆွေးနွေးခဲ့တာလား၊ လူထုတော်လှန်ရေး ဆင်နွှဲခဲ့တာလား။ အမေရိကန်ပြည်တောင်ပိုင်းရဲ့ ကျွန်စနစ်ကို ဖျက်သိမ်းဖို့ ဘာ့ကြောင့်များ ခေါင်းဆောင်ကြီးတွေ ဆွေးနွေးအဖြေမရှာဘဲ “Civil War” နဲ့ ဖျက်သိမ်းခဲ့သလဲ။ အို မိုက်လိုက်ပါဘိ။ မဟာဆေးနည်း ဒိုင်ယာလော့ဂ်ကြီး ရှိပါရက်နဲ့ တောင်ပိုင်းနဲ့ မြောက်ပိုင်း စစ်ခင်းခဲ့ကြရှာတယ်။

“ပထမဦးဆုံး စကားပြောဖို့ဆိုရင် စစ်ကောင်စီကိုယ်တိုင်က ကျူးလွန်ခဲ့တဲ့သူ၊ ခေါင်းဆောင်တွေကို ဖယ်ရှားပြီး အမှန်တကယ် ပြုပြင်ပြောင်းလဲရေးနဲ့ တကယ့်ကို ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ထို့အတူ ပြည်သူလူထုနဲ့ တိုင်းရင်းသားတွေ လိုအပ်နေတဲ့ ပန်းတိုင်ကို အတူတူ သွားမယ်ဆိုတဲ့ ဖြေရှင်းဖို့ အဖြေရှာလိုတဲ့စိတ်နဲ့ ချဉ်းကပ်လာပြီဆိုရင်တော့ ကျမတို့ စကားပြောဖို့ အဆင်သင့် ရှိပါတယ်”တဲ့။

ဟောဒီ လူသတ်ပွဲကြီးကို စစ်ကောင်စီကိုယ်တိုင်က ကျူးလွန်နေပါတယ်၊ လူထုတရပ်လုံး အသိ၊ ကမ္ဘာအသိပါ။ ဒါကို စစ်ကောင်စီက ကျူးလွန်နေတဲ့သူတွေ၊ ခေါင်းဆောင်တွေ ဖယ်ရှားပါပြောနေတော့ ဘယ်လိုနားလည်ရမလဲ။ စစ်ကောင်စီက စစ်ကောင်စီကို ဖယ်ရှား၊ ပြီးရင် စစ်ကောင်စီနဲ့ ဆွေးနွေး၊ အဲလိုလား။ ဒါ မှမဟုတ် လမ်းပေါ်က စစ်ခွေး ငမိုက်သားလေးတွေကို နမူနာ အရေးယူပြ၊ ဒါဆိုရင် စစ်ခေါင်းဆောင်တွေက ပြုပြင်ပြောင်းလဲရေးနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို တကယ်လိုလားတဲ့ သဘော ဖြစ်သွားမလား။ နောက်ဆုံး စကားစုက တော်တော်လေး စကားပြောတယ်၊ “ဖြေရှင်းဖို့ အဖြေရှာလိုတဲ့ စိတ်နဲ့ ချဉ်းကပ်လာပြီဆိုရင်”လို့ ဆိုထားတယ်။ မအလတို့ စစ်ခွေးတွေကို ဘာ “concrete actions” မှ မပါဘဲ “အဖြေရှာလိုတဲ့ စိတ်နဲ့ ချဉ်းကပ်လာတာ”နဲ့ ဖန်ခွက်ချင်းတွေ့ပြီး အတူတူတွဲကဖို့ အသင့်ပါပဲလို့ ရေလာ မြောင်းပေးနေပါလား။ ဘယ့်ကလောက် ရွံ့စရာကောင်းလိုက်တဲ့ ပုပ်သိုးဆွေးမြည့်နေတဲ့ စိတ်ဝါဒကြီးလဲ။ စစ်ကောင်စီကနေ “ငါတို့တော့ အာဏာယစ်မူးပြီး ပြည်သူလေး ၁၀၀၀ လောက် သတ်မိတယ်ကွာ၊ အခု နောင်တရပါပြီ၊ တိုင်းပြည်ကြီးလည်း ဒီမိုကရေစီ ရစေချင်တဲ့ စိတ်စေတနာတွေ ရင်ထဲအပြည့် ရှိနေပါပြီ၊ ဘယ့်လောက် ဖြူစင်တယ်ဆိုတာ ‘ဂူကြီး’ အသိဆုံးပါကွာ”လို့ ပြောပြီး ချဉ်းကပ်လာရင် NUG နဲ့ စစ်ကောင်စီ နှစ်ပါးသွား ကလို့ရပါပြီတဲ့ ခင်ဗျား။

ဒါ့ကြောင့် “Failed ရုံမက၊ ပြိုကျတဲ့အထိ ဖြိုချပစ်ရမယ့် နိုင်ငံတော်” ဆောင်းပါး နောက်ဆုံးစာကြောင်းလေးနဲ့ အခုဆောင်းပါးကိုလဲ ပိတ်ပါရစေ၊“ပြည်တွင်းပြည်ပက လစ်ဘရယ်တွေဟာ အသေခံတိုက်နေတဲ့ လူထုကို စစ်အုပ်စုနဲ့ ဈေးဆစ်ရာမှာ အသုံးပြုတဲ့ **Bargaining chips** လောက် သဘောထားနေတယ်။”

**“ပြည်တွင်းပြည်ပက လစ်ဘရယ်တွေဟာ အသေခံတိုက်နေတဲ့ လူထုကို စစ်အုပ်စုနဲ့ ဈေးဆစ်ရာမှာ အသုံးပြုတဲ့ Bargaining chips လောက် သဘောထားနေတယ်။”**

# “Failed ရှိမက၊ ပြိုကျတဲ့အထိ ဖြိုချပစ်ရမယ့် နိုင်ငံတော်”

▪ **ကိုတင်ဦး**

**စစ်တပ်ရဲ့ အာဏာသိမ်းမှုဟာ အုပ်စိုးသူ လူတန်းစား မျှော်လင့်ထားတာနဲ့ ဆန့်ကျင်ဘက် လူထုတော်လှန်ရေး တရပ်ကိုသာ မီးမွှေးပေးခဲ့တယ်။ အဲသလိုပဲ စစ်တပ်ရဲ့ တရစပ် သတ်ဖြတ်မှုတွေ၊ အကြမ်းဖက်မှုတွေ (Repressionနည်း) ဟာ ဆန့်ကျင်ဘက် ရလဒ်ပဲ ထွက်လာတယ်။ ငြိမ်ဝပ်ပိပြားမသွားဘဲ လူထုလှုပ်ရှားမှုကို Armed Uprising အဆင့် တွန်းပို့ခဲ့တယ်။ ဒီလိုသာ စစ်ခွေးတွေ ဆက်မိုက်နေရင် ဗမာပြည် နွေဦး တော်လှန်ရေးကနေ အာရှတိုက်တခုလုံး တော်လှန်ရေး ဖြစ်ကုန်မှ ခက်ရချည် ရဲ့။ နဂိုကတည်းက ကိုဗစ်–၁၉ မီးမွှေးထားလို့ ကမ္ဘာ့အရင်းရှင်စနစ် ကပ်သင့်နေပြီးသား၊ ဟောင်ကောင် လူထုလှုပ်ရှားမှု၊ ထိုင်း လူထုလှုပ်ရှားမှု၊ အိန္ဒိယ လယ်သမား၊ အလုပ်သမား အထွေထွေသပိတ်တွေလည်း ရှိနှင့်ပြီးသား။ ဒီလို အခြေအနေမှာ မီးပွားလေး သွားကျရင် အာရှတိုက်တခုလုံး တော်လှန်ရေး မီးတဟုန်းဟုန်း တောက်နိုင်မှန်း လစ်ဘရယ်တွေ သိတာပေါ့။ တူနီးရှားက လူငယ်တဦး သူ့ကိုယ်သူ မီးရှို့သတ်သေတဲ့ အဖြစ်ကနေ အာရပ်ကမ္ဘာတခုလုံး တော်လှန်ရေး မီးဟုန်းဟုန်း တောက်ခဲ့တာ ဆယ်စုနှစ်တခုပဲ ရှိသေးတယ် မဟုတ်လား။ ကမ္ဘာ့အရင်းရှင် လူတန်းစား ဘယ်မေ့နိုင်လိမ့်မလဲ။**

Failed State ဆိုတဲ့ စကားကို ထပ်တလဲလဲ ကြားလာရတယ်။ အရင်ကတည်းက နိုင်ငံရေး ပညာရှင်ဆိုသူတွေ ခဏခဏ ရေးကြ ပြောကြတာ တွေ့ဖူးပါတယ်။ အခု တော်လှန်ရေးကာလမှာ တကျော့ပြန် ခေတ်စားလာတယ်။ (၁၉.၄.၂၁) RFA ညပိုင်းအစီအစဉ်တခုမှာ မန်းလေးက ဒေါက်တာ တေဇာဆန်း ပြောသွားတာလည်း နားထောင် လိုက်ရတယ်။ အရေးအကြီးဆုံးလူနာက နိုင်ငံတော် ဖြစ်နေတယ်တဲ့။ နိုင်ငံတော်ကို အရေးပေါ် ကုစားရမယ်တဲ့။ Failed State ဆိုတာကို စကားအလင်္ကာနဲ့ တင်စား ပြောလိုက်တဲ့ သဘောပါပဲ။ နိုင်ငံတကာက လစ်ဘရယ် မီဒီယာတွေကလည်း ဒီအကြောင်းကို ကျယ်ကျယ်လောင်လောင်လေး ပြောလာကြတယ်။ ဧပြီလ တရက်နေ့က crisisgroup.org မှာတင်ထား တဲ့ အစီရင်ခံစာ (The Cost of the Coup: Myanmar Edges Toward State Collapse) နဲ့ ဧပြီ ၁၅ ရက်နေ့က The Economist မက်ဂဇင်း ဝက်ဘ်ဆိုက်ထဲမှာ ဖော်ပြထားတဲ့ (Myanmar could be Asia’s next failed state) တို့ကို နမူနာ ဖတ်ကြည့်ရင် တွေ့နိုင်ပါတယ်။

လစ်ဘရယ် မီဒီယာနှစ်ခုလုံးက မြန်မာဟာ ဆီးရီးယားလို အာဖဂန်နစ္စ(စ်)တန်လို failed state ဖြစ်လာနိုင်တယ်လို့ ရှုမြင်ရေးသားထားတယ်။ ဘယ်ရှုထောင့်ကနေ ဒီလို သုံးသပ်ရေးသားသလဲ၊ ဘယ်လမ်းကို သွားဖို့ နှပ်ကြောင်း ပေးထားသလဲ နောက်မှ ဆွေးနွေးပါမယ်။ ဒီလို Failed State အကြောင်း ပြောလာတာတွေ ဖတ်ရတိုင်း ပထမဆုံး မေးမိတဲ့ မေးခွန်းက –

## ■ “နိုင်ငံတော်ဆိုတာ ဘာလဲ” (What is State?)။

နိုင်ငံတော်ဆိုတာ ဘာမှန်း မပြောဘဲ ‘နိုင်ငံတော်ကြီး ကျရှုံးနေပြီ၊ နိုင်ငံတော်ကြီး အရေးပေါ် လူနာဖြစ်နေပြီ’ ပြောကြရင် ဘာကို ဆိုလိုချင်မှန်း မကွဲပြားဘူး။ ပြောတဲ့သူတွေကော သဲကွဲရဲ့လား နားမလည်ဘူး။ လစ်ဘရယ်တွေ ဒီလို ဘူးလုံးနားမထွင်း ပြောကြလွန်းလို့

“နိုင်ငံတော်” အကြောင်း မာ့(က်စ်)၊ အန်းဂယ်(စ်)၊ လီနင် တို့ကစလို့ ဒီကနေ့အထိ မာ့(က်စ်)ဝါဒီတွေ ထပ်တလဲလဲ ဝေဖန်ရေးသားခဲ့ကြရတယ်။ လစ်ဘရယ်တွေ၊ ယူတိုးပီးယန်းတွေ၊ အနားခစ်(စ်)တွေ “နိုင်ငံတော်” အကြောင်း ပြောကြတိုင်း **“human nature”** ကို အခြေခံတဲ့ ရှုထောင့်ကနေ ပြောကြတာချည်းပဲ။ လူသားဟာ သဘာဝတရားအရ လွတ်လပ်တယ်၊ တန်းတူညီမျှတယ် ဆိုတဲ့ “လူသားသဘာဝ” ရှုထောင့်ကနေ ပြောတဲ့ အမြင် ကတမျိုး။ လူသားတွေဟာ “state of nature” မှာဆိုရင် တဦးကိုတဦး ဘယ်လို ဘယ်ပုံ ဖျက်စီးသွားကြမှာဆိုတဲ့ “လူသားသဘာဝ” ရှုထောင့် ကနေ ပြောတဲ့ အမြင်ကနေ “နိုင်ငံတော်ဆိုတာ မကောင်းပေမယ့် လိုအပ်လို့ လက်ခံထားရတဲ့ necessary evil သာဖြစ်တယ်” လို့ ပြောတာ လည်း ရှိတယ်။ “လူသားသဘာဝ” ကို ရှုမြင်ပုံမတူကြသလို ဒီကနေ ထွက်လာတဲ့ “နိုင်ငံတော်” ဆိုတဲ့ သဘောတရားတွေလည်း မတူကြဘူး။ **ဘယ်လိုပင် မတူကြပေမယ့် သူတို့အားလုံးမှာ ဘုံတူနေတဲ့ အချက်က “လူသားသဘာဝ” ကို အခြေခံပြီး ယူဆချက်တွေ ထုတ်ကြတာချည်း ဖြစ်တယ်။ “လူသားသဘာဝ” ဆိုတာကို ဟိုး ရှေးကမ္ဘာဦးအစကနေ ဒီကနေ့ခေတ်အထိ မပြောင်းမလဲ တည်မြဲနေတဲ့ အရာတခုလို ‘**abstract’ ဆန်ဆန် ပြောဆိုတဲ့ ဘောင်ထဲမှာပဲ ပိတ်မိနေတယ်။ **လူသားကိုယ်တိုင်က historically evolved ဖြစ်လာခဲ့သလို သမိုင်းတလျှောက် တည်မြဲ နေတဲ့ “လူသား သဘာဝ” ဆိုတာလည်း မရှိဘူးဆိုတာ** သူတို့ နားမလည်ကြဘူး။ **လူသားဟာ “သဘာဝလောက” ကို ပြောင်းလဲရင်း “လူသား သဘာဝ” ကိုယ်တိုင်ကိုလည်း ပြောင်းလဲစေခဲ့တာ နားမလည်ကြဘူး။ တနည်းဆိုရရင် လူသားသဘာဝ ဆိုတာ historical ဖြစ်မှန်း မသိတာပဲ။** ဒါ့ကြောင့် “လူသားသဘာဝ” ကို ahistorical သဘော အသေဆုပ်ကိုင်ပြီး (a priori principleတွေ တင်ကူးဆုပ်ကိုင်ထားပြီး) ယူဆချက်တွေ ထုတ်ခြင်းဟာ တကယ့် reality နဲ့ တခြားစီ ဖြစ်ကုန်တယ်၊ abstract ဆန်ကုန်တယ်။ အဲဒါ လစ်ဘရယ်တွေ၊ အနားခစ်(စ်)တွေ၊ ယူတိုးပီးယန်း ဆိုရှယ်လစ်တွေရဲ့ ဘုံတူညီတဲ့ အချက်ပဲ။

ဒီလို “လူသားသဘာဝ” ရှုထောင့်ကနေ ငြင်းချက်မျိုးစုံ ထုတ်နေကြသူတွေနဲ့ လမ်းခွဲထွက်ခဲ့သူတွေက မာ့(က်စ်)နဲ့ အန်းဂယ်(စ်)တို့ပဲ။ လူသားနဲ့ လူသားသဘာဝ ဆိုတာကို historical အမြင်နဲ့ စတင်ဆန်းစစ်ပြနိုင်ခဲ့တယ်။ ဒီလိုပဲ၊ **“နိုင်ငံတော်” ပေါ်ထွန်းလာပုံကိုလည်း လူသားသဘာဝ”က ဘယ်လို ဘယ်ကဲ့သို့ ဆိုတဲ့ “a priori principle” တွေ ဆုပ်ကိုင်ပြီး မပြောဘူး။ historically ဘယ်လို ဖြစ်တည်လာသလဲ ဆန်းစစ်ပြတယ်။ နိုင်ငံတော်ဆိုတာ လူသားရယ်လို့ စတင်ပေါ်ထွန်းလာကတည်းက ရှိခဲ့တဲ့အရာ မဟုတ်ဘူး**လို့ မနုသဗေဒ လေ့လာချက်တွေကို အခြေခံပြီး သိပ္ပံနည်းကျ သက်သေထူပြတယ်။ ဟိုမိုဆေးပီးယန်းအနွယ် လူသားပေါ်ထွန်းတာ နှစ်တသိန်း ဝန်းကျင်လို့ပဲ ခန့်မှန်းတွက်ချက် ထားကြတယ်။ **“နိုင်ငံတော်” ဆိုတဲ့ အရာပေါ်ထွန်းလာတာ လူတန်းစား လူ့အဖွဲ့အစည်းရယ်လို့ စတင်ပေါ်ထွန်းလာခဲ့တဲ့ ကျေးပိုင်ကျွန်ပိုင် လူ့ အဖွဲ့အစည်းမှာမှ ဖြစ်တယ်။** လွန်ခဲ့တဲ့ နှစ် တသောင်းကျော်ကမှ နိုင်ငံတော် ဆိုတာ လူ့သမဂ္ဂအတွင်း ပေါ်ထွန်းခဲ့တာ ဖြစ်တယ်။ ဒီမတိုင်ခင်က နိုင်ငံတော်ရယ်လို့ လူသားမျိုး နွယ်တွေကြား မရှိခဲ့ဘူး။ **လူသားသမိုင်းရဲ့ ၉၀ % လောက်ကို နိုင်ငံတော်ဆိုတာ မရှိဘဲ နေလာခဲ့ကြခြင်း ဖြစ်တယ်။**

ဒီလို နှစ်ပေါင်း မြောက်မြားစွာ နိုင်ငံတော် ဆိုတာ ဘာမှန်းတောင် မသိဘဲ နေလာခဲ့ကြရာက ဘယ်လိုကြောင့် နိုင်ငံတော် ဆိုတာ ပေါ်ထွန်းလာသလဲ။ အားယားနေလို့ လက်ဆော့ပြီး ထွင်ခဲ့ကြတာ မဟုတ်တာလဲ သေချာတယ်၊ လူသားသဘာဝအရ အဖျက်သဘောဆောင်လို့ လူသားမျိုးနွယ် မပြုန်းတီးရလေအောင် ထိန်းကျောင်းပေမယ့် အရာတခု (လစ်ဘရယ် ပညာတတ်ယောင်ယောင်တွေ အကြိုက်တွေ့တဲ့ ဝေါဟာ ရနဲ့ ခန့်ခန့်ညားညား သုံးပြရရင် institution တခု) လိုအပ်လာလို့လား။ ဒါလည်း မဖြစ်နိုင်ပြန်ဘူး။ **ဒီလိုသာဆို အခုထက် ပိုပြီးရိုင်းစိုင်းတဲ့ Savagery ခေတ်မှာကတည်းက နိုင်ငံတော်ဆိုတာ မရှိခဲ့သင့်ဘူးလား၊** နိုင်ငံတော်မရှိလို့ လူတွေ တဦးကိုတဦး သတ်ကြဖြတ်ကြကြေးဆိုရင် ခင်ဗျားတို့ ကျုပ်တို့ လူရယ်လို့ကို ဖြစ်လာမှာ မဟုတ်ဘူး။ အခုနေ လူသားမျိုးနွယ် ပြုန်းတီးသွားလောက်ပြီ။

လူသားသမိုင်းကို သိပ္ပံနည်းကျ ဆန်းစစ်ကြည့်ရင် **“ပြောင်းလဲလာတဲ့ သမိုင်းရေး အခြေအနေတွေအရ လိုအပ်လာလို့”** ဖြစ်တယ်။ ဒီအကြောင်းတွေကို အကျယ်ချဲ့ ဆွေးနွေးနေရရင် ဆောင်းပါးတပုဒ်နဲ့ မဖြစ်နိုင်ပါ။ (စိတ်ဝင် စားသူတွေအဖို့ အန်းဂယ်စ်ရေးတဲ့ **Origin of the Family, Private Property and the State** ကျမ်းနဲ့ လီနင်ရေးတဲ့ **State and Revolution** ကိုသာ ညွှန်းလိုတယ်)၊ ဒီဆောင်းပါးမှာ ခပ်တိုတိုသာ ကောက်ကြောင်း ဖော်ပါရစေ။ လူသားတွေဟာ ဘဝရှင်သန်ရပ်တည်းရေး ကုန်ထုတ်လုပ်ကြရတယ် (Process of

Labor)။ **လူသားရယ်လို့ စတင်ဖြစ်ထွန်းလာကတည်းက အသင်းအအုပ်နဲ့ ဖြစ်တယ်။ လူသားဟာ individual and independent existence အနေနဲ့ ပေါ်ထွက်လာတာ မဟုတ်ဘူး။** လူဆိုတာ တိရစ္ဆာန်လောကကနေ evolve ဖြစ်လာတာ။ **လူနဲ့ တခြားတိရစ္ဆာန်တွေ ဘာကွာလို့ ဒီလို ဖြစ်သွားတာလဲ ဆိုတဲ့ မေးခွန်းကို တချို့က ဗီဇအရ၊ တချို့က လူသားဦးနှောက်က ပိုသာလို့၊ လူသားရဲ့ အသိဉာဏ်က ပိုမြင့်မားလို့** ဆိုတဲ့ အဖြေတွေ ပေးတတ်ကြတယ်။ တကယ်တော့ လူနဲ့အနီးစပ်ဆုံး အမျိုးတော်တဲ့ ချင်ပန်ဇီးတွေကို လေ့လာချက်တွေအရ **ဗီဇအရ ကွာခြားချက် ကြီးကြီးမားမား မရှိလှသလို၊ လူသားရဲ့ လက်ရှိ ဦးနှောက်အနေအထားကို ရောက်ရှိလာတာ နှစ်အားဖြင့် မကြာလှသေးဘူး။** (evolution ဖြစ်စဉ်ရဲ့ နှစ် အပိုင်းအခြားတွေ၊ ခေတ်တွေကို သန်းနဲ့ချီ ခွဲခြားလေ့ရှိတာ သတိချပ်ဖို့လိုပါတယ်– စကားချပ်)။ ဒါဖြင့် ဘာကွာသွားတာလဲ။

လူသားက သဘာဝတရားအတိုင်း တွေ့ရတဲ့ အစားအသောက်ကို ရှာဖွေစားသောက်ရုံပဲ လုပ်ခဲ့တာ မဟုတ်ဘူး။ **လူသားမျိုးနွယ်တွေဟာ ဘဝ ရှင်သန်တည်မြဲရေးအတွက် သဘာဝအရိုင်း ပြုသမျှ လည်စင်းမခံကြဘူး။** ဘဝရှင်သန်ဖို့ **လုပ်အားစိုက်ထုတ် ရုန်းကန်ပြီး သဘာဝတရားကို စီရင်ပြုပြင်တယ်။** ကျောက်အရိုင်းကို သွေးပြီး အားကြီးတဲ့ သားကောင်ကို ယှဉ်ပြိုင်သတ်ဖြတ်ရင်း 'ပရိတင်း'ခေတ်ကို ရရှိစေခဲ့တယ်။ ကျောက်အရိုင်းကို ပွတ်တိုက်ပြီး 'မီး'ကို ထုတ်လုပ်နိုင်ခဲ့တယ်။ **လုပ်အားနဲ့ သဘာဝကို ပြုပြင်ရင်း၊ သဘာဝအရိုင်းနဲ့ ရုန်းကန်တိုက်ပွဲဝင်ရင်း ကုန်ထုတ် ကိရိယာတွေ တိုးတက်လာခဲ့တယ်။** လူသား လုပ်အားရဲ့ ကုန်ထုတ်သတ္တိလည်း တစတစ တိုးတက်လာခဲ့တယ်။

**ဒီလို လုပ်ရာမှာ လစ်ဘရယ်တွေ ထင်နေသလို လူဟာ individualistic ဖြစ်တယ် မအောက်မေ့လေနဲ့၊ အဲဒါဆို မျိုးတုန်းသွားမယ်။ လူသားဟာ အအုပ်အသင်းနဲ့ စုပေါင်း ကုန်ထုတ်ရတယ်။ ဒါ့ကြောင့် လူသားရဲ့ လုပ်အားဟာ social လက္ခဏာဆောင်တယ်။** အဲသလိုပဲ ကုန်ထုတ်လုပ်ရာမှာ လိုအပ်တဲ့ ကုန်ထုတ်ပစ္စည်းတွေကိုလည်း လူ့အသိုင်း အဝိုင်းတခုလုံးက ဘုံပိုင်ဆိုင်ခဲ့ကြတယ်။ ဘုံပိုင်ဆိုင်တဲ့ ကုန်ထုတ် ကိရိယာတွေ အသုံးပြုပြီးရလာတဲ့ ကုန်ပစ္စည်းတွေကို အဖွဲ့ဝင်တွေကြား တန်းတူရည်တူ ခွဲဝေစားသုံးခဲ့ကြတယ်။ အဲဒီခေတ် ကုန်ထုတ်ပစ္စည်းတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု အနေအထားအရ အပိုအလျှံ များများစားစား မရှိနိုင်ဘူး။ ရလာသမျှဟာ လူ့သမဂ္ဂဝင်တွေ ဖူလုံရုံပဲ ရှိနိုင်မယ်။ အဲဒီ သမိုင်းကာလမှာ လူ့အသိုက်အမြုံအတွင်း ကုန်ထုတ်ပစ္စည်းပိုင်သူနဲ့ မပိုင်သူ၊ ပိုလျှံသူနဲ့ ငတ်နေသူရယ် လို့ မကွဲပြားသေးဘူး။ ဒီကနေ့ခေတ်လို လူတန်းစား ကွဲနေတဲ့ လူ့သမဂ္ဂ ဖြစ်မလာသေးဘူး။

ဒါပေမယ့် သမိုင်းဟာ ရပ်တန့်မနေခဲ့ဘူး။ လူသားတွေဟာ စုပေါင်း ကုန်ထုတ်ရင်း အတွေ့အကြုံတွေ စုဆောင်းမိလာတယ်၊ ကုန်ထုတ် ကိရိယာ အသစ်တွေ ဖန်တီးလာနိုင်တယ်။ ကျောက်အရိုင်းကို စီရင်အသုံးချတဲ့ အဆင့်ကနေ သတ္တုကို စီရင်အသုံးပြုတဲ့ အဆင့်၊ ဒီကနေ သံအရိုင်းကို ပြုပြင်စီရင် အသုံးချတဲ့ အဆင့်အထိ တက်လှမ်းလာခဲ့တယ် မဟုတ်ပါလား။ ဒီလိုနဲ့ လူသား လုပ်အားရဲ့ Productivity ဆထက်တပိုး ကြီးထွားလာခဲ့တယ်။ ဒီအခါ လူ့သမဂ္ဂဝင်တွေ ဖူလုံရုံ စားသောက်ရုံပဲ ကုန်ထုတ်နိုင်တာ မဟုတ်တော့ဘူး။ ဒီလို အပိုအလျှံတွေ ထုတ်လာနိုင်တဲ့အထိ ကုန်ထုတ်သတ္တိတွေ တိုးပွားလာခြင်းမှာ အရေးအကြီးဆုံး အချက်ကိုလည်း မေ့ထားလို့ မရဘူး။ အဲဒါက **social division of labor (အလုပ်ခွဲဝေခြင်း)။** ဒီလိုသမိုင်းရေး အခြေအနေတွေ ပြောင်းလဲလာတာနဲ့အတူ ကုန်ထုတ် ဆက်ဆံရေးတွေလည်း လိုက်ပါ ပြောင်းလဲနေခဲ့တယ်။ ကုန်ထုတ်သတ္တိ နိမ့်ပါးစဉ် သမိုင်းကာလမှာ ကုန်ထုတ်ပစ္စည်းတွေကို လူ့သမဂ္ဂဝင်အားလုံးက ဘုံပိုင်ဆိုင်ခဲ့တဲ့ ကုန်ထုတ်ဆက်ဆံရေး ရှိခဲ့တယ်။ နောက်ပိုင်း ကုန်ထုတ်သတ္တိ တဟုန်ထိုး ကြီးထွားလာတဲ့ သမိုင်းရေး အခြေအနေမှာ ကုန်ထုတ်ပစ္စည်းတွေကို ဘုံပိုင်ဆိုင်တဲ့ ကုန်ထုတ် ဆက်ဆံရေးအစား ပုဂ္ဂလိက ပိုင်ဆိုင်တဲ့ ကုန်ထုတ်ဆက်ဆံရေးက တစတစ နေရာယူလာတယ်။ ဒီလိုနဲ့ ကုန်ထုတ်ပစ္စည်း ပိုင်ဆိုင်သူနဲ့ မပိုင်သူရယ်လို့ စတင်ကွဲပြားလာတဲ့ လူတန်းစား လူ့အဖွဲ့အစည်း ပေါက်ဖွားလာခြင်း ဖြစ်တယ်။ ပထမဆုံး လူတန်းစား လူ့အဖွဲ့အစည်းက ကျေးပိုင်ကျွန်ပိုင် လူ့အဖွဲ့အစည်း။

**ဒီလို ကုန်ထုတ်ပစ္စည်းတွေကို ပုဂ္ဂလိကပိုင်ပြုလာခြင်း၊ လူတန်းစားတွေ ကွဲထွက်သွားခြင်း ဆိုတဲ့ သမိုင်းရေး အခြေအနေ ပြောင်းလဲမှုနဲ့ အတူ နိုင်ငံတော် ဆိုတဲ့ အရာကို လိုအပ်လာခဲ့တယ်။** ဘာလို့ လိုအပ်လာသလဲ၊ ဒါကို မြင်ဖို့ နက်နက်နဲနဲ မစဉ်းစားရပါဘူး။ ကုန်ထုတ်ပစ္စည်းတွေကို ပုဂ္ဂလိကပိုင်ပြုပြီး လက်မဲ့ဖြစ်နေသူတွေကို ကျွန်ပြုခိုင်းစေနိုင်တဲ့ ကျေးပိုင်ကျွန်ပိုင် လူတန်းစားဆိုတာ တကယ် လုပ်အား

စိုက်ထုတ် ကုန်ထုတ်နေရတဲ့ ကျွန်လူတန်းစားနဲ့ နှိုင်းစာရင် လက်တဆုပ်စာပဲ ရှိတယ် မဟုတ်လား။ **လက်တဆုပ်စာက လူအများစုကို ကျွန်ပြု ခိုင်းစေနိုင်ဖို့ဆိုရင် အထူး ဖိနှိပ်ရေး အင်အားစုတွေ မလိုအပ်ပေဘူးလား။** ကြံ့ခွတ်တစ္ဆမ်းရွှမ်း၊ ခေးတရမ်းရမ်းနဲ့ ဖိနှိပ်ရေး အင်အားစုတွေကို ခြယ်လှယ် အသုံးချနိုင်ဖို့ လိုအပ်လာတယ်။ ဒါတွေမရှိရင် ကုန်ထုတ်ပစ္စည်းကို ပုဂ္ဂလိကပိုင် ပြုထားတဲ့ လက်တဆုပ်စာက ဘာအလုပ်မှ မလုပ်ဘဲ ဆီဦးထောပတ်တွေ ဘယ်လို ထိုင်စားနေနိုင်မလဲ။ ဒါ့ကြောင့် နိုင်ငံတော် ဆိုတဲ့ အထူး ဖိနှိပ်ရေး အင်အားစုကြီးကို ထူထောင်လာကြရတယ်။ နိုင်ငံတော်ကို အသုံးချပြီး သွေးစုပ်ခံ လူတန်းစားတွေကို သွေးစုပ်ခံဘဝမှာပဲ ကုပ်ကုပ်လေးနေအောင် ဖိထားနိုင်တယ်။ ငြိမ်ငြိမ်မနေဘဲ အုံကြွလာရင် နိုင်ငံတော်ကို အသုံးချပြီး (စစ်အုပ်စု သုံးနေကျစကားအရဆိုရင်) "ငြိမ်ဝပ်ပိပြားသွားအောင်" နှိပ်ကွပ်နိုင်တယ်။

ဒါ က**နိုင်ငံတော်ဆိုတာ historical product ဖြစ်တယ်**လို့ မြင်သာအောင် ကောက်ကြောင်း ဆွဲပြရုံပါ။ ကောက်ကြောင်းမျှသာဖြစ်လို့ မပြည့်စုံတာတွေ အများကြီးပါ။ ဒီကနေ့ခေတ် နိုင်ငံတော်ကျ ပိုပြီး ရှုပ်ထွေးလာတယ်။ ပြောစရာတွေ အများကြီးရှိပါတယ်။ ခပ်တိုတိုပဲ ပြောပါမယ်။ ခေတ်သစ် နိုင်ငံတော်မှာ အဓိက အကျဆုံး ဒေါက်တိုင်ကြီးတွေက အမြဲတမ်း စစ်တပ်၊ ရဲတပ်နဲ့ ဗျူရိုကရေစီပဲ။ မတရားရုံးတွေ၊ မတရားဥပဒေတွေ၊ အကျဉ်းထောင်တွေသာမက၊ ဘာသာရေးတွေ၊ မီဒီယာတွေ၊ ပညာရေးတွေအထိ အများကြီး ပြောလို့ရပါတယ်။ ဒါပေမယ့် ကျန်တာတွေ မရှိတော့ရင်တောင် အမြဲတမ်း စစ်တပ်၊ ရဲတပ်နဲ့ ဗျူရိုကရေစီဆိုတဲ့ နိုင်ငံတော် ဒေါက်တိုင်ကြီးတွေ မပြိုသေးဘူးဆိုရင် အုပ်စိုးသူ လူတန်းစားဟာ နိုင်ငံတော် ယန္တယားကို ဆက်မောင်းပြီး သွေးစုပ်လို့ ရသေးတယ်။ ဖိနှိပ်လို့ ရသေးတယ်။

ဒီလောက်ဆိုရင် ဆောင်းပါးအစကို ပြန်ကောက်လို့ ရပြီ။ Failed State ဆိုပြီး ပြောကြသူတွေ ဘာကို ဆိုလို ချင်သလဲတော့ မသိ။ နိုင်ငံတော် ဆိုတာကို အထက်ပါအတိုင်း ရှင်းရှင်းလင်းလင်း နားလည်ထားရင် နိုင်ငံတော်က ကျရှုံးနေတယ် ဆိုခြင်းဟာ အုပ်စိုးသူ လူတန်းစားရဲ့ အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်ဖို့ ပျက်ကွက်နေတယ်၊ သွေးစုပ်ခံ လူတန်းစားတွေကို ငြိမ်ဝပ်ပိပြားနေအောင် နှိပ်ကွပ်မထားနိုင်ဘူး ဆိုတဲ့ အဓိပ္ပါယ် ထွက်နေတယ်။ ဒါဆိုရင် အဖိနှိပ်ခံလူထုက "Failed State" ဖြစ်တာကို ဘာဝမ်းနည်းစရာ လိုသလဲ။ ကိုယ့်အပေါ် အုပ်မိုးထားတဲ့ နိုင်ငံတော်ကြီး ကျရှုံးနေတာကို ဘာအတွက် ကုစားပေးရမှာလဲ။

နိုင်ငံတော်ရဲ့ ဒေါက်တိုင်ကြီးတွေ အကြောင်း တချက်ဆန်းစစ်ကြည့်ရအောင်။ အစိုးရ၊ ပုဂ္ဂလိက ဝန်ထမ်းပေါင်းစုံ သပိတ်ကြီးကြောင့် စစ်အုပ်စုဟာ ဗျူရိုကရေစီကို မမောင်းနိုင်ဘူး။ ဗျူရိုကရေစီ ယန္တယားဟာ Paralysed ဖြစ်နေပြီ။ နောက်ထပ် ဒေါက်တိုင်တချောင်းဖြစ်တဲ့ ရဲတပ်ဖွဲ့ကို ကြည့်ရင် စစ်အာဏာဖီဆန်ပြီး ထွက်ပြေးကြတဲ့ ရပ်တပ်သားတွေ ရှိနေတယ်။ ဒါပေမယ့် ရဲတပ်ဖွဲ့တခုလုံး အနေနဲ့ဆိုရင် မပြောပလောက်သေးဘူး။ ဆက်ပြီး လူသတ်နိုင်သေးတယ်။ ရှစ်လေးလုံး အရေးတော်ပုံနဲ့စာရင် ရပ်တပ်ဖွဲ့က ပြည်သူဘက် ပူးပေါင်းတာ အင်မတန် နည်းနေသေးတယ်။ စစ်တပ်ကတော့ စစ်အုပ်စု လက်ကိုင်တုတ်တပ် ပီသလွန်းတယ်။ ရှစ်လေးလုံးမှာကော၊ အခု နွေဦး တော်လှန်ရေးမှာပါ စစ်ခွေးပီပီ သခင်အလိုကျ လူထုကို သတ်ဖြတ်နေတယ်။ ပြည်သူဘက် ပူးပေါင်းတာ တယောက်စ နှစ်ယောက်စပဲ ရှိတယ်။ ဒီတော့ စစ်အုပ်စု အရင်းရှင် လူတန်းစားရဲ့ နိုင်ငံတော်ဟာ တစိတ်တပိုင်း ကျရှုံးနေတယ်လို့ ဆိုချင်ဆိုနိုင်တယ်။ သေချာတာက ဒီအချက်ကို အမြင်ရှင်းဖို့ လိုတယ်။ ဝမ်းနည်းရမယ့် အချက် မဟုတ်ဘူး။ သွက်ချာပါဒလိုက် ရပ်ဆိုင်းသွားပြီ ဖြစ်တဲ့ ဗျူရိုကရေစီကို တကျော့ပြန် အသက်မဝင်နိုင်အောင် လူထု ဒီမိုကရေစီနဲ့ အစားထိုးရမယ်။ လူထုကို သတ်ချင်တိုင်း သတ်နေနိုင်တဲ့ စစ်တပ်၊ ရဲတပ်ကို အမြစ်ပြတ်တဲ့အထိ သုတ်သင်ရမယ်။ Failed State လို့ ဘူမသိ ကိုးမသိ ညည်းနေရမှာ မဟုတ်ဘဲ၊ Abolish the State လို့ ဟစ်ကြွေးရမှာ ဖြစ်တယ်။

အထက်ပါ ဆောင်းပါးနှစ်ခုရဲ့ ဆိုလိုရင်းက အခုရေးပြခဲ့သလို မဟုတ်ပါဘူးကွာလို့ စောဒကတက်နိုင်တယ်။ တက်လို့ရပါတယ်။ လစ်ဘရယ်တွေအနေနဲ့ သူတို့ ပြောလိုတဲ့ နိုင်ငံတော်ဆိုတာ ဘာကို ရည်ညွှန်းသလဲ သိပ္ပံနည်းကျ ရှင်းနိုင်ဖို့တော့ လိုတယ်။ ဒါမှ ရှေ့နောက်ညီညွတ်တဲ့ Failed State ဆိုတဲ့ အဓိပ္ပါယ် ထွက်လာမှာ။ အခုတော့ သူတို့က အဲသလို မလုပ်ဘဲ ဘူးလုံးနားမထွင်း လုပ်ထားလို့ အခုလို ရှည်ရှည်ဝေးဝေး ရေးပြီး ဝေဖန်နေရတာပဲ။

သူတို့ရေးထားတဲ့ Failed State ဆိုတာ Society တခုလုံး ဝရုန်းသုန်းကားဖြစ်နေတာ၊ ပဋိပက္ခပေါင်းစုံနဲ့ ပျက်စီးခြင်း ဘူတာ ဆိုက်သွားမှာကို ပြောချင်ပုံ ရပါတယ်။ ဒါကို "State" ဆိုတဲ့ ဝေါဟာရသုံးပြီး ခွံခွံညားညား လုပ်ကာမှ စောက်တလွဲ အနက်တွေ ထွက်ကုန်တယ်။ ဒီဆောင်းပါး နှစ်ခုကို ဖတ်လိုက်ရင် နိုင်ငံတကာ အရင်းရှင် လူတန်းစား ကိုယ်စားလှယ် လစ်ဘရယ်တွေရဲ့ စိုးရိမ်ပူပန်ချက်တွေကို သွားတွေ့ရတယ်။ ဗမာပြည်မှာ အင်တိုက်အားတိုက် ဖြစ်ပွားနေတဲ့ လူထု တော်လှန်ရေးမီးတွေ ဒေသတွင်း တခြားတိုင်းပြည်တွေကို ကူးစက်သွားမှာ သူတို့ ကြောက်တယ်။ ဒီလိုသာ အာရှတိုက်တခုလုံး တော်လှန်ရေးဖြစ်သွားရင် ကမ္ဘာ့အရင်းရှင်စနစ်အဖို့ မတွေးဝံ့စရာ။

ရမ်းသမ်းစွပ်စွဲတယ် မထင်ပါနဲ့။ သူတို့ highlight လုပ်ဖော်ပြထားတဲ့ ဒီတကြောင်းကို နမူနာ ကြည့်ပါ –

"Western and Asian powers should pursue a unified approach in urging the regime to change course so as to avert a deeper crisis that would reverberate across the region"

စစ်တပ်ရဲ့ အာဏာသိမ်းမှုဟာ အုပ်စိုးသူ လူတန်းစား မျှော်လင့်ထားတာနဲ့ ဆန့်ကျင်ဘက် လူထုတော်လှန်ရေး တရပ်ကိုသာ မီးမွှေးပေးခဲ့တယ်။ အဲသလိုပဲ စစ်တပ်ရဲ့ တရစပ် သတ်ဖြတ်မှုတွေ၊ အကြမ်းဖက်မှုတွေ (Repression နည်း)ဟာ ဆန့်ကျင်ဘက် ရလဒ်ပဲ ထွက်လာတယ်။ ငြိမ်ဝပ်ပိပြားမသွားဘဲ လူထုလှုပ်ရှားမှုကို Armed Uprising အဆင့် တွန်းပို့ခဲ့တယ်။ ဒီလိုသာ စစ်ခွေးတွေ ဆက်မိုက်နေရင် ဗမာပြည် နွေဦး တော်လှန်ရေးကနေ အာရှတိုက်တခုလုံး တော်လှန်ရေး ဖြစ်ကုန်မှ ခက်ရချည်ရဲ့။ နဂိုကတည်းက ကိုဗစ်–၁၉ မီးမွှေးထားလို့ ကမ္ဘာ့ အရင်းရှင်စနစ် ကပ်သင့်နေပြီးသား၊ ဟောင်ကောင် လူထုလှုပ်ရှားမှု၊ ထိုင်း လူထုလှုပ်ရှားမှု၊ အိန္ဒိယ လယ်သမား၊ အလုပ်သမား အထွေထွေ သပိတ်တွေလည်း ရှိနှင့်ပြီးသား။ ဒီလို အခြေအနေမှာ မီးပွားလေး သွားကျရင် အာရှတိုက်တခုလုံး တော်လှန်ရေး မီးတဟုန်းဟုန်း တောက်နိုင်မှန်း လစ်ဘရယ်တွေ သိတာပေါ့။ တူနီးရှားက လူငယ်တဦး သူ့ကိုယ်သူ မီးရှို့သတ်သေတဲ့ အဖြစ်ကနေ အာရပ်ကမ္ဘာတခုလုံး တော်လှန်ရေး မီးဟုန်းဟုန်း တောက်ခဲ့တာ ဆယ်စုနှစ်တခုပဲ ရှိသေးတယ် မဟုတ်လား။ ကမ္ဘာ့အရင်းရှင် လူတန်းစား ဘယ်မေ့နိုင်လိမ့်မလဲ။

ဒီတော့ စစ်အုပ်စု လုပ်ပုံကိုင်ပုံနဲ့ဆိုရင် အကုန် ဒုက္ခများကုန်မယ်။ ဒါ့ကြောင့် အနောက် အရင်းရှင်လူတန်းစားက စစ်အုပ်စု တိုက်ရိုက်အုပ်ချုပ်တာကို မလိုလားဘူး။ ဒါပေမယ့် "နိုင်ငံတော်" တခုလုံး တော်လှန်ရေးနည်းနဲ့ ဖြိုဖျက်ခံရမှာလည်း စိုးရိမ်တယ်။ လူထုတရပ်လုံးက လက်နက်တပ်ဆင်ပြီး နိုင်ငံတော်အဟောင်းကို ဖြိုဖျက်ပစ်တဲ့အထိ မသွားစေချင်ဘူး။ နိုင်ငံတော်အဟောင်းကို Restore လုပ်မယ်၊ ဒီမိုကရေစီ မျက်နှာဖုံးလေးနဲ့ လစ်ဘရယ် အစိုးရ တရပ် မင်းလုပ် အုပ်ချုပ်ရမယ်၊ ဒါမှ လူထုအုံကြွမှုတွေ ပြန်ငြိမ်သွားနိုင်မယ်။ အဲသလို မဟုတ်ဘဲ၊ လူထုတရပ်လုံးက လက်နက်တပ်ဆင်ပြီး Armed Uprising ဆင်နွှဲမယ်၊ ရှိပြီးသား လူမျိုးစု လက်နက်ကိုင် အဖွဲ့တွေကလည်း စစ်အုပ်စုကို ဆက်တိုက်မယ် ဆိုတဲ့ လမ်းကြောင်းကို ကမ္ဘာ့အရင်းရှင် လူတန်းစား မလိုလားဘူး။ ဒါကို ထင်ဟပ်စေတဲ့ စာကြောင်းကို Highlight လုပ်ဖော်ပြထားတာ ဖတ်ရလိမ့်မယ် –

"The fast–deteriorating situation represents a significant diplomatic and security challenge for the region"

**တရုတ် အုပ်စိုးသူ လူတန်းစားကော၊ အနောက်က အုပ်စိုးသူ လူတန်းစားတွေကော ဘုံလိုလားတဲ့ အချက်က ဒေသတွင်း တည်ငြိမ်မှုပဲ** ဆိုတာ အထင်အရှား တွေ့နိုင်တယ်။ ကမ္ဘာ့အရင်းရှင် လူတန်းစားတွေ၊ အစိုးရတွေ လိုလားတဲ့ တည်ငြိမ်မှုဆိုတာ အုပ်စိုးခံတွေက နဂိုအတိုင်း သွေးစုပ်ခံ ဘဝမှာပဲ ငြိမ်ငြိမ်လေးနေတဲ့ အခြေအနေ၊ မအလ အာဏာမသိမ်းခင် ဖေဖော်ဝါရီ (၁) ရက်မတိုင်ခင်ကလို ငြိမ်ငြိမ်ကလေး နေတဲ့ အခြေအနေပဲ။ ဒါမှ သူတို့ရဲ့ ကမ္ဘာ့အရင်းရှင် စနစ်အတွင်းမှာ ဗမာလို လုပ်အားခ ဈေးပေါလွန်းပြီး ကုန်ကြမ်းသာ ရောင်းစားနိုင်လို့ Foreign Investment ကို ထိုင်စောင့်နေရတဲ့ တိုင်းပြည်လေးတွေကို စီးပွားရေးအရ ဆက်သွေးစုပ်လို့ ရမယ်မဟုတ်လား။

အခုလိုတွေဖြစ်ကုန်တော့ ၉၀ခုနှစ်တွေနောက်ပိုင်း တင်သွင်းလာတဲ့ Liberalisation ပရိဂရမ်ကြီး ပျက်စီးသွားခဲ့ပြီ၊ ဒါကို ကမ္ဘာ့အရင်းရှင် လူတန်းစား ကိုယ်စားလှယ်တွေက အခုလို ညည်းပြတယ် –

“but which had seen strong growth over the last decade of liberalization, with the country’s poverty rate halved between 2005 and 2017. The result will likely be millions of people falling back into poverty”

စစ်အာဏာသိမ်းမှု နောက်ပိုင်း စီးပွားရေး အကြပ်အတည်း ပိုဆိုးလာတာ ငြင်းစရာ မရှိပါ။ ရှေ့လျှောက် ပိုမွဲကြဦးမယ့် အလားအလာ ရှိတာလည်း အမှန်ပါပဲ။ ဒါပေမယ့် သန်းရွှေလက်ထက်၊ သိန်းစိန်လက်ထက်၊ အောင်ဆန်းစုကြည် လက်ထက်တို့မှာ (သူတို့အခေါ် liberali–zation) ခရိုနီတွေမွေး၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ခေါ်လိုက်လို့ ဆင်းရဲမွဲတေမှုတွေ တဝက်လျော့ကျခဲ့တယ် ဆိုတာက အရင်းရှင် ကိုယ်စားလှယ်တွေရဲ့ ဂျင်းသက်သက်ပဲ။ အလုပ်သမား လူတန်းစားဟာ မသေရုံတမယ် လုပ်ခလေးနဲ့ အသက်ဆက်နေရတာပါ။ လယ်သမားထုက အကြွေးလည်ပင်း နစ်နေပြီ။ ဘယ်နားများ ဆင်းရဲမွဲတေမှုတွေ လျော့ပါးသွားသလဲ။ ဒါလား Liberalisation ကြောင့် ရလာတဲ့ အသီးအပွင့်တွေ။ လက်တဆုပ်စာ ကပ်ပါးလူတန်းစားက လူ့အဖွဲ့အစည်း စီးပွားရေးဘဝတခုလုံး ခြယ်လှယ်နေခြင်းကို အပြီးတိုင် ဖယ်ရှားပစ်ရေးပဲ လုပ်ရမယ်၊ လစ်ဘရယ်လိုင်ဇေးရှင်း ပြန်လုပ်ရမှာ မဟုတ်ဘူး။

ဒီစိုးရိမ်ပူပန်မှုတွေနဲ့ လစ်ဘရယ် မီဒီယာတွေ အဆိုပြုလိုက်တာတွေက မဲပြာပုဆိုး နည်းဟောင်းတွေပါပဲ။ အာရှနဲ့ အနောက်နိုင်ငံ အစိုးရတွေပေါင်းပြီး စစ်အုပ်စုကို ပစ်မှတ်ထား ပိတ်ဆို့အရေးယူဖို့၊ လက်နက်တင်ပို့မှုတွေ ရပ်ဆိုင်းထားဖို့ အဆိုပြုတယ်။ **စစ်အုပ်စုပိုင် စီးပွားရေးတွေကို ပစ်မှတ်ထား အရေးယူခဲ့တာတွေ အများကြီး ရှိခဲ့ပြီးသားပါ။ ဒီနည်းသာ ထိရောက်ရင် ဗမာလူထု စစ်ဖိနပ်အောက်က လွတ်တာ ကြာပါပြီ။ စစ်အုပ်စုပိုင် စီးပွားရေး လုပ်ငန်းစုတွေအားလုံး လူ့အဖွဲ့အစည်းပိုင် သိမ်းယူရေးကျ ဘာလို့ မပြောသလဲ။ လစ်ဘရယ်တွေဆိုတာ ပုဂ္ဂလိက ပိုင်ဆိုင်မှုကို အသက်တမျှ ကိုးကွယ်တယ် မဟုတ်ပါလား။** လက်နက်တင်ပို့မှုတွေ ပိတ်လိုက်တော့ကော ဘာအရေးလဲ၊ ရပ်ရှားနဲ့ တရုတ်ရှိရင် စစ်အုပ်စု သက်ဆိုးရှည်နိုင်တာပဲ။ ပြည်တွင်းမှာလည်း စစ်အုပ်စုပိုင် လက်နက်ပစ္စည်း စက်ရုံတွေ ရှိနေတယ်။ **လက်နက်တင်ပို့မှုတွေ တကယ် ရပ်ဆိုင်းသွားအောင် လုပ်နိုင်တာ ကမ္ဘာ့ အလုပ်သမား လူတန်းစား သွေးစည်းမှုပဲ ရှိတယ်။ ဗမာ စစ်အုပ်စုဆီ လက်နက်တွေ မတင်ပို့နိုင်အောင် သက်ဆိုင်ရာ တိုင်းပြည်တွေက အလုပ်သမားတွေ သပိတ်မှောက် ဆန့်ကျင်မှ အထမြောက်နိုင်တယ်။** မာ့(က်စ်)ဝါဒီတွေ ပြောတဲ့ အင်တာနေရှင်နယ်ဝါဒဆိုတာ အဲဒါပဲ။ **ကမ္ဘာ့အရင်းရှင် အစိုးရတွေကို သွားအားကိုးလို့ မရဘူး။ ပြည်တွင်းက စစ်လက်နက် စက်ရုံ အလုပ်သမားတွေ သပိတ်မှောက်ရေးဟာ အရင်းရှင်အစိုးရတွေဆီ လက်နက်တင်ပို့မှု ရပ်ဆိုင်းပါ ပြောတာထက် အဆပေါင်းများစွာ ထိရောက်တယ်**။ ကမ္ဘာ့အရင်း ရှင် လူတန်းစားက Profit ရရေး ကြည့်မှာပဲ။ လူ့အသက်ကိုသာ ရှေ့တန်းတင်ရင် ဒီအရင်ကတည်းက လူသတ်လက်နက်တွေ ထုတ်ရောင်းနေမှာ မဟုတ်ဘူး။ လူသတ်လက်နက်အပါအဝင် ကမ္ဘာ့တဝန်းက ကုန်ထုတ်လုပ်ငန်းတွေ၊ ဖြန့်ဖြူးမှုတွေကို တကယ် ရပ်ဆိုင်းသွားအောင် လုပ်နိုင်တာ ကမ္ဘာ့အလုပ်သမား လူတန်းစားပဲ ရှိတယ်။ အရင်းရှင် အစိုးရတွေဆီသွားပြီး စာနာမှုတောင်းနေလို့ မရဘူး။ ဒါ့ကြောင့် Workers of the World, Unite လို့ မာ့(က်စ်)ဝါဒီတွေက လက်တွေ့ကျကျ ပြောတာပဲ။

The Economist မက်ဂဇင်းရဲ့ မဟာ အကြံပြုချက်ကြီးကိုသာ ကျဆုံးသွားတဲ့ အာဇာနည်တွေ ကြားရင် ဘယ့်လောက် နာကျည်းလိုက်မလဲ –

“Only concerted pressure can get the generals to talk to the civilians and thereby put Myanmar onto a less ruinous path. The alternative is a failed state at the heart of Asia”

စစ်အုပ်စုကို ဝိုင်းဖိအားပေးကြ၊ ဒါမှ အရပ်သားတွေ (CRPH တဖြစ်လဲ NUG) နဲ့ စကားပြောလိမ့်မယ်တဲ့။ **စစ်အာဏာရှင်စနစ် အမြစ်ဖြုတ်မယ့် လူထု တော်လှန်ရေးတရပ်ကို စစ်အုပ်စုကို ဖိအားပေးပြီး စကားဝိုင်းထိုင် ဈေးဆစ်ခိုင်းတာလောက် စော်ကားဖျက်စီးတာ မရှိဘူး။ ဒီလို စစ်အုပ်စုနဲ့ စကားဝိုင်းထိုင် အဖြေရှာမှ လူထု အထိမနာမှာဆိုတဲ့ “ရင်ကြားစေ့လမ်း” ဘယ်ဘူတာ ဆိုက်ခဲ့သလဲ။** (မင်းဇင်တို့ ISP က လုပ်တဲ့ ဆင်ပိုစီယမ်တခုမှာ) စစ်တပ်အခါတော်ပေး ကျော်ဝင်းက လူထု လမ်းပေါ်ထွက်လာရင် People Funeral ဖြစ်သွားမယ် ခြိမ်း

ခြောက်ခဲ့သလို၊ စစ်အုပ်စုနဲ့သာ စကားဝိုင်းမထိုင်ရင် ဗမာပြည်ဟာ ကျရှုံးနိုင်ငံတော်တခု ဖြစ်သွားမယ်လို့ 'The Economist' က ဆောင်းပါး အဆုံးသတ်မှာ ခြိမ်းခြောက်ထားတယ်။



ပြည်တွင်းပြည်ပက လစ်ဘရယ်တွေဟာ အသေခံတိုက်နေတဲ့ လူထုကို စစ်အုပ်စုနဲ့ ဈေးဆစ်ရာမှာ အသုံးပြုတဲ့ **Bargaining chips** လောက် သဘောထားနေတယ်။

# CRPH မှာ ဒါတွေ လုပ်ရမယ့် တာဝန်ရှိတယ်

- **ကိုလွမ်းဝေ**

**အခု ဖြစ်နေတာ တော်လှန်ရေး၊ လူတန်းစား တိုက်ပွဲရဲ့ အမြင့်ဆုံးအဆင့်။ တော်လှန်ရေးမှာ အနိုင်/အရှုံး ဆုံးဖြတ်ပေးတာ "legitimacy"တွေ၊ "mandate"တွေ မဟုတ်ဘူး၊ တကယ့် မြေပြင်က living forces အချိုးအစားပဲ။ ကိုယ့်မှာ ဘယ်လောက် အင်အားရှိသလဲ ရဲရဲရင့်ရင့် ပိုင်းခြားသုံးသပ်ဖို့ လိုတယ်။ "legitimacy"တွေ၊ "mandate"တွေကိုင်ပြီး စစ်အာဏာရှင်တွေကို သွားတိုက်လို့ရမယ် ထင်သလား။**

CRPH က ဖက်ဒရယ်တပ်မတော်ဖွဲ့ဖို့ တိုင်းသိပြည်သိ ကမ္ဘာသိ အလျှုခံထားတယ်။ မနည်းလှတဲ့ ငွေတွေ ရပြီးသား။ ဒါပေမယ့် ဖက်ဒရယ် တပ်မတော်ဖွဲ့ဖို့ ဘာတွေလုပ်နေသလဲ၊ ဘယ်လောက် ခရီးရောက်နေသလဲ လူထုက မသိရဘူး။ CRPH က ကြေညာထားတဲ့ ပဋိညာဉ်ထဲမှာ လည်း ဖက်ဒရယ် တပ်မတော် ကိစ္စပါမလာ။ ပဋိညာဉ်ထဲမှာ ကြေညာထားတဲ့ ဧပြီလ ပထမပတ်အတွင်း ဖွဲ့စည်းမယ့် အမျိုးသား ညီညွတ် ရေး အစိုးရ ဆိုတာလည်း ဘယ်ဆီမှန်း မသိရဘူး။ တိုက်ပွဲဝင် လူထုကတော့ သေလှပြီ။ [ဒီဆောင်းပါးကို ရေးစဉ်က NUG မပေါ်သေး၊ အယ်ဒီတာ မှတ်ချက်]

CRPH က စစ်အုပ်စု ရေးဆွဲထားတဲ့ ၂၀၀၈ ခြေဥအရ ပေါ်ထွက်လာတဲ့ ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်ထားပြီး mandate ရ အင်အားစု တခုအနေနဲ့ လူထုရဲ့ ထောက်ခံမှုကို ဆွဲယူထားတယ်။ ဒါတွေကို အကျယ်ချဲ့ မပြောလိုပါ။ လူထုထောက်ခံမှု ရထားတယ်၊ ငါတို့ကသာ တရားဝင်မှု ရထားတယ် ဆိုတဲ့ ဂုဏ်ပုဒ်ကလေးကို သာယာနေရင် ၉၀ ရွေးကောက်ပွဲအပြီး ပေါ်လာတဲ့ ဦးစိန်ဝင်း ပြည်ပြေးအစိုးရလိုပဲ ဖြစ်မယ်။ စစ်အုပ်စုကတော့ ဖြုံမှာ မဟုတ်ဘူး။

ဘူဇွာဒီမိုကရေစီ အထိုင်ကျနေတဲ့ တိုင်းပြည်တခုမှာလို ငါတို့က ရွေးကောက်ပွဲ နိုင်ထားတယ်၊ ငါတို့ကသာ တရားဝင်တယ်၊ ငါတို့ကို လူ တွေက ထောက်ခံကြောင်း ပြနေတာပဲ၊ ငါတို့ကို အစိုးရဖွဲ့ခွင့် ပေးကိုပေးရမယ် စိတ်ကူးယဉ်နေလို့ မရဘူး။ အခု ဖြစ်နေတာ တော်လှန် ရေး၊ လူတန်းစား တိုက်ပွဲရဲ့ အမြင့်ဆုံးအဆင့်။ **တော်လှန်ရေးမှာ အနိုင်/အရှုံး ဆုံးဖြတ်ပေးတာ "legitimacy"တွေ၊ "mandate"တွေ မ ဟုတ်ဘူး၊ တကယ့် မြေပြင်က living forces အချိုးအစားပဲ။** ကိုယ့်မှာ ဘယ်လောက် အင်အားရှိသလဲ ရဲရဲရင့်ရင့် ပိုင်းခြားသုံးသပ်ဖို့ လို

တယ်။ “legitimacy”တွေ၊ “mandate”တွေကိုင်ပြီး စစ်အာဏာရှူးတွေကို သွားတိုက်လို့ရမယ် ထင်သလား။ ဒီတော့ ဘဝင်ရူးပြီး အထာမကိုင်နဲ့။

တော်လှန်ရေးအတွင်းမှာ အချိန်ဆိုတာ သေရေး ရှင်ရေးပဲ။ လူထုက အမြဲတမ်း အုံကြွမနေနိုင်ဘူး။ လနဲ့ချီ တောင့်ခံနိုင်ရင် တော်တော်ပြင်းထန်လို့ပဲ။ CDM လုပ်နေတဲ့ ဝန်ထမ်းတွေက အမြဲ လုပ်နေနိုင်မှာ မဟုတ်သလို သပိတ်မှောက်နေတဲ့ အလုပ်သမားကလည်း စားစရာမရှိတော့ရင် သပိတ်ဆက်မှောက်ဖို့ မလွယ်ဘူး။ လယ်သမားကလည်း မိုးကျရင် လယ်ထဲယာထဲ ပြန်ဆင်းရမယ်၊ မဆင်းရင် တပြည်လုံးငတ်မှာပဲ။ အချိန်ပြည့် လမ်းပေါ်ထွက် တိုက်မနေနိုင်ဘူး။ ရှစ်လေးလုံး အရေးတော်ပုံအပြီး အခုလို တော်လှန်ရေးဖြစ်ဖို့ နှစ်ပေါင်း (၃၀) ကျော် စောင့်ခဲ့ရတယ်။ ဒီလို သမိုင်းဖြစ်စဉ်ရဲ့ အဆုံးအဖြတ်ကာလ (decisive moment) ကို အချိန်ဖြုန်းရင်း အလဟဿ အဖြစ်ခံလို့ မရဘူး။ ဒါ့ကြောင့် CRPH အနေနဲ့ ကိုယ့်အခြေအနေ ကိုယ်သိရင် “ကုလမှာ ဘယ်လို စကားပြောနေပါတယ်၊ အိုင်စီဂျေ တင်နိုင်အောင် ဘာတွေလုပ်နေပါတယ်” ဆိုတဲ့ ကယ်တင်ရှင် “ဂျင်း”တွေနဲ့ လူထုကို မဖြားယောင်းနဲ့။ တကယ့် မြေပြင်က living forces ကို စုစည်းပြင်ဆင်ဖို့ အမြန်ဆုံးလုပ်ရမယ်။

အခုချိန်က ဖေဖော်ဝါရီလတုန်းကလို အေးအေးချမ်းချမ်း ဆန္ဒပြတဲ့နည်း၊ အာဏာဖီဆန်တဲ့ နည်းတွေနဲ့ တိုက်လို့ရတဲ့ အချိန် မဟုတ်တော့ဘူး။ လူထုဘက်က တာဝန်ကျေတာထက် ပိုခဲ့ပြီ။ အသက်တွေလည်း အမြောက်အမြား စတေးခဲ့ရပြီ။ စစ်အာဏာရှင်စနစ်ကို နည်းပေါင်းစုံနဲ့ တိုက်ခဲ့ပြီးလို့ အခုဆိုရင် ရရာလက်နက်ဆွဲကိုင်ပြီး စစ်ခွေးတွေကို ပြန်ချနေကြရတယ်။ နွေဦးတော်လှန်ရေးဟာ Armed Uprising အဆင့်ကို ရောက်ရှိခဲ့ပြီ။ **ဒီလိုအခြေအနေမှာ CRPH အနေနဲ့ အချိန်ဖြုန်းနေရင် သမိုင်းတရားခံ ဖြစ်မှာပဲ၊** ဒီတော့ –

(၁)အများသူငါ ပြောနေတဲ့ ဖက်ဒရယ် တပ်မတော်တခုကို ပီပီပြင်ပြင်ဖွဲ့နိုင်အောင် အမြန်ဆုံးလုပ်ပါ။ ဘဝင်ကိုင်ပြီး အချိန်မဖြုန်းပါနဲ့။ စစ်အုပ်စု တလက်ကိုင် စစ်တပ်၊ ရဲတပ်ကို အမြစ်ဖြတ် တိုက်နိုင်ရေး ပထမ ဖြစ်ရမယ်။ အောင်ပွဲက ဘယ်ဆီမှန်း မသိသေးဘူး၊ ဝေစုကြီးကြီး ငါတို့ကပဲ ယူထားမယ်ဆိုတဲ့ စောက်ချိုးတွေနဲ့ လုပ်နေရင် ဖက်ဒရယ် တပ်မတော်ဆိုတာ ပေါ်လာဖို့ အဝေးကြီး။

(၂)အမြဲတမ်းစစ်တပ်၊ ရဲတပ်ကို restore လုပ်ဖို့ မစဉ်းစားလေနဲ့။ အမြဲတမ်း စစ်တပ်၊ ရဲတပ်ကို အမြစ်ဖြတ်ပြီး Armed People နဲ့ အစားထိုးဖို့ကို အင်တိုက်အားတိုက် လုပ်ရမယ်။ “အဖိနှိပ်ခံ လူထုတရပ်လုံး လက်နက် တပ်ဆင်ရေး” လုပ်ငန်းစဉ်ကို တင်ပြတဲ့အခါ လက်တွေ့မကျဘူးလို့ စောဒကတက်နိုင်တယ်။ တကယ် အကောင်အထည်ဖော်လို့ ရပါတယ်။ တကယ် လုပ်ဖို့ပဲ လိုတာပါ။ လက်ငင်းရှိပြီးသား လူမျိုးစု လက်နက်ကိုင် အဖွဲ့တွေကို အခြေခံပြီး ဖက်ဒရယ် တပ်မတော်တခု ပီပီပြင်ပြင် ဖြစ်လာအောင် အကောင်အထည် ဖော်ရမယ်၊ ဒါကို အမြဲတမ်း စစ်တပ်အဖြစ် အသွင်ပြောင်းမယ် စိတ်ကူးနေလို့ Armed People ကို လက်တွေ့မကျဘူး ထင်ကြတာပါ။ တကယ်က ဖက်ဒရယ် တပ်မတော် ပီပီပြင်ပြင်ဖြစ်အောင် စုစည်းမိရင် အဖိနှိပ်ခံ အလုပ်သမား၊ လယ်သမားထုကို စစ်ပညာ လေ့ကျင့်ပေးတာ၊ လက်နက်တပ်ဆင်ပေးတာ မခက်တော့ဘူး။ အခုကို အဖိနှိပ်ခံ လူထုရဲ့ ရင်သွေး လူငယ်တွေဟာ ဖက်ဒရယ် တပ်မတော် ပေါ်လာရင် ဝင်အားဖြည့်ဖို့ အားခဲနေတာ လက်တွေ့ပဲ မဟုတ်လား။ ဒါ့ကြောင့် လက်တလောအနေနဲ့ ဖက်ဒရယ် တပ်မတော်ဖြစ်အောင် အမြန်အကောင်အထည်ဖော်၊ ဒုတိယအဆင့် လူထုတရပ်လုံး လက်နက်တပ်ဆင်ရေး၊ အမြဲတမ်း စစ်တပ် ရဲတပ်နေရာမှာ Armed People နဲ့ အစားထိုးရေး ဆက်လုပ်။

(၃)ကလေး၊ တမူး၊ ဂန့်ဂေါ၊ ယင်းမာပင်၊ တန့်ဆည်၊ ပင်လည်ဘူး စတဲ့ မြို့လေးတွေမှာ လူထုက ရရာ လက်နက်ဆွဲကိုင်ပြီး စစ်ခွေးတွေကို ပြန်ဆော်နေရပြီ။ လူထုတိုက်ပွဲက Armed Uprising အဆင့်ကို ရောက်သွားပြီ။ ရန်သူကလည်း ဒီမြို့တွေကို အလုံးအရင်းနဲ့ ပစ်သတ်နေတယ်။ **CRPH က ဘာလုပ်နေသလဲ။ ဘာမှ မလုပ်ဘူး။ လူထုက သူ့ဘာသာ တိုက်စရာရှိတိုက်၊ သေစရာရှိ သေနေရတာပဲ။** CRPH က ဘာမှ မလုပ်တာ မလုပ်နိုင်လို့လား။ လုပ်ရဲရင် လုပ်နိုင်တာတွေ အများကြီး။ CRPH အနေနဲ့ ရရာလက်နက်ဆွဲကိုင် တိုက်နေရတဲ့ လူထုကို ခေတ်မီ လက်နက်တွေ တပ်ဆင်ပေးနိုင်တဲ့ ငွေရှိတယ်၊ နိုင်ငံတကာ ဆက်ဆံရေးရှိတယ်၊ လူမျိုးစု လက်နက်ကိုင်တွေနဲ့ ဆက်ဆံရေးရှိတယ်။ ဒါပေမယ့် ဘာမှ ဖြစ်မလာဘူး။ လူထုက တူမီးကို အကောင်းဆုံးလောက် သဘောထားပြီး တိုက်နေရတယ်။

ဒီလို လက်နက်တပ်ဆင်ရေးမှာ တာဝန်ယူ ဦးဆောင်ပေးလို့ ရတယ်။ ဒါပေမယ့် ဒီဒေသတွေက အမာခံ လူငယ်တွေကို သင်တန်းခေါ်ပေး မယ် လုပ်တယ်၊ သင်တန်းခေါ်ပေးပြီး လက်နက် တပ်ဆင်ပေးနိုင်မလား ဆိုတော့ အာမ,မခံနိုင်ဘူး။ လက်ဗလာချည်း ပြန်လွှတ်မယ်။ ဒါဆိုရင် သင်တန်းသွားတက်တဲ့ လူငယ်တွေကို စစ်တပ်က ပစ်မှတ်ထား သတ်လို့ရအောင် စာရင်းထုတ်ပေးတာနဲ့ ဘာထူးမလဲ။ နယ် ဘက်တွေမှာ ဘယ်သူတွေက အမာခံ၊ ဘယ်သူတွေက တက်ကြွတဲ့ လူငယ်တွေဆိုတာ ရန်သူ့ဘက်က သတိထားမိတာချည်း။ ဒီလိုလူ တွေကို သင်တန်းသွားတက်ခိုင်းလို့ ပျောက်သွားရင် သတိထားမိမယ်။ ပြန်လာတဲ့အခါ လက်ဗလာဆိုရင် နားကားပြီ။

ဒီမတိုင်ခင်က CRPH ရဲ့ စာရွက်ပေါ် တည်ဆောက်ထားတဲ့ ပြည်သူ့အုပ်ချုပ်ရေး အစီအစဉ်ဆိုတာ ရှိတယ် မဟုတ်လား။ ဒီအစီအစဉ်အရ "ပအဖ"တွေပေါ်လာတယ်။ ပအဖ စာရင်းတွေ ထွက်လာတယ်။ "ပအဖ"တွေမှာ ကာကွယ်ရေးအဖွဲ့တွေ ရှိမနေဘူး။ စစ်တပ်က ပအဖ စာရင်းပေါက်သူတွေ ဖမ်းသတ်တယ်။ ဒီတော့ ကာကွယ်ရေး အဖွဲ့တွေ စနစ်တကျ မတည်ဆောက်ဘဲ ပအဖတွေ ထကြေညာတာ လာ သတ်လို့ ရအောင် စာရင်းပေးလိုက်သလို ဖြစ်ခဲ့တယ်။ **အခုလည်း မြေပြင်မှာ တကယ်တိုက်နေတဲ့ လူငယ်တွေကို လက်နက်တပ်ဆင်ပေး ဖို့ တာဝန်မယူဘဲ သင် တန်းပဲ ခေါ်ပေးမယ်၊ လက်ဗလာနဲ့ ပြန်လွှတ်မယ်ဆိုရင် အသတ်ခံရဖို့ စာရင်းပေးလိုက်တာနဲ့ ဘာခြားမလဲ။**

(၄)သင်တန်းပေးချင်ရင် စစ်ရေးအတွေ့အကြုံရှိတဲ့ ရဲဘော်တွေကို နယ်အလိုက် တာဝန်ခွဲပြီး သူ့ဒေသမှာပဲ လျှို့ဝှက် လုပ်လို့ရပါတယ်၊ တပြိုင်တည်းမှာပဲ လက်နက်တပ်ဆင်ဖို့ လုပ်ရမယ်။ မြို့ပေါ်မှာ၊ ကျေးလက်မှာ လူငယ်တွေက သူတို့ဘာသာ ကာကွယ်ရေးအစုတွေ ဖွဲ့ ပြီးသား ရှိပါတယ်။ **ဒီလို ရှိပြီးသား အဖွဲ့လေးတွေကို ချိတ်ဆက်ပြီး စနစ်တကျ စုစည်းတိုက်နိုင်ဖို့ရာ မြို့နယ်အလိုက် "Combat Committee" တွေ တာဝန်ယူဖွဲ့ထားဖို့ လိုတယ်။** သက်ဆိုင်ရာ မြို့နယ်အတွင်းမှာ ရှိပြီးသား ကာကွယ်ရေး အစုလေးတွေကို **မြို့နယ်တခု လုံး စုစည်းမိဖို့ တာဝန်ယူရမယ်။** ဒီကော်မတီတွေက **ကာကွယ်ရေး အစုတွေကို စစ်ပညာသင်ပေးတာ၊ လက်နက်တပ်ဆင်တာ၊ သဘော တရားရေး ဦးဆောင်မှုပေးတာ၊ သတင်းထောက်လှမ်းရေး၊ သတင်းဖြန့်ချိရေးတွေ တာဝန်ယူတာ** စသဖြင့် လုပ်ဖို့လိုတယ်။

ဒီလိုသာ မြို့နယ်အလိုက် စနစ်တကျ စုစည်းပြင်ဆင်ထားရင် မြို့နယ်တခုနဲ့တခု တပ်ကူလွှတ်ဖို့ မခက်တော့ဘူး။ အခုဖြစ်နေတာက မြို့ ငယ်လေးတွေမှာ။ မြို့လေးတွေဆိုရင် စစ်တပ်က အလုံးအရင်း ဝင်ချေမှုန်းတဲ့အခါ လက်နက်ချင်းမမျှလို့ လူထုဘက်က အထိနာရတယ်။ "Combat Committee" တွေဖွဲ့စည်းပြီး ကိုယ့်မြို့နယ်အတွင်းက "contingent group"တွေကို စနစ်တကျ လက်နက်တပ်ဆင်၊ စုစည်း ပြင်ဆင်ထားမယ်ဆိုရင် တခြားမြို့နယ်တခု နဲ့ ပူးပေါင်းချိတ်ဆက်ရေးလည်း လွယ်ကူသွားမယ်။ မုံရွာကို စစ်တပ်အလုံးအရင်းနဲ့ ဝင်လာ ရင် စစ်ကိုင်းဘက်က "Combat Committee" က တာဝန်ယူပြီး အရေးတော်ပုံ တပ်သားတွေ စစ်ကူလွှတ်ပေးလို့ ရတယ်။ ဒီလိုသာ လုပ် နိုင်ရင် စစ်ခွေးတွေကို မနိုင်စရာ အကြောင်းမရှိဘူး။

CRPH အနေနဲ့ စစ်အာဏာရှင်စနစ်ကို လေနဲ့တိုက်တာ မဟုတ်ဘူး၊ မြေပြင်မှာ တကယ်တိုက်မယ်လို့ ဆုံးဖြတ်ထားရင် အခုတင်ပြခဲ့တာ တွေကို အချိန်မဖြုန်းဘဲ မြန်မြန်လုပ်ဖို့ လိုတယ်။ အဲလို မဟုတ်ဘူး၊ လေနဲ့ပဲ တိုက်မယ်၊ နိုင်ရင်တော့ အစိုးရတက်လုပ်မယ်၊ ရှုံးရင် ပြည်ပ ပြေးပြီး exile ဘဝနဲ့ နာမည်ကောင်းယူ၊ ပရောဂျက်ရှာ ဒေါ်လာ စားမယ်ဆိုရင်တော့ ဒါတွေ လုပ်နေဖို့ မလိုပါဘူး။

စာရွက်ပေါ်က ကြေညာချက်တွေထက် မြေပြင်က လက်တွေ့လုပ်ရပ်တွေကို အခြေခံပြီး အကဲဖြတ်ကြဖို့ အချိန်တန်ပြီ။

# သမိုင်းသင်ခန်းစာ

- **ကိုတင်ဦး**



တော်လှန်ရေးအားလုံး အထူးသဖြင့် နှစ်ဆယ်ရာစုမှာဖြစ်ပွားခဲ့တဲ့ ရုပ်ရှားတော်လှန်ရေး သုံးခုစလုံးက အတည်ပြုပေးခဲ့သော တော်လှန်ရေးရဲ့ အခြေခံနိယာမကို အခုလို ဖော်ထုတ်နိုင်တယ် – "တော်လှန်ရေးတခုဖြစ်ဖို့ ခေါ်းစုပ်ခံ၊ အဖိနှိပ်ခံ လူထုက နဂိုပုံစံအတိုင်း ဆက်သွားဖို့ မဖြစ်နိုင်တော့ဘူးလို့ သဘောပေါက်ပြီး၊ အပြောင်းအလဲကို တောင်းဆိုလာရုံနဲ့ မလုံလောက်သေးဘူး။ သွေးစုပ်သူတွေဘက်ကလည်း နဂိုပုံစံအတိုင်း ဆက်သွားလို့မရမှ၊ အရင် နည်းဟောင်းအတိုင်း ဆက်အုပ်စိုးလို့ မရမှ တော်လှန်ရေးတရပ် ဖြစ်နိုင်တယ်။" "အုပ်စိုးခံ လူတန်းစားတွေ" က နဂိုပုံစံအတိုင်း ဆက်မသွားလိုတဲ့အခါ၊ "အုပ်စိုးသူ လူတန်းစားတွေ" က နဂိုပုံစံအတိုင်း ဆက်မသွားနိုင်တော့တဲ့ အခါမှသာ တော်လှန်ရေး အောင်ပွဲခံနိုင်တယ်။ ဒီအမှန်တရားကို တခြားစကားလုံးတွေနဲ့ ဖော်ပြရရင် (သွေးစုပ်ခံ တွေသာမက သွေးစုပ်သူတွေကိုပါ သက်ရောက်မှုရှိတဲ့) **'တပြည်လုံးအတိုင်းအတာ အကြပ်အတည်း' မဆိုက်ဘဲ တော်လှန်ရေး မဖြစ်နိုင်ဘူး။** တော်လှန်ရေးတရပ် ဖြစ်ဖို့ဆိုရင် (၁) လုပ်သားထု (အနည်းဆုံးတော့ လူတန်းစား အသိနိုးကြားတဲ့၊ နိုင်ငံရေးအရ နိုးကြားတက်ကြွတဲ့ အလုပ်သမားအများစု)က တော်လှန်ရေးတရပ် လိုအပ်နေပြီ လို့ ကောင်းကောင်းသဘောပေါက်ထားပြီး အသေခံတိုက်ဖို့အထိ ပြင်ဆင်ထားသင့်တယ်။ (၂) အုပ်စိုးသူ လူတန်းစားဟာ အုပ်ချုပ်ရေးဆိုင်ရာ အကြပ်အတည်းတခုကို ရင်ဆိုင်နေရလိမ့်မယ်၊ ဒီအကြပ်အတည်းကြောင့် နောက်ကျ

ကျန်နေသေးတဲ့ အများစုသော လူထုကြီးကိုတောင် နိုင်ငံရေးထဲ ပါလာစေတယ်။ (စစ်မှန်တဲ့ တော်လှန်ရေးတိုင်းမှာ နိုင်ငံရေး တိုက်ပွဲဆင်နွှဲနိုင်တဲ့ အဖိနှိပ်ခံ၊ လုပ်သားထု အရွယ်အစား တဟုန်ထိုး ကြီးထွားလာတာပဲ၊ ဆယ်ဆမက အဆတရာအထိ တိုးပွားလာတတ်တယ်)။ ဒီအခါ အစိုးရကို ချိနဲ့စေတယ်၊ တော်လှန်ရေးသမားတွေအဖို့ အစိုးရကို မြန်မြန်ဆန်ဆန် ဖြိုချပစ်နိုင်မယ့် အခြေအနေ ပေးလာတယ်။

လီနင်ရေးတဲ့ "LEFT-WING" COMMUNISM—AN INFANTILE DISORDER အခန်း(၉) **"Left-Wing Communism in Great Britain"** က စာပိုဒ်တပိုဒ်ကို ဘာသာပြန်ဖော်ပြထားခြင်း ဖြစ်ပါတယ်။ အခုဖြစ်ပွားနေတဲ့ နွေဦး တော်လှန်ရေးကို ဆန်းစစ်ပြီး ရေးထားသလား အောက်မေ့ရတယ်။ [လွန်ခဲ့တဲ့ (၁၀၁)နှစ်က ရေးခဲ့တဲ့ စာအုပ် ဖြစ်ပါတယ်။] တော်လှန်ရေးတရပ် ဖြစ်ပွားဖို့ မရှိမဖြစ် လိုအပ်တဲ့ သမိုင်းရေး အခြေအနေ နှစ်ရပ်ကို ဆန်းစစ် တင်ပြခဲ့ခြင်း ဖြစ်တယ်။

လက်ရှိ ဖြစ်ပွားနေတဲ့ တော်လှန်ရေးကို ဆန်းစစ်ကြည့်မယ်ဆိုရင် ဒီသမိုင်းရေး အခြေအနေ နှစ်ရပ်လုံး ပြည့်စုံနေခဲ့တာ တွေ့ရလိမ့်မယ်။ အုပ်စိုးခံ လူတန်းစားတွေဘက်က နဂိုသွေးစုပ်ခံ၊ အဖိနှိပ်ခံ ဘဝအခြေအနေအတိုင်း ဆက်မနေနိုင်ဘူး၊ ဒါကို လယ်သမားတွေရဲ့ တိုက်ပွဲ၊ အလုပ်သမားတွေရဲ့ သပိတ်တိုက်ပွဲ၊ ကျောင်းသားတွေရဲ့ ပညာရေး လွတ်လပ်ခွင့်တိုက်ပွဲ စတဲ့စတဲ့ တိုက်ပွဲငယ်ပေါင်းစုံနဲ့ ဖော်ထုတ်ပြခဲ့တယ်။ အပြောင်းအလဲကို လိုလားလွန်းလို့ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကြွေးကြော်သံနဲ့ ရွေးကောက်ပွဲဝင်ခဲ့တဲ့ နိုင်ငံရေးပါတီကို မဲတွေထည့်ခဲ့ကြတယ်။ ဒါပေမယ့် အုပ်စိုးခံတို့ရဲ့ဘဝဟာ ဘာမှ ထူးပြီး မပြောင်းလဲခဲ့၊ သွေးစုပ်ခံရမြဲ၊ ထောင်ချခံရမြဲ။ ဒါပေမယ့် ဒီအဆင့်မှာ အပြောင်းအလဲကို နိုင်ငံရေးသမားဆိုသူတွေ၊ နိုင်ငံရေးပါတီတွေ (အထူးသဖြင့် NLD ပါတီ) က ဆောင်ကျဉ်းပေးနိုင်မယ်လို့ ထင်နေသူတွေ၊ လွှတ်တော်တွင်း လမ်းကြောင်းကနေ အပြောင်းအလဲကို ဖော်ဆောင်နိုင်လိမ့်မယ်လို့ constitutional illsuions ရှိနေသူတွေ အများကြီး ရှိခဲ့တယ်။ လူတန်းစား အသိနိုးကြားတဲ့ အလုပ်သမားတွေ၊ နိုင်ငံရေးအသိ နိုးကြားတဲ့ လူငယ်တွေက ဒီနည်းနဲ့ အပြောင်းအလဲကို မရနိုင်ဘူး၊ လူထုကိုယ်တိုင် တိုက်ယူမှ ရမယ် ပြောရင် အဆဲခံခဲ့ရတယ် မဟုတ်လား။

တော်လှန်ရေးတရပ် ဖြစ်ဖို့ မရှိမဖြစ် လိုအပ်တဲ့ ဒုတိယ သမိုင်းရေး အခြေအနေဟာလည်း ပြည့်စုံလာခဲ့တယ်။ အုပ်စိုးသူတွေဘက်မှာလည်း နဂိုပုံစံအတိုင်း ဆက်သွားဖို့ မဖြစ်နိုင်တော့ဘူး။ ဒါကို နားလည်ဖို့ဆိုရင် ဗမာ့ လူ့အဖွဲ့အစည်းကို သီးခြားခွဲကြည့်လို့ မရဘူး။ အရင်းရှင်စနစ်ဟာ ကမ္ဘာ့စနစ်ဖြစ်တယ်။ ဗိုလ်သန်းရွှေ၊ ဗိုလ်မင်းအောင်လှိုင်တို့ စစ်အုပ်စုဆိုတာ ပြည်တွင်းက အရင်းရှင်လူတန်းစား အဖွဲ့ဝင်တွေ ဖြစ်ကြတယ်။ ပြည်တွင်းက အရင်းရှင် လူတန်းစားဟာ သူ့ချည်း ရပ်တည်နေနိုင်တာ မဟုတ်ဘူး၊ ကမ္ဘာ့အရင်းရှင် နယ်ချဲ့လူတန်းစားကို မှီခိုနေရတာ။ ၂၀၀၈ စီးပွားပျက်ကပ် ပြီးကတည်းက ကမ္ဘာ့အရင်းရှင်စနစ်ဟာ ကောင်းကောင်းနားလန် ပြန်ထူမလာတော့ဘူး။ ၂၀၁၉ ကိုဗစ် ကပ်ဘေးက မီးမွှေးလိုက်ရာက ၁၉၃၀ နောက်ပိုင်း အကြီးမားဆုံး စီးပွားပျက်ကပ် ဆိုက်လာတယ်။ ကမ္ဘာ့အရင်းရှင် လူတန်းစား အကြပ်ဆိုက်တယ်။ ကမ္ဘာ့ သွေးစုပ်ခံ လူထုကြီးလည်း မရှုမလှ ခံကြရတယ်။

ဒါ့အပြင် မအလ တို့စစ်အုပ်စုဟာ အဖိနှိပ်ခံ လူနည်းစု ရိုဟင်ဂျာတွေကို လူမျိုးတုန်း သတ်ဖြတ်ခဲ့လို့ နိုင်ငံတကာ တရားရုံးမှာ စွဲချက်တင်ခံထားရတယ်။ စီးပွားရေး အကြပ်အတည်းသာမက၊ နိုင်ငံရေးအရပါ လူညွန့်တုံးမယ့် အကြပ်အတည်း ဆိုက်နေတယ်။ အုပ်စိုးသူ လူတန်းစားရဲ့ အုပ်ချုပ်ရေးဆိုင်ရာ အကြပ်အတည်းကို ဘယ်မှာ အထင်အရှား တွေ့ရသလဲဆိုရင် အာဏာမသိမ်းခင်ကတည်းက မဲရလဒ်ကို ပြဿနာရှာနေတဲ့ ကိစ္စ၊ ဒီနောက် ပေါ်ပေါ်ထင်ထင် စစ်အာဏာသိမ်းလိုက်တဲ့ ကိစ္စ။ ဒီအခါ (လီနင် စကားနဲ့ ပြောရရင်) "နောက်ကျကျန်နေသေးတဲ့ အများစုသော လူထုကြီးကိုတောင် နိုင်ငံရေးထဲ ပါလာစေတယ်။ (စစ်မှန်တဲ့ တော်လှန်ရေးတိုင်းမှာ နိုင်ငံရေး တိုက်ပွဲ ဆင်နွှဲနိုင်တဲ့ အဖိနှိပ်ခံ၊ လုပ်သားထုအရွယ်အစား တဟုန်ထိုး ကြီးထွားလာတာပဲ၊ ဆယ်ဆမက အဆတရာအထိ တိုးပွားလာတတ်တယ်)။" နိုင်ငံရေးဆိုတာ ငါတို့နဲ့မဆိုင်ဘူးလို့ ထင်နေခဲ့တဲ့ ပညာတတ် အစိုးရ ဝန်ထမ်းတွေ ကိုယ်တိုင် CDM ကို စတင်ခဲ့ကြတယ်။ အပြောင်းအလဲကို ကိုယ်တိုင်တိုက်ယူမှ ရမယ်လို့ ပြတ်ပြတ်သားသား ကောက်ချက်မဆွဲနိုင်သေးလို့ ကိုယ်လိုလားတဲ့ အပြောင်းအလဲကို "အမေစု"က ဆောင်ကျဉ်းပေးမယ် ထင်နေသေးတဲ့၊ ရွေးကောက်ပွဲဝင် လွှတ်တော်တွင်းက နိုင်ငံရေးသမားတွေက ဖော်ဆောင်ပေးမယ် ထင်နေသေး

တဲ့ သူတွေကိုယ်တိုင် လမ်းပေါ်ထွက် တိုက်လာကြတယ်။ အပြောင်းအလဲကို ဖော်ဆောင်ပေးမယ့်သူလို့ သူတို့ ထင်နေသေးသူကိုယ်တိုင် အုပ်စိုးသူ လူတန်းစား လက်ခုပ်ထဲက 'ရေ' ဖြစ်နေတာကို မြင်သွားစေတဲ့ အကြပ်အတည်း ဖြစ်တယ်။

ဒီလို သမိုင်းရေး အခြေအနေ နှစ်ရပ်လုံး ပြည့်မီလို့ ဒီတော်လှန်ရေး ဖြစ်ခဲ့တာပဲ။ မအလ က စောက်ရူးထပြီး အာဏာထသိမ်းတဲ့ ဖြစ်ရပ်သက်သက်ကြောင့် လူတွေက အသေခံ တိုက်နေတာ မဟုတ်ဘူး။ အလားတူပဲ၊ လူတွေ လမ်းပေါ်ထွက် အသေခံတိုက်နေတာက ဒီမတိုင်ခင်ကလို "အပြောင်းအလဲကို ခေါင်းဆောင်ကြီးက ဖော်ဆောင်ပေးမယ်၊ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီကြီးကို မဲထည့်လိုက်ရင် လွှတ်တော်တွင်းကနေ အပြောင်းအလဲ လုပ်ပေးနိုင်မယ်" ဆိုတဲ့ constitutional illusions/ parliamentarism ကို ပယ်ဖျက်နိုင်လို့ ဖြစ်တယ်။ ဒါဆိုရင် "ရွေးကောက်ပွဲ" အနိုင်ရထားလို့ "ဒီတော်လှန်ရေး"ရဲ့ 'mandate' ရ ပုဂ္ဂိုလ်ကြီးတွေလို့ ကိုယ့်ဘာသာ ပြောနေခြင်းဟာ ဘယ့်လောက် လူလည်ကျတဲ့ အကွက်လဲ။ **"အခုဖြစ်နေတာ တော်လှန်ရေး၊ ရွေးကောက်ပွဲ မဟုတ်ဘူး" ဆိုတာ ရှင်းဖို့လိုတယ်။ လူထုက ရွေးကောက်ပွဲနည်းနဲ့ [အပြောင်းအလဲ]*ကို ဖော်ဆောင်နိုင်မယ် ထင်ခဲ့တုန်းက နှစ်ကြိမ်ဆက်တိုက် မဲပေးခဲ့ပြီးပြီ။ မဲနိုင်ပုဂ္ဂိုလ်တွေ ဘာလုပ်နိုင်ခဲ့သလဲ။ ဘာမှ မလုပ်နိုင်ခဲ့တဲ့အပြင် သူတို့ကိုယ်တိုင် အုပ်စိုးသူလူတန်းစား ပြုသမျှ နုရတဲ့ ဘဝမှာ ထောင်ကျသူကျ၊ ပြေးသူပြေးနေရပြီ။ ဒါ့ကြောင့် အုပ်စိုးခံ လူထု ကိုယ်တိုင် နိုင်ငံရေးထဲ ဝင်ပါပြီး သမိုင်းကို ကိုယ်တိုင် ထုဆစ်နေကြတာပဲ။ အဲဒါ တော်လှန်ရေးပဲ။**

[* ဒီနေရာမှာ အပြောင်းအလဲဆိုတာ အလုပ်သမားတွေက လုပ်ခစားကျွန်ဘဝကနေ လွတ်မြောက်လိုတာ၊ လယ်သမားတွေက မြေခားမြေတိုက်ခံရတဲ့ဘဝ၊ ကြွေးနွံနစ်နေတဲ့ ဘဝကနေ လွတ်မြောက်လိုတာကို ဆိုလိုခြင်း ဖြစ်တယ်။ **လူမှုစီးပွား ဘဝတခုလုံး အမြစ်ကနေ ပြောင်းလဲပစ်ရေး လိုလားချက်ကို နိုင်ငံရေးသမား ဆိုသူတွေက ဥပဒေရေးရာ အပြောင်းအလဲအဖြစ် လျှော့ချပစ်ပြီး ခြေဥပြင်ရေး/ ဖျက်ရေး ကိစ္စအဖြစ် ပုံဖော်ပစ်လိုက်တယ်။ အခု ခြေဥကို ဖျက်လိုက်ပြီ။ လူထု ဘဝ ဘာထူးသွားလဲ။ "စစ်ခြေဥကြီး" မရှိတော့ဘူး။ ဒီမိုကရေစီရပြီလား။** – စကားချပ်]

ဒါဖြင့်ရင် လမ်းပေါ်က လူထုတိုက်ပွဲတွေမှာ "We Support CRPH" စာတန်းတွေ ဘာလို့ တွေ့နေရသလဲ မေးစရာရှိတယ်။ ဒီမေးခွန်းကို မဖြေခင် လမ်းပေါ်က လူထုတိုက်ပွဲတွေမှာ "R2P" ကို ဝင်ကယ်ပါ စာတန်းတွေ ပလူပျံနေတာကို ဘယ်လို ပြန်ရှင်းမလဲ မေးချင်တယ်။ ဖက်ဆစ် တော်လှန်ရေး မတိုင်ခင်ကဆိုလည်း ဗမာပြည်မှာ ဖက်ဆစ်ဂျပန်တွေကို ကယ်တင်ရှင်ထင်ခဲ့ဖူးတာပဲ။ ဂျပန်တပ်ဝင်လာတာကို ဝမ်းပန်းတသာ ကြိုခဲ့ကြဖူးတာပဲ။ အခုလည်း ဒီသဘောပဲ။ ဒါ့ကြောင့် လမ်းပေါ်က Placard တွေလောက်ကြည့်ပြီး လူထုရဲ့ နိုင်ငံရေးအသိ၊ တကယ့် လိုလားချက်ကို လွယ်လွယ်လေး အကဲမဖြတ်ဖို့ အရေးကြီးတယ်။ အရေးကြီးဆုံး တချက်က လူထုတိုက်ပွဲတွေဟာ "semi–spontaneous" လက္ခဏာဆောင်နေတယ်။ အဖိနှိပ်ခံ လူထုရဲ့ တကယ့် လိုလားချက် အစစ်အမှန်ကို ဖော်ထုတ်ပေးနိုင်တဲ့ တောင်းဆိုချက်တွေ၊ ကြွေးကြော်သံတွေအစား စစ်အုပ်စုနဲ့ ရင်ကြားစေ့ခဲ့သူတွေကို ထောက်ခံတဲ့ တောင်းဆိုချက်တွေ၊ ကြွေးကြော်သံတွေ ပါနေတာပဲ။ ဒါ့ကြောင့် တော်လှန်ရေး ပါတီကြီး တရပ်သာရှိခဲ့ရင် လူထုတိုက်ပွဲတွေကို organize လုပ်နိုင်မယ်၊ အဖိနှိပ်ခံလူထုရဲ့ လိုလားချက် အစစ်အမှန်တွေကို "conscious expression" လုပ်ပေးနိုင်မယ်။ အခုအနေအထားနဲ့ အတော်ကွာခြားလိမ့်မယ်။ အခုလို စစ်အုပ်စုက မီးကုန်ယမ်းကုန် သတ်ဖြတ်လာတဲ့ အနေအထားမှာ လူထုအုံကြွမှုကို စနစ်တကျ ဦးဆောင်တိုက်နိုင်လိမ့်မယ်။ [Armed Uprising ကို စနစ်တကျ စုစည်းပြင်ဆင်ပြီး ဦးဆောင်မှု ပေးနိုင်လိမ့်မယ်။ ဒီတော်လှန်ရေး တာဝန်တွေကို ကေဒါ အခြေခံ တည်ဆောက်ထားတဲ့ ပါတီအဖွဲ့အစည်းမျိုးမှ အကောင်အထည် ဖော်နိုင်မှာပဲ။] ဒါပေမယ့် လုပ်သားထု တရပ်လုံးကို ဦးဆောင်မှုပေးနိုင်တဲ့ တော်လှန်ရေး ပါတီကြီးတခု ကင်းမဲ့နေတယ်။

သမိုင်းရေးအခြေအနေ နှစ်ရပ်လုံး ပြည့်စုံလို့ တော်လှန်ရေး ပေါ်ပေါက်ခဲ့တယ်၊ ဒါပေမယ့် တော်လှန်ရေးပါတီဆိုတဲ့ subjective factor ကင်းမဲ့နေခဲ့တယ်။ ရှစ်လေးလုံး အရေးတော်ပုံကို ပြန်ကြည့်ရင်လည်း ဒီသဘောပဲ။ သမိုင်းရေး အခြေအနေ အချက်အလက် ပြည့်စုံလို့ ရှစ်လေးလုံး လူထု အရေးတော်ပုံကြီး ဖြစ်ပွားခဲ့တယ်။ ဒါပေမယ့် ဒီလူထု အရေးတော်ပုံကြီးမှာ အရေးအကြီးဆုံး subjective factor ချို့တဲ့ခဲ့တယ်။ ဒါ့ကြောင့် လစ်ဘရယ် ခေါင်းဆောင်ကို လူထုခေါင်းဆောင် တင်ခဲ့ရတယ်။ ဒါ့ကြောင့် ရှစ်လေးလုံး အရေးတော်ပုံ အရေးနိမ့်ခဲ့ခြင်း ဖြစ်တယ်။ ဂျန်ဇီတွေ ပြောနေသလို ရှစ်လေးလုံး အရေးတော်ပုံ တပ်သားတွေက အရှုံးပေးလို့ ရှုံးသွားခဲ့တာ မဟုတ်ဘူး။ (ရှစ်လေး

လုံး မျိုးဆက် နာမည်ခံ၊ နိုင်ငံရေးပွဲစား လုပ်နေသူတွေလောက် ကြည့်ပြီး စိတ်ချဉ်ပေါက်ပေါက်နဲ့ လူငယ်တွေ ပြောတဲ့ စကားလို့ နားလည် ပါတယ်)။ တိုက်ပွဲကို စိတ်ခတ်ရေးရာ သက်သက်က အဆုံးအဖြတ်ပေးတာ မဟုတ်ဘူး။

ဒီသမိုင်း သင်ခန်းစာကို မယူနိုင်ခဲ့တာ အများကြီး နစ်နာခဲ့တယ်။ ရှစ်လေးလုံး အရေးတော်ပုံပြီးခဲ့တာ နှစ်ပေါင်း သုံးဆယ်ကျော်ခဲ့ပေမယ့် subjective factor ပိုင်းကို ပြင်မထားနိုင်ခဲ့ဘူး။ သမိုင်းရေး ရုပ်အခြေအနေက ပြည့်စုံလာတဲ့အခါ ဘယ်နိုင်ငံရေးသမားမှ ကြိုမှန်းမထားနိုင်အောင် တော်လှန်ရေးက ဟုန်းခနဲ ထဖြစ်တယ်။ ဒါပေမယ့် subjective factor ပိုင်းမှာ အင်မတန် အားနည်းခဲ့တယ်။ ဒါ့ကြောင့် လူထုတိုက်ပွဲမှာ အခုလို အထိအခိုက် အကျအဆုံး များနေရတာပဲ။

**ဒါ့ကြောင့် တော်လှန်ရေး ပါတီကြီး တရပ်သာရှိခဲ့ရင် လူထုတိုက်ပွဲတွေကို organize လုပ်နိုင်မယ်၊ အဖိနှိပ်ခံလူထုရဲ့ လိုလားချက် အစစ်အမှန်တွေကို “conscious expression” လုပ်ပေးနိုင်မယ်။ အခုအနေအထားနဲ့ အတော်ကွာခြားလိမ့်မယ်။ အခုလို စစ်အုပ်စုက မီးကုန်ယမ်းကုန် သတ်ဖြတ်လာတဲ့ အနေအထားမှာ လူထုအုံကြွမှုကို စနစ်တကျ ဦးဆောင်တိုက်နိုင်လိမ့်မယ်။ [Armed Uprising ကို စနစ်တကျ စုစည်းပြင်ဆင်ပြီး ဦးဆောင်မှု ပေးနိုင်လိမ့်မယ်။ ဒီတော်လှန်ရေး တာဝန်တွေကို ကေဒါအခြေခံ တည်ဆောက်ထားတဲ့ ပါတီအဖွဲ့အစည်းမျိုးမှ အကောင်အထည် ဖော်နိုင်မှာပဲ။] ဒါပေမယ့် လုပ်သားထု တရပ်လုံးကို ဦးဆောင်မှုပေးနိုင်တဲ့ တော်လှန်ရေး ပါတီကြီးတခု ကင်းမဲ့နေတယ်။**

မှန်ပါတယ်။ တော်လှန်ရေး ပါတီတရပ်ဆိုတာ နေ့ချင်းညချင်း  တည်ဆောက်လို့ မရနိုင်ဘူး။ အင်မတန် တော်တဲ့ ရိုဆာ လက်(ခ်)စင်ဘတ်(ဂ်) တောင် ဘော်ရှီဗစ်ပါတီမျိုး တည်ဆောက်မထားနိုင်တဲ့အခါ၊ တော်လှန်ရေးဖြစ်မယ့် နှစ်မတိုင်ခင် (၂နှစ်အလိုမှ) ပါတီစထောင်ရတယ်၊ ရန်သူ့လက်ချက်နဲ့ ကျဆုံးခဲ့ရတယ်။ ရိုဆာတို့၊ လိ(ဘ်)နက်(ခ်)တို့ အသတ်ခံရပြီးတဲ့နောက်မှာ ပေါက်ဖွားစ ပါတီရဲ့ “လက်ဝဲစွန်းသူငယ်နာ” အမှားတွေကြောင့် ဂျာမနီ တော်လှန်ရေး ဆက်တိုက် အရေးနိမ့်ခဲ့ရတယ်။ ဒါပေမယ့် ကျနော်တို့မှာ (၃၃)နှစ် အချိန်ရခဲ့တယ်။ (ရှစ်လေးလုံး အရေးတော်ပုံ အပြီးကနေ အခုတော်လှန်ရေး မဖြစ်ခင်အထိ ကြားကာလကိုပဲ တွက်ရင်တောင် ၃၃နှစ်နီးပါး အချိန် ရခဲ့တယ်။) ဒါပေမယ့် စစ်တပ်နဲ့ ရင်ကြားစေ့တဲ့ ပါတီကလွဲလို့ လူထုတရပ်လုံးကို ဦးဆောင်မှုပေးနိုင်တဲ့ တော်လှန်ရေး ပါတီတရပ် ရှိမနေခဲ့ဘူး။ မတည်ဆောက်နိုင်ခဲ့ကြဘူး။ တော်လှန်ရေးကို ထိုင်စောင့်နေလို့ မရဘူးဆိုတာ ဒါကို ဆိုလိုတာပဲ။ တော်လှန်ရေးကို လူလက်တဆုပ်စာက ဖွတ်အတင်း အကောင်အထည်ဖော်ဖို့ ဆိုလိုတာ မဟုတ်ဘူး၊ သမိုင်းရေး အကြောင်းအချက် ပြည့်စုံလို့ ဖြစ်လာတဲ့အခါ subjective factor ပိုင်းကလည်း ပြင်ဆင်ထားနိုင်တဲ့ အနေအထား ရှိနေရမယ် ဆိုလိုခြင်း ဖြစ်တယ်။

သမိုင်းကို လေ့လာတာ မအ,အောင်လို့ ဆိုတာထက် အတိတ်က မှားခဲ့တာမျိုး ထပ်မမှားစေဖို့၊ သင်ခန်းစာယူပြီး ပြင်ဆင်ထားနိုင်ဖို့ပဲ။

# “တော်လှန်ရေး လုပ်ငန်းစဉ်တရပ်”

# (Universal Arming of the People)

- **ကိုလွမ်းဝေ**

**အမြဲတမ်း စစ်တပ်၊ ရဲတပ်က လူထုကို သတ်ဖြတ်နေတာ၊ အရှင်လတ်လတ် မီးရှို့နေတာ၊ CDMမှာ မပါတဲ့ ဗျူရိုကရက်တွေက အောက်ခြေဝန်ထမ်းတွေကို နှိပ်ကွပ်နေတာတွေဟာ နိုင်ငံတော်ကို ပုန်ကန်နေတာ မဟုတ်ဘူး။ နိုင်ငံတော်ရဲ့ သရုပ်အမှန်ကို မမြင်ချင်အဆုံး ဝတ်လစ်စလစ် ချွတ်ပြနေတာ။ အဲဒါ နိုင်ငံတော်စစ်စစ်ပဲ။**

စစ်အုပ်စု တလက်ကိုင် စစ်တပ်၊ ရဲတပ်ကို သူပုန်တွေ နိုင်ငံတော် ပုန်ကန်သူတွေလို့ ပြောကြ၊ ရေးကြတယ်။ ရှစ်ပူး ငြိမ်းပွင့်အဖွဲ့ကတောင် ဒီလို ရေးသားခဲ့တယ်။ ဒီစကားလုံးကို စစ်တပ်က ဝါဒဖြန့် ပုံဖျက်ခဲ့လို့ နားလည်မှုလွဲပြီး အခုလို မှားယွင်း သုံးစွဲနေကြတာလို့ တတ်သိပညာရှင်တွေက ထောက်ပြကြတယ်။ ဒါလည်း မှန်ပါတယ်။ တော်လှန်ပုန်ကန်သူဆိုတာကို မကောင်းဆိုးဝါးလို မြင်လာအောင် ခေတ်အဆက်ဆက် အုပ်စိုးသူတွေ ပုံဖျက်ခဲ့တာပဲ မဟုတ်လား။ ဒေါ်အောင်ဆန်းစုကြည် အစိုးရလက်ထက်မှာ ရခိုင်လူမျိုးစု တော်လှန်ရေး သမားတွေကို အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ခဲ့တယ် မဟုတ်လား။ ဒါ့ကြောင့် သူပုန်ဆိုရင် မကောင်းဆိုးဝါးလို့ မြင်ထားကြတယ်။

မကောင်းဆိုးဝါး အကြီးစား စစ်ဘီလူးတွေကို သူပုန်လို့ ခေါ်ဝေါ်ကြတယ်။ ဘယ်သူ့ကို ပုန်ကန်နေတာလဲ။ နိုင်ငံတော်ကို ပုန်ကန်နေကြတယ်လို့ လွယ်လွယ်လေး အဖြေပေးလိမ့်မယ်။

အဓိက ပြဿနာက အဲဒါ။ "နိုင်ငံတော်" ဆိုတာကြီးကို နားလည်မှုလွဲနေတဲ့ ပြဿနာ။ ကြုံလို့ပြောရရင် သွေးသစ္စာ သီချင်းကို အားမာန်အပြည့်နဲ့ ဆိုလိုက်တိုင်း "နိုင်ငံတော်အတွက်ဆို အသက်ကိုလည်း ဘာမထီ" ဆိုတဲ့နေရာ ရောက်သွားရင် အောင့်သက်သက် ဖြစ်သွားရတယ်။ နိုင်ငံတော်ဆိုတာ ဘာလဲ။ ဒီအကြောင်းအရာကို ခဏခဏရေးခဲ့ဖူးပါတယ်။ ဒီနေရာမှာ ခပ်တိုတိုပဲ ပြန်ရေးပါမယ်။

## ■ နိုင်ငံတော်ဆိုတာ -

အုပ်စိုးသူ လူတန်းစားရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့၊ အုပ်စိုးခံ လူတန်းစားတွေကို သွေးစုပ်ခံဘဝမှာပဲ ဘိုနေမြဲ ကျားနေမြဲ အသာလေး နေအောင် ဖိထားဖို့ အသုံးပြုတဲ့ “အထူး ဖိနှိပ်ရေး အင်အားစုတွေ”ပဲ။

အုပ်စိုးသူ လူတန်းစားဆိုတာ ရွေးကောက်ပွဲမှာ မဲအနိုင်ရလို့ အစိုးရတက်လုပ်သူတွေကို ဆိုလိုတာ မဟုတ်ဘူး။ ကုန်ထုတ်စီးပွားဘဝကို မောင်ပိုင်စီးထားနိုင်တဲ့ လူတန်းစားကို အုပ်စိုးသူ လူတန်းစားလို့ ခေါ်ခြင်းဖြစ်တယ်။ ဒိထက် ချဲ့ပြောရရင် ရုပ်ပိုင်း ကုန်ထုတ်စီးပွားဘဝကိုသာမက၊ စိတ်ပိုင်းဆိုင်ရာ ထုတ်လုပ်ရေးဘဝကိုပါ မောင်ပိုင်စီးထားနိုင်သူတွေဖြစ်တယ်။ ရုပ်ပိုင်း ကုန်ထုတ် ပစ္စည်းတွေလို့ ဆိုရာမှာ မြေယာတွေ၊ ကုန်ကြမ်းတွေ၊ စက်ပစ္စည်းတွေ စတဲ့စတဲ့ ကုန်ထုတ် ကိရိယာတွေ ပါဝင်တယ်။ ဘောဂဗေဒအသုံးနဲ့ပြောရရင် “means of material production” လို့ခေါ်ပါတယ်။ ဒါတွေကို ဘယ်သူပိုင်သလဲ၊ စစ်တပ်ထိပ်သီး ဗိုလ်ချုပ်တွေ၊ ခင်းတို့နဲ့ နီးစပ်ရာ အရပ်သား ခရိုနီတွေ ပိုင်ကြတယ်။ ဒါ့ကြောင့် သူတို့ကို အုပ်စိုးသူ လူတန်းစားလို့ ခေါ်ခြင်းဖြစ်တယ်။

စိတ်ပိုင်းဆိုင်ရာ ထုတ်လုပ်ရေး ပစ္စည်းတွေလို့ ဆိုရာမှာ အနုပညာထုတ်လုပ်ရေး လုပ်ငန်းတွေ၊ မီဒီယာတွေ၊ စာသင်ကျောင်းတွေ၊ ပုံနှိပ်တိုက်တွေ၊ အင်တာနက်တွေ၊ Mytel လို ဆက်သွယ်ရေး လုပ်ငန်းတွေ၊ ဘာသာရေး အဆောက်အအုံတွေ စသဖြင့် အကုန်ပါတယ်။ ခြုံပြောရရင် “means of mental production” လို့ ခေါ်ပါတယ်။ ဒါတွေကို ဘယ်သူတွေ အုပ်စီးထားသလဲ။ စစ်တပ်ထိပ်သီးဗိုလ်ချုပ်ကြီးတွေ (အငြိမ်းစား ယူထားသူတွေ၊ ယူနီဖောင်းချွတ် တိုက်ပုံဝတ်ထားသူတွေ အကုန်ပါတယ်)၊ အရင်းရှင် ခရိုနီတွေပဲ မောင်ပိုင်စီးထားတာ မဟုတ်လား။

ဒီအုပ်စိုးသူ လူတန်းစားက သူတို့ အကျိုးစီးပွား ကာကွယ်ဖို့၊ တိုးမြှင့်ဖို့ အထူး ဖိနှိပ်ရေး အင်အားစုတွေ လိုအပ်တယ်။ သူတို့က လက်တဆုပ်စာ လူနည်းစု။ ဗမာပြည် တနံတလျား သူတို့ လုယက်ထားလို့ မြေမဲ့ ယာမဲ့ဖြစ်ပြီး ဘဝပျက်ကုန်တဲ့ ဆင်းရဲလယ်သမားထုက သန်းပေါင်းများစွာ ရှိတယ်။ ဒင်းတို့ လုပ်ငန်းစုတွေမှာ တော်မသေရုံ လုပ်ခလစာလေးနဲ့ သွေးစုပ်ခံနေရတဲ့ အလုပ်သမားထုက သန်းချီရှိတယ်။ ဒင်းတို့လို အကြီးစား လုပ်ငန်းစုတွေ ဝါးမြိုသွားလို့ ယိုင်နဲ့နေတဲ့ အသေးစား လုပ်ငန်းရှင် လူလတ်တန်းစား သန်းချီရှိတယ်။ **ဒီလို သန်းပေါင်းများစွာသော သွေးစုပ်ခံ လူထုက လက်တဆုပ်စာ အုပ်စိုးသူ လူတန်းစားကို ပုန်ကန်ထကြွမလာအောင် နှိပ်ကွပ်ထားနိုင်မယ့် ဖိနှိပ်ရေး လက်နက် လိုအပ်တယ်။ အဲဒါ နိုင်ငံတော်ပဲ။**

အဲဒီ နိုင်ငံတော်ဆိုတဲ့ အထူးဖိနှိပ်ရေး အင်အားစုတွေထဲမှာ အမြဲတမ်း စစ်တပ်၊ ရဲတပ် နဲ့ ဗျူရိုကရေစီ တို့ဟာ အဓိက ဒေါက်တိုင်ကြီးတွေပဲ။ အမြဲတမ်း စစ်တပ်၊ ရဲတပ်၊ ဗျူရိုကရေစီတို့ဆိုတာ "အထူး" ဖိနှိပ်ရေး အင်အားစုတွေ ဖြစ်နေကြတယ်။ "အထူး" လို့ အလေးအနက်ပြု ပြောရတာ အကြောင်းမဲ့ မဟုတ်ပါ။ သူတို့ဟာ လူထုနဲ့ ကင်းကွာနေရတယ်၊ လူထုရဲ့ ထိန်းကွပ်မှုအောက် ရှိမနေရဘူး၊ ဒါ့အပြင် သာမန် အများပြည်သူ မရရှိတဲ့ အခွင့်ထူး ရရှိထားတယ်။ စစ်တပ်၊ ရဲတပ်က လူထုနဲ့ ကင်းကွာနေတာ၊ လူထု ထိန်းကွပ်မှုအောက် မရှိတာတွေကို အထူးတလည် ဇာချဲ့ရှင်းနေစရာ လိုမယ် မထင်ပါ။ **သူတို့ရနေတဲ့ အခွင့်ထူးတွေထဲမှာ အရေးကြီးဆုံးတခုက အကြမ်းဖက် လက်နက်ကို လက်ဝါးကြီးအုပ် အသုံးပြုပိုင်ခွင့် သူတို့မှာပဲ ရှိနေတယ်။** ဒါ့ကြောင့် အမြဲတမ်းစစ်တပ်၊ ရဲတပ်ဟာ လူထုကို သတ်ချင်တိုင်း သတ်နေနိုင်ခြင်း ဖြစ်တယ်။ လူထုကို သတ်ချင်တိုင်း သတ်နေတယ်ဆိုရာမှာ လူတန်းစား မရွေးသတ်တာတော့ မဟုတ်ပါဘူး။ ဧရာဝတီဘဏ် ဝန်ထမ်းကို သတ်ချင်သလို သတ်ပါလိမ့်မယ်၊ ဒါပေမယ့် ဧရာဝတီ ဘဏ်ပိုင်ရှင် ခရိုနီဇော်ဇော်ကိုတော့ မသတ်မှာ သေချာတယ်။ ဒါ့ကြောင့် နိုင်ငံတော်ဆိုတာ အုပ်စိုးသူ လူတန်းစား လက်ဝယ်မှာ ရှိနေတဲ့ အထူးဖိနှိပ်ရေး အင်အားစုလို့ ပြောခြင်းဖြစ်တယ်။

ဗျူရိုကရေစီဆိုတာလည်း လူထုနဲ့ ကင်းကွာနေရတယ်၊ လူထုထိန်းချုပ်မှုအောက် မရှိဘူး။ နိုင်ငံသားတယောက်က နိုင်ငံသားမှတ်ပုံတင် လုပ်ဖို့ လဝက ရုံးသွားရင် ဘယ်လို ကြုံတွေ့ရသလဲ ပြန်စဉ်းစားကြည့်လိုက်ပါ။ ဗျူရိုကရေစီဆိုတာ ဘာလဲ မဖတ်ဖူးတောင် လက်တွေ့အရ သိသွားလိမ့်မယ်။ ဒီဗျူရိုကရက်တွေကို ဘယ်လူထုကမှ ရွေးကောက်တင်မြှောက်ခွင့် မရှိဘူး၊ အောက်ခြေ ရုံးဝန်ထမ်းကစလို့ ဟိုး အပေါ်က ညွှန်မှူး၊ ညွှန်ချုပ်တွေအပါအဝင် ဘယ်သူ့ကိုမှ လူထုက ရွေးချယ်ပိုင်ခွင့် ဖြုတ်ချပိုင်ခွင့် မရှိဘူး။ သူတို့ကြောက်ရတာ အထက်လူကြီးပဲရှိတယ်။ အထက်လူကြီးကို ပီအောင်ကပ်၊ ရာထူးတွေတိုး၊ အချိန်တန် အငြိမ်းစားယူရင်တောင် ပင်စင်က ရဦးမယ်။ သူတို့မှာ အခွင့်ထူးတွေလည်း တပုံတပင်။ ရုံးတရုံး ဓားတစင်း ဆိုတဲ့ စကားပေါ်လာတာ အကြောင်းမဲ့မှ မဟုတ်ဘဲ။ ရာထူးကြီးကြီး အကောင်ကြီးကြီး ဗျူရိုကရက်တွေ တိုက်ပိုင် ကားပိုင်ဖြစ်ရုံမက ပုဂ္ဂလိက လုပ်ငန်းကြီးတွေတောင် ပိုင်ကုန်တယ်။ တရားဝင် လခနဲ့ ဆယ်သက်စုတောင် မရနိုင်တာမျိုး။ အခု ဗျူရိုကရေစီကို ဝန်ထမ်းပေါင်းစုံ သပိတ် (CDM) နဲ့ သွက်ချာပါဒလိုက်စေခဲ့ပြီ။ CDM မှာ မပါကြတဲ့ ဗျူရိုကရက်တွေဟာ ဒီရာထူးနဲ့အတူတွဲပါလာမယ့် အခွင့်ထူးတွေကို မက်မောနေလို့ဖြစ်တယ်။

ဒီတော့ ပြန်ကောက်ရရင် အမြဲတမ်း စစ်တပ်၊ ရဲတပ်က လူထုကို သတ်ဖြတ်နေတာ၊ အရှင်လတ်လတ် မီးရှို့နေတာ၊ CDM မှာ မပါတဲ့ ဗျူရိုကရက်တွေက အောက်ခြေဝန်ထမ်းတွေကို နှိပ်ကွပ်နေတာတွေဟာ နိုင်ငံတော်ကို ပုန်ကန်နေတာ မဟုတ်ဘူး။ နိုင်ငံတော်ရဲ့ သရုပ်အမှန်ကို မမြင်ချင်အဆုံး ဝတ်လစ်စလစ် ချွတ်ပြနေတာ။ အဲဒါ နိုင်ငံတော်စစ်စစ်ပဲ။

တော်လှန်ရေးဆိုတာ အုပ်စိုးသူ လူတန်းစားအဟောင်းကို ဖြိုချပစ်ရတယ်၊ အုပ်စိုးသူ လူတန်းစားက နည်းပေါင်းစုံသုံး ခုခံတယ်။ သူတို့လက်ဝယ်မှာရှိတဲ့ နိုင်ငံတော်ယန္တယားကို အလုံးအရင်းသုံးပြီး လူတွေကို သတ်မယ်၊ ဖြတ်မယ်၊ ဖမ်းစီး အကျဉ်းချမယ်။ တဖက်မှာ သူတို့လက်ဝယ်မှာရှိတဲ့ မီဒီယာတွေ၊ ဘာသာရေးဆရာတွေ၊ ကျော်ဝင်းတို့လို မင်းဇင်တို့လို စစ်တပ် ဘောမအတွေးအခေါ် ရိုက်သွင်းမယ့် ဂျင်းဆရာတွေ ထုတ်သုံးမယ်။ ဒါ့ကြောင့် တော်လှန်ရေးကနေ နိုင်ငံတော်ယန္တယား အဟောင်းကို အကုန်အစင် ဖျက်သိမ်းပစ်ရမယ်လို့ ကမ္ဘာ့တော်လှန်ရေး အတွေ့အကြုံတွေက သင်ကြားပေးတယ်။ စစ်ကောင်စီပြုတ်ကျလို့ အရပ်သားအစိုးရတက်လာတဲ့အခါ အမြဲတမ်းစစ်တပ်၊ ရဲတပ်၊ ဗျူရိုကရေစီတို့ကို ပြန်အသက်သွင်းမယ်ဆိုရင် သွေးစုပ်ခံ လူတန်းစားတွေဟာ မလွတ်မြောက်နိုင်ဘူး။



အမြဲတမ်း စစ်တပ်၊ ရဲတပ်၊ ဗျူရိုကရေစီကို ဘာနဲ့ ဖြိုမလဲ၊ ဖြိုပြီးရင် သူတို့ နေရာမှာ ဘာနဲ့ အစားထိုးမလဲ။ ကမ္ဘာ့တော်လှန်ရေးသမိုင်း အတွေ့အကြုံတွေအရ အဖြေရှိပြီးသား ဖြစ်သလို လက်ငင်း တော်လှန်ရေး အတွေ့အကြုံအရလည်း အဖြေရှိပါတယ်။

၁၈၇၁ ပါရီကွန်မြူး တော်လှန်ရေးအတွေ့အကြုံကို အခြေခံပြီး လီနင်တို့ရဲ့ ရပ်ရှား ဆိုရှယ်ဒီမိုကရက်တစ် လေဘာပါတီရဲ့ အနိမ့်ဆုံး လုပ်ငန်းစဉ်ထဲမှာ အမြဲတမ်း စစ်တပ်၊ ရဲတပ်နေရာမှာ (Universal Arming of the People) နဲ့ အစားထိုးဖို့ တင်ပြထားတယ်။ ဗမာပြည် နွေဦးတော်လှန်ရေးရဲ့ လက်ငင်းအတွေ့အကြုံအရလည်း အမြဲတမ်းစစ်တပ်၊ ရဲတပ်၊ ဗျူရိုကရေစီကို လက်ဗလာချည်း CDM နည်းသက်သက်နဲ့ ဖြိုလို့မရဘူးဆိုတာ ထင်ရှားလာတယ်။ ဒါ့ကြောင့် အဖိနှိပ်ခံ လူထုတရပ်လုံး လက်နက်တပ်ဆင်ရေးဟာ လတ်တလော လုပ်ငန်းစဉ် တရပ်ဖြစ်လာကြောင်း တင်ပြလိုက်ပါတယ်။

# နိုင်ငံတော်ယန္တရားဟောင်းကို ဖျက်သိမ်းပြီး လူထုအာဏာထူထောင်ဖို့ လူထုကိုယ်တိုင် လက်နက်တပ်ဆင်ထားရမယ်

▪ ကိုလွမ်းဝေ

လူမျိုးစု လက်နက်ကိုင် အဖွဲ့အသီးသီးဟာ **လူမျိုးစု အခြေခံထားခြင်း** ဖြစ်တယ်။ **နယ်မြေအခြေခံ လှုပ်ရှားခြင်း** ဖြစ်တယ်။ **တရုတ်အပေါ် မှီခိုထား**ရတယ်။ **ဒီလို အကျိုးစီးပွား မတူတဲ့ လက်နက်ကိုင် အဖွဲ့တွေကို ဘယ်လုပ်ငန်းစဉ်အပေါ်မှာ အခြေခံစုစည်းကြမလဲ။ ဘယ်သူတွေက ဦးဆောင်မလဲ။** တနည်းဆိုရရင် သေနတ်ကို ဘယ်သူက အမိန့်ပေးမလဲ။ သေချာတာကတော့ ဒီလို မတူတဲ့ အင်အားစု အသီးသီးကို CRPH က အမိန့်ပေးမယ် ဖြေလို့မရဘူး။ ဖက်ဒရယ်တပ်တခုဖွဲ့မယ်လို့ စိတ်ကူးရင် ဒီပြဿနာ နှစ်ရပ်ကို ရှင်းနိုင်မှရမယ်။

"တော်လှန်ရေးရဲ့ လုပ်ငန်းစဉ်တရပ်" ဆောင်းပါးမှာ အဖိနှိပ်ခံ လူထုတရပ်လုံး လက်နက်တပ်ဆင်ရေး (Universal Arming of the People) ကို တင်ပြခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဖို့ ဘာ့ကြောင့် အရေးကြီးသလဲ ဆွေးနွေးသွားပါမယ်။

(၁)

နိုင်ငံတော်ဟောင်းကို ဖြိုဖျက်ပစ်ဖို့ အဖိနှိပ်ခံ လူထုတရပ်လုံး လက်နက်တပ်ဆင်ရေး အထူးလိုအပ်တယ်။ နိုင်ငံတော်ဆိုတာကို ဒီအရင်ဆောင်းပါးမှာ အတန်အသင့် ဆွေးနွေးထားပြီး ဖြစ်လို့ အကျယ်မချဲ့တော့ပါ။ အာဏာသိမ်းစစ်အုပ်စုက နိုင်ငံတော်ယန္တယားအဟောင်းကို မီးကုန်ယမ်းကုန် အသုံးပြုပြီး လူထုကို သတ်ဖြတ်နေတယ်။ ဒီလိုအခြေအနေမှာ လူထုဘက်က လက်နက်တပ်ဆင်ပြီး နိုင်ငံတော် ယန္တယား အဟောင်းကို အကုန်အစင် ဖြိုဖျက်ပစ်ရေး လုပ်ရလိမ့်မယ်။ နိုင်ငံတော် (အမြဲတမ်းစစ်တပ်၊ ရဲတပ်၊ အကျဉ်းထောင်၊ တရားရုံး၊ ဗျူရိုကရေစီ) ကို အာဏာဖီဆန်ရေး နည်းသက်သက်နဲ့ မဖြိုနိုင်တာ လက်တွေ့ပဲ။ အသက်ပေးသွားတဲ့ အာဇာနည် (၇၅၀)ကျော်က ဒီအချက်ကို အမြဲသတိပေးနေတယ်။

လူထုတရပ်လုံးကို လက်နက်တပ်ဆင်ရေးလို့ ဆိုရာမှာ အရွယ်ရောက်ပြီးသား လူတိုင်း ကျား/မ မရွေး၊ ဂျန်ဒါမရွေး စစ်ပညာ သင်ကြားရမယ်၊ လေ့ကျင့်ထားရမယ်၊ လက်နက်တပ်ဆင်ထားရမယ်။ ကျား/မ မရွေး၊ ဂျန်ဒါမရွေး လူတိုင်းလို့ ဆိုရာမှာ working people ကို ဆိုလိုခြင်း ဖြစ်တယ်။ (မအလ စစ်အုပ်စု၊ ခရိုနီ လူတန်းစားက လူတွေ မပါစေရဘူး။) အလုပ်ခွင်အသီးသီးမှာ **သပိတ်မှောက် အလုပ်သမားထု ကိုယ်တိုင် ရွေးကောက်တင်မြှောက်ထားတဲ့ သပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီတွေက** တာဝန်ယူပြီး အလုပ်သမား တပ်စုတွေ ဖွဲ့စည်းပေးရမယ်၊ စစ်ပညာ လေ့ကျင့်ထားရမယ်၊ လက်နက်ရအောင် နည်းလမ်းရှာပြီး တပ်ဆင်ထားရမယ်။

ရပ်ကွက်တွေ၊ ကျေးရွာတွေမှာ **ရပ်/ကျေး လူထုကိုယ်တိုင် ရွေးကောက်တင်မြှောက်ထားတဲ့ တိုက်ပွဲဦးဆောင် ကော်မတီတွေက** တာဝန်ယူပြီး လူငယ်တပ်တွေ စုစည်းထားရမယ်၊ စစ်ပညာ လေ့ကျင့်ထားရမယ်၊ လက်နက်တပ်ဆင်ထားရမယ်။ ဒီအင်အားစုတွေကို မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်ကနေ တပြည်လုံး အတိုင်းအတာအထိ စုစည်းချိတ်ဆက်နိုင်ဖို့ လိုအပ်တယ်။

(၂)

တချို့က ကုလတပ်ကို မျှော်တယ်၊ တချို့က ဖက်ဒရယ်တပ်ကို မျှော်တယ်။ ဘယ်ဟာကိုမှ မျှော်ကိုးနေလို့မရဘူး။ အဖိနှိပ်ခံ လုပ်သားထုတရပ်လုံး စုစည်းပြင်ဆင် လက်နက် တပ်ဆင်ထားရေးကိုသာ လုပ်ကြရလိမ့်မယ်။ ဖက်ဒရယ်တပ်ကို တကယ် အနှစ်သာရ ပြည့်ဝအောင်ဖွဲ့စည်းနိုင်ရင် အင်မတန် ကောင်းပါတယ်။ ဒါပေမယ့် တဖက်မှာ ၂၀၀၈ ခြေဥကို ဖျက်သိမ်းတယ်လို့ လေနဲ့ကြေညာတယ်၊ တချိန်တည်းမှာ ၂၀၀၈ခြေဥအရ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲရလဒ်ကို တပြပြလုပ်ပြီး မဲနိုင်ပုဂ္ဂိုလ်တွေ အစိုးရတက်လုပ်ဖို့ သက်သက်နဲ့ လူမျိုးစု လက်နက်ကိုင် အဖွဲ့တွေကို ခေါ်သုံးချင်တယ်။ ဒီလို စောက်ချိုးမျိုးနဲ့ အနှစ်သာရပြည့်ဝတဲ့ ဖက်ဒရယ်တပ်တခု မထူထောင်နိုင်ဘူး။ ဒါ ကတချက်။ နောက်တချက်က ၂၀၀၈ ခြေဥအောက်က ၂၀၂၀ မဲရလဒ်ကို ဆုပ်ကိုင်ပြီး စကားပြောနေတဲ့ CRPH ဟာ တကယ့် မြေပြင်က living forces ကို စနစ်တကျ စုစည်းပြင်ဆင်ထားတာမျိုး မလုပ်နိုင်ဘူး။ လမ်းမပေါ်က လူထုက CRPH ကို ထောက်ခံပါတယ်လို့ အော်ချင်အော်လိမ့်မယ်။ ဒါပေမယ့် ဒါကို ကြည့်ပြီး လူထုထောက်ခံမှု အားကောင်းနေတယ်လို့ လွယ်လွယ်လေး ကောက်ချက်မဆွဲမိစေနဲ့။ ရှစ်လေးလုံးမှာ၊ ရွှေဝါရောင်မှာ အောင်ဆန်းစုကြည်ဆိုတဲ့ လူပုဂ္ဂိုလ်ကို ဗဟိုပြုပြီး လှုပ်ရှားခဲ့ကြတယ်။ အခု ASSK ထောင်ထဲရောက်နေချိန်မှာ အစားထိုး ပေါ်ပေါက်လာတဲ့ CRPH ကို လူထုက ဝန်းရံလှုပ်ရှားကြပြန်တယ်။ လှိုင်သာယာက အလုပ်သမားတယောက်ဟာ CRPH ကို ဦးဆောင်နေတဲ့ လွင်ကိုလတ်ဆိုတာ ဘယ်သူမှန်း မသိသလို ဇင်မာအောင် ဘယ်သူလဲဆိုတာ သိမှာမဟုတ်ဘူး။ အလားတူပဲ ကျေးလက်က လယ်သူမကြီး ဒေါ်အေးက စစ်အာဏာရှင်တွေရဲ့ မြေယာ လုယက်သိမ်းပိုက်မှုကြောင့် ဘဝပျက်ခဲ့ရတယ်။ သူ့လို ဘဝပျက်ခဲ့ရသူ လယ်သမား မိသားစုတွေ ဒုနဲ့ဒေး မဟုတ်ပါလား၊ ဒါ့ကြောင့် သူတို့ရင်ထဲမှာ စစ်အာဏာရှင်တွေကို မုန်းတီးမှုက အနှစ်နှစ်အလလက ကိန်းအောင်းစုပြုံလာခဲ့တယ်။ သူတို့ စစ်အာဏာရှင်စနစ် ဆန့်ကျင်တိုက်ပွဲထဲ ပါလာတာ ဖေဖော်ဝါရီ ၁ရက်နေ့ အာဏာသိမ်းမှုဆိုတဲ့ မီးပွားလေးတခုတည်းကြောင့် မဟုတ်ဘူး။ အနှစ်နှစ်အလလက စုပြုံလာတဲ့ ပဋိပက္ခတွေအပေါ် မီးပွားလေးသွားကျသလို ဖြစ်လို့ ဒီတော်လှန်ရေး ဖြစ်လာတာ။ ဒီလိုပဲ၊ CRPH ကို ထောက်ခံပါတယ်လို့ အော်ချင်အော်လိမ့်မယ်၊ ဒါပေမယ့် CRPH ဆိုတာ ဘာမှန်းတောင် သိချင်မှ သိလိမ့်မယ်။ ဖဘပေါ်က လူလတ်တန်းစားတချို့လောက်ပဲကြည့်ပြီး CRPH အကြောင်း လူတိုင်းက သိပြီး ထောက်ခံနေတယ် မထင်လေနဲ့။

ဒါဖြင့် ဘာလို့ ထောက်ခံပါတယ် အော်နေသလဲ စောဒက တက်ချင်လိမ့်မယ်။ အဖိနှိပ်ခံ အလုပ်သမား၊ လယ်သမား အစရှိတဲ့ လူထုဟာ စစ်ဖိနပ်အောက် ချနင်းခံလာရတာ ဖေဖော်ဝါရီလ တရက်နေ့ အာဏာစသိမ်းမှ မဟုတ်ဘူးဆိုတာ သတိရဖို့ လိုတယ်။ စစ်အာဏာရှင်စနစ်ကို မုန်းတီးမှု၊ ရွံရှာစက်ဆုပ်မှုတွေ ဘဝအခြေအနေအရ ဖြစ်တည်လာတာ ဆယ်စုနှစ်ပေါင်းများစွာ ကြာနေပြီ။ လူထုက သူတို့မလိုချင်တာ၊ သူတို့ ရွံရှာစက်ဆုပ်တာကို ကောင်းကောင်းသိတယ်၊ ဒါကို မဲပေးတဲ့နည်းနဲ့ သက်သေပြခဲ့ပြီးပြီ၊ ၂၀၁၅-၂၀၂၀ ငါးနှစ်တာ NLD အစိုးရသက်တမ်းအတွင်း လူထုဘဝဘာမှ ထူးကောင်းမလာဘဲ ဖိနှိပ်ခံခဲ့ရတာတွေပဲ ရှိခဲ့ပေမယ့် ၂၀၂၀မှာ မဲဆက်ပေးခဲ့တာက NLD ကိုချစ်လို့ ဆိုတာထက် စစ်တပ်ကို မုန်းလို့,လို့ ပြောရင် ပိုမှန်လိမ့်မယ်။ အခု တော်လှန်ရေးကာလမှာ CRPH ကို ထောက်ခံနေတာလဲ ဒီသဘောပဲ။ CRPH ဆိုတာ ဘာမှန်းတောင် ရေရေရာရာ မသိလည်း စစ်တပ်ကို မုန်းလို့ ထောက်ခံကြောင်း အော်နေတာပဲ။

CRPH မှာ ပါနေတဲ့ သူတွေက သူတို့ အစိုးရ တက်လုပ်နေချိန် လုပ်သားထု ကောင်းကျိုးတွေ လုပ်ခဲ့လို့ အခုလို ထောက်ခံနေတာ မဟုတ်ဘူး။ စစ်တပ်ကို ရွံရှာမုန်းတီးတဲ့အပြင်၊ တခြား Alternative Force တခု ရှိမနေတာလည်း ပါတယ်။ လုပ်သားထု တရပ်လုံးကို ဦးဆောင်နိုင်တဲ့ လူထုပါတီကြီးတခု၊ တော်လှန်ရေး ပါတီကြီးတခု Alternative အနေနဲ့ ရှိနေရင် အခုလက်ရှိ အနေအထားနဲ့ အတော်ကွာခြားလိမ့်မယ်။ အခုလို အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး ပါတီကြီးတခု ရှိမနေတဲ့ အနေအထားမှာ လူထုအဖို့ Public figure ကို အခြေပြုတဲ့ နိုင်ငံရေး၊ ASSK အရှိန်နဲ့လိမ့်နေတဲ့ အင်အားစုကို lesser evil အနေနဲ့ ရွေးရတဲ့ နိုင်ငံရေးဘောင်ထဲ ပိတ်မိနေတယ်။

ဒါ့အပြင် လူမျိုးရေးအရ ဖိနှိပ်မှု ပြင်းထန်တဲ့ လူနည်းစု လူမျိုးစုဒေသတွေမှာ CRPH ကို ထောက်ခံနေပါတယ်လို့ ပြောရဲမလား။ ရခိုင်တွေက AA ကို ထောက်ခံမလား၊ CRPH ကို ထောက်ခံမလား၊ ရှင်းပါတယ်။ အလားတူပဲ၊ ကရင်တွေက KNU ကိုထောက်ခံမလား CRPH ကို ထောက်ခံမလား၊ ရှင်းပါတယ်။ ဒါဆိုရင် တကယ့်မြေပြင်က Living Forces ကို CRPH အနေနဲ့ ဘယ်လောက် စုစည်းပြင်ဆင်၊ ဦးဆောင်မှု ပေးနိုင်သလဲဆိုတာ မြင်လာလိမ့်မယ်။ ဒီလိုအခြေအနေမှာ စာရွက်ပေါ်က မဲရလဒ်လေး ကိုင်ကိုင်ပြီး ကိုယ်အစိုးရတာက်လုပ်ဖို့ သက်သက်နဲ့ လူမျိုးစု လက်နက်ကိုင် အဖွဲ့တွေကို ခေါ်ခိုင်းချင်ရင် မှားလိမ့်မယ်။ အဖိနှိပ်ခံ လူနည်းစု လူမျိုးစုတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တကယ် အာမခံနိုင်မှသာ စုစည်းနိုင်လိမ့်မယ်။

CRPH က အဖိနှိပ်ခံ လူနည်းစု လူမျိုးစုတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တကယ် အာမခံနိုင်လိမ့်မယ်လို့ ဘယ်အပေါ် အခြေခံပြီး ယုံကြည်လို့ရမလဲ။ လေလှိုင်းပေါ်က ကတိတွေထက် လက်တွေ့လုပ်ရပ် (Deeds) ကို အခြေခံပြီး ယုံကြည်လို့ ရမရကြည့်မယ်ဆိုရင် CRPH အဖို့ အနုတ်ပြနေတယ်။ CRPH ကလူတွေ အစိုးရလုပ်ခဲ့တဲ့ ၂၀၁၇ ခုနှစ်မှာ ရိုဟင်ဂျာတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု ဖြစ်ပွားခဲ့တယ်။ အကြမ်းမဖက်ရေး တရားဟောတဲ့ နိုဘယ် ငြိမ်းချမ်းရေးဆုရှင် ASSK ကိုယ်တိုင်၊ လူကယ်ပြန် ဝန်ကြီးဟောင်း (လက်ရှိလည်း CRPH ကဆက်ခန့်ထားတဲ့) ဝင်းမြတ်အေးအပါအဝင် NLD ပါတီနဲ့ အစိုးရအဖွဲ့ဟာ ရိုဟင်ဂျာ လူမျိုးစုတွေရဲ့ တည်ရှိမှုကိုတောင် ပြောင်ပြောင်တင်းတင်း ငြင်းဆန်ခဲ့သူတွေ ဖြစ်တယ်။ စစ်တပ်ရဲ့ လူမျိုးတုန်း သတ်ဖြတ်မှုတွေကို နိုင်ငံတကာ မျက်နှာစာအထိ တက်ကာခဲ့သူတွေဖြစ်တယ်။ ရခိုင့်တပ်မတော်ကို အကြမ်းဖက်အုပ်စုလို့ ကြေညာခဲ့တယ်။ ရခိုင်မှာ မေတ္တာတရား ခေါင်းပါးနေတယ်လို့ NLD ဒုဥက္ကဋ္ဌလည်းဖြစ် မန်းဝန်ချုပ်လည်း ဖြစ်တဲ့ ဇော်မြင့်မောင်ကိုယ်တိုင် ပြောခဲ့တယ်။ ကျန်တဲ့ လူနည်းစု လူမျိုးစုတွေနဲ့ပတ်သက်ရင်လည်း NLD ရဲ့ လုပ်ရပ်ဟာ အနုတ်လက္ခဏာ ပြနေတယ်။ စာရွက်ပေါ်က မရေရာတဲ့ ကတိတွေထက် လက်တွေ့လုပ်ရပ် (Deeds) အရ အဖိနှိပ်ခံ လူနည်းစု လူမျိုးစုတွေဟာ CRPH ပြောတဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဘယ်လို ယုံရမလဲ။ ဘယ်လိုမှ ယုံစရာမရှိဘူး။ ဒါ့ကြောင့် CRPH က ဖက်ဒရယ် တပ်မတော် ပေါ်လာအောင် Coordinate လုပ်နိုင်မယ်လို့ စိတ်ကူးယဉ်နေမလား။ (CRPH ကြေညာထားတဲ့ ပဋိညာဉ်ထဲမှာလည်း ဖက်ဒရယ် တပ်မတော်ဆိုတဲ့ စကားလုံးတောင် ပါမလာဘူး။) Coordinate လို့ တမင်ရွေးသုံးခြင်းဖြစ်တယ်။ CRPH က လူမျိုးစု လက်နက်ကိုင် အဖွဲ့တွေကို ဦးဆောင်ဖွဲ့နိုင်ခြင်း မရှိလို့ပဲ။ တပ်အင်အားနဲ့ ကိုယ်ပိုင် လွတ်မြောက်နယ်မြေနဲ့ ရှိပြီးသား အဖွဲ့အစည်းတွေကို ဘာတပ်အင်အား၊ ဘာလွတ်မြောက်နယ်မြေမှ မရှိလို့ သွားခိုလှုံနေရတဲ့ CRPH က ဘယ်လို ဦးဆောင်ဖွဲ့မလဲ။

နောက်ထပ် အရေးကြီးတာက လူမျိုးစု လက်နက်ကိုင် အဖွဲ့အသီးသီးဟာ **လူမျိုးစု အခြေခံထားခြင်း** ဖြစ်တယ်။ **နယ်မြေအခြေခံ လှုပ်ရှားခြင်း** ဖြစ်တယ်။ **တရုတ်အပေါ် မှီခိုထား**ရတယ်။ **ဒီလို အကျိုးစီးပွား မတူတဲ့ လက်နက်ကိုင်အဖွဲ့တွေကို ဘယ်လုပ်ငန်းစဉ်အပေါ်မှာ အခြေခံစုစည်းကြမလဲ။ ဘယ်သူတွေက ဦးဆောင်မလဲ။** တနည်းဆိုရရင် သေနတ်ကို ဘယ်သူက အမိန့်ပေးမလဲ။ သေချာတာကတော့ ဒီလို မတူတဲ့ အင်အားစု အသီးသီးကို CRPH က အမိန့်ပေးမယ် ဖြေလို့မရဘူး။ ဖက်ဒရယ်တပ်တခုဖွဲ့မယ်လို့ စိတ်ကူးရင် ဒီပြဿနာနှစ်ရပ်ကို ရှင်းနိုင်မှ ရမယ်။ ၁၉၄၉ မှာ ဖဆပလ အစိုးရဟာ ရန်ကုန်အစိုးရလို့ ခေါ်ရတဲ့ အနေအထားရောက်နေပြီ။ ဗကပ နဲ့ KNU က ဝိုင်းတိုက်လို့ ပြိုလုဆဲဆဲဖြစ်နေပြီ။ ဒါဖြင့် မေးစရာရှိတယ်။ တဲတဲလေးကျန်တဲ့ ရန်ကုန်အစိုးရကို ဘာလို့ မဖြိုနိုင်သလဲ။ **တော်လှန်ရေး အဖွဲ့နှစ်ခုကြား ဘုံလုပ်ငန်းစဉ်မရှိလို့** ဖြစ်ကြောင်း ရဲဘော်ထွန်းက နိဂုံးချုပ်ခဲ့တယ်။ ဒါ့ကြောင့် ဖက်ဒရယ်တပ်ကို CRPH က ဦးဆောင်ဖွဲ့နိုင်လိမ့်မယ် ထင်နေရင် စိတ်ကူးယဉ်လွန်းရာ ရောက်မယ်။

(၃)

ဖက်ဒရယ် တပ်လို့ပဲ အော်အော်၊ ပြည်သူ့ လုံခြုံရေးအဖွဲ့၊ ပြည်သူ့ ကာကွယ်ရေး အဖွဲ့လို့ပဲ အော်အော် သူတို့ရည်မှန်းချက်က စစ်ကောင်စီပြုတ်ကျလို့ အစိုးရတာက်လုပ်နိုင်ရင် အမြဲတမ်း စစ်တပ်၊ ရဲတပ်နဲ့ ဗျူရိုကရေစီကို ပြန်အသက်သွင်းမယ်။ ဒါကို အတိအလင်း ထုတ်ပြောထားပြီးသား ရှိတယ်။ တနည်းဆိုရရင် State Machine ကြီးကို မအလတွေ နေရာ ငါတို့သာ တက်မောင်းရင် အကုန်ကောင်းပြီလို့ တွက်ထားခြင်း ဖြစ်တယ်။ တော်လှန်ရေး တရပ်ဟာ အမြဲတမ်း စစ်တပ်၊ ရဲတပ် နဲ့ ဗျူရိုကရေစီကို ပြန်အသက်သွင်းမယ် (ဒါမှမဟုတ်)

မွမ်းမံအသုံးပြုမယ် သွားလုပ်လို့မရဘူး။ အပြီးတိုင် ဖြိုဖျက်ပစ်ရေးပဲ လုပ်ရမယ်။ ဖြိုဖျက်ပြီးရင် ဘယ်လိုဆက်လုပ်ကြမလဲ မေးစရာ ရှိတယ်။



အမြဲတမ်းစစ်တပ်၊ ရဲတပ်နဲ့ ဗျူရိုကရေစီတို့ဟာ လူထုနဲ့ ကင်းကွာနေတယ် (Separate)၊ လူထုရဲ့ ထိန်းချုပ်မှုအောက်မှာ မရှိဘဲ သီးခြား ဖြစ်နေတယ် (Independent)၊ လုပ်သားထု မရရှိတဲ့ အခွင့်ထူးတွေ ဆီဦးထောပတ်တွေ ရရှိနေတယ်။ ဒါ့ကြောင့် လူထုဒီမိုကရေစီ အပြည့် အဝ ရဖို့ဆိုရင်၊ အခုလို လက်နက်ကိုင် စစ်တပ်က ရမ်းချင်တိုင်းရမ်း သတ်ချင်တိုင်း သတ်လို့ မရအောင်ဆိုရင် အဖိနှိပ်ခံ လူထုကိုယ်တိုင် လက်နက်တပ်ဆင်ရေးကလွဲလို့ တခြားနည်းမရှိပေ။ လုပ်သားထုကိုယ်တိုင် စစ်ပညာလေ့ကျင့်ထားမယ်၊ စုစည်းထားမယ်၊ လက်နက် တပ်ဆင်ထားမယ်ဆိုရင် အခုလို လက်နက်ရှိသူက လက်နက်မဲ့သူကို သတ်ချင်သလို သတ်တာမျိုး လုပ်လို့မရဘူး။ အဲသလို မဟုတ်ဘဲ လက်နက်မဲ့ လူထုကို ကာကွယ်ပေးဖို့ လူတစုက အမြဲတမ်းစစ်တပ်၊ ရဲတပ်အနေနဲ့ လက်နက်ကိုင် ဆောင်ထားတယ်ဆိုရင် (ဖက်ဒရယ် တပ်ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်) လူထုအဖို့ defenceless ဖြစ်နေမှာပဲ။ ဒါ့ကြောင့် အမြဲတမ်းစစ်တပ်၊ ရဲတပ်ကို ပြန်အစားထိုးရမှာ မဟုတ် ဘူး၊ Universal Arming of the People ကို လက်တွေ့အကောင်အထည်ဖော်ရမယ်။ ဒီလို အကောင်အထည် ဖော်နိုင်ရင် လူထုအထက် မှာ လူထုထိန်းချုပ်မှု ကင်းလွတ်နေတဲ့ လက်နက်ကိုင်အဖွဲ့ သီးခြား မတည်ရှိနိုင်ဘူး။ အလားတူပဲ၊ လက်နက်တပ်ဆင်ထားတဲ့ လူထု ကိုယ်တိုင် လူ့အဖွဲ့အစည်း လည်ပတ်ရေးမှာ အလှည့်ကျ တာဝန်ယူလာတဲ့အခါ အခွင့်ထူးခံ သီးခြား ဗျူရိုကရက် အလွှာတခု မလိုအပ် တော့ဘူး။

- **Fight For A Mass Revolutionary Party**
- **For A Universal Arming of the People Led by Proletarian Militia**
- **Abolish the Military Police State**

# ပါလီမန် ဒီမိုကရေစီဟာ ဒီတော်လှန်ရေးရဲ့ ပန်းတိုင်ဖြစ်သင့်သလား

## • မေဆန်

အခု ဖြစ်နေတာ တော်လှန်ရေးပါ။ မင်းပြောမှလား၊ လူတိုင်းက နွေဦးတော်လှန်ရေးလို့ ပြောနေတာပဲလို့ စောဒကတက်နိုင်တယ်။ ဟုတ်ပါတယ်။ ဒါပေမယ့် တချို့က တော်လှန်ရေးကို ပါးစပ်က ပြောပေမယ့် တကယ့် လက်တွေ့မှာ တော်လှန်ရေး မတိုင်ခင်ကလိုပဲ စဉ်းစား လုပ်ဆောင်နေကြလို့ ဒီလို ပြောရခြင်း ဖြစ်ပါတယ်။

တော်လှန်ရေးမတိုင်ခင်က နိုင်ငံရေးဆိုတာ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပါတီတွေရဲ့ အလုပ်၊ ငါတို့နဲ့မဆိုင်ဘူးလို့ သာမန် ပြည်သူအများစုက ယူဆထားခဲ့ကြတယ်။ သူတို့ဘဝတွေကို အပြောင်းအလဲဖြစ်အောင် လုပ်ပေးနိုင်မယ် ယူဆထားတဲ့ ASSK ခေါင်းဆောင်သော လစ်ဘရယ် ပါတီ (NLD) ကို ထောက်ခံပေးခဲ့ကြတယ်။ ASSK ခေါင်းဆောင်တဲ့ NLD သာ (မဲနိုင်ရင်) အစိုးရဖြစ်ရင် ငါတို့ဘဝ အပြောင်းအလဲဖြစ်မှာပဲလို့ ထင်နေခဲ့ကြတယ်။ ၂၀၁၅-၂၀၂၀ NLD အစိုးရ ငါးနှစ်တာ သက်တမ်းက ဒီအမြင်ကို မှားကြောင်း သက်သေပြသွားတယ်။ ဒါ့ကြောင့် မဲမပေးရေး ကမ်ပိန်းတွေ ပေါ်လာတာပဲ။ ဒါပေမယ့် မဲပေးလည်း ဘာမှမထူးဘူးလို့ ကောက်ချက်ချနိုင်တာ နိုင်ငံရေးအသိ နိုးကြားလာတဲ့ လူနည်းစုပဲ ရှိသေးတယ်။ ဝမ်းတခါးအတွက် ကုန်းရုန်းနေကြရသူ လူအများစုအဖို့ စစ်အုပ်စုကို မုန်းရင် ရွေးစရာ NLD ပဲရှိတယ်၊ ASSK ခေါင်းဆောင်တဲ့ NLD က ဘာမှ ကောင်းအောင် လုပ်မပေးနိုင်လဲ စစ်တပ်နဲ့စာရင် တော်ပါသေးတယ် ဆိုတဲ့ “Lesser Evil” အဖြစ် သဘောထားပြီး ၂၀၂၀မှာ NLD ကို မဲဆက်ပေးခဲ့ကြတယ်။ ဒါ့ကြောင့် NLD ဟာ ၂၀၂၀ မှာ မဲဆက်နိုင်တာပဲ။

ဒါပေမယ့်လည်း မအလ အာဏာရူးနဲ့ တွေ့တဲ့အခါ ဒီစိတ်ကူးယဉ် အိပ်မက်ကနေ လန့်နိုးလာကြရတယ်။ လူထုလိုချင်တဲ့ အပြောင်းအလဲကို ဖော်ဆောင်ပေးနိုင်သယောင် လေပစ်ထားတဲ့ ASSK အပါအဝင် NLD ပါတီကိုယ်တိုင် စစ်အုပ်စု ပြုသမျှ နုရတဲ့ အခြေဆိုက်နေပြီ။ လစ်ဘရယ်ပါတီကို အားကိုးနေလို့ မရတော့ဘူး။ ငါတို့ကိုယ်တိုင် တိုက်ယူမှ ရမယ်၊ အပြောင်းအလဲကို ငါတို့လက်နဲ့ ထုဆစ်မှရမယ်လို့ ရှင်းရှင်းလင်းလင်း သိသွားတယ်။ ဒီအခါ နိုင်ငံရေးဆိုတာ ငါတို့နဲ့ မဆိုင်ဘူးလို့ အောက်မေ့ထားသူတွေကိုယ်တိုင် နိုင်ငံရေး တိုက်ပွဲထဲ အလုံးအရင်းနဲ့ ဝင်ပါလာကြရတယ်။ နိုင်ငံရေးတိုက်ပွဲမှ “အမြင့်ဆုံး နိုင်ငံရေးတိုက်ပွဲ” ဖြစ်တယ်။ ဒါကို တော်လှန်ရေးလို့ ခေါ်တာပဲ။

ရွေးကောက်ပွဲမှာ မဲပေးတဲ့နည်းနဲ့ အပြောင်းအလဲကို မဖော်ဆောင်နိုင်လို့ (သို့) ပါလီမန် ဒီမိုကရေစီ နည်းလမ်းအတိုင်း အပြောင်းအလဲကို မရနိုင်လို့ မဲပေးခဲ့တဲ့သူတွေကိုယ်တိုင် (လူထုကိုယ်တိုင်) လမ်းမပေါ်ထွက် အသေခံပြီး တော်လှန်တိုက်ပွဲဝင်နေရခြင်း ဖြစ်တယ်။ ဒါကို သဘောပေါက်ရင် “၂၀၂၀ မဲရလဒ်” ကို ဆုပ်ကိုင်ပြီး တရားဝင်မှုတွေ၊ mandate တွေ ရထားတယ်လို့ အော်နေခြင်းဟာ တော်လှန်ရေးမှာ လူလည်လာကြတဲ့ အကွက်၊ ခေါင်းဆောင်မှုနေရာ လာလုတဲ့အကွက်လို့ ရှင်းရှင်းလင်းလင်း မြင်နိုင်လိမ့်မယ်။

ဟုတ်ပြီ၊ တော်လှန်ရေးမှာ ဖျာဝင်ခင်းချင်သလား၊ ခင်းပါ။ ခေါင်းဆောင်မှုနေရာ လိုချင်သလား၊ ယူပါ။ ယူထားရင်တော့ တော်လှန်ရေး ခေါင်းဆောင်မှု တာဝန်ကို ထမ်းဆောင်နိုင်ရလိမ့်မယ်။ တော်လှန်ရေး ခေါင်းဆောင်မှုရဲ့ တာဝန်ကို “CRPH မှာ ဒါတွေ လုပ်ရမယ့် တာဝန်ရှိတယ်” ဆောင်းပါးမှာ တင်ပြထားပါတယ်။ လက်တွေ့မြေပြင်မှာ ဘယ်တာဝန်ကို ထမ်းဆောင်နေသလဲ ဆန်းစစ်ကြည့်သင့်တယ်။ မထမ်းဆောင်နိုင်ဘဲ ခေါင်းဆောင်မှု ဆက်ယူနေရင် ဒီတော်လှန်ရေးရဲ့ သမိုင်းတရားခံ ဖြစ်သွားမယ်။

တချို့က ဒီလို ဝေဖန်တဲ့အခါ စောဒက တက်ချင်တယ်။ မင်းတို့ ဝေဖန်တာ ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် မဲနိုင်ထား သူတွေကို ကိုယ်စားပြု အုပ်ချုပ်ခိုင်းတဲ့ ပါလီမန် ဒီမိုကရေစီစနစ်ကို မကြိုက်ရင် တခြား ဘာရွေးစရာ ရှိသလဲ။ စစ်အာဏာရှင်စနစ်နဲ့စာရင် တော်သေးတယ် မဟုတ်လား ဆိုတဲ့ "Lesser Evil" ဘောင်ထဲ ပြန်ရောက်တယ်။ ဒါ့ကြောင့် တော်လှန်ရေးကာလမှာ တော်လှန်ရေး မတိုင်ခင်ကလို စဉ်းစား လုပ်ဆောင်နေကြတာလို့ ဆိုခဲ့ခြင်း ဖြစ်တယ်။ လစ်ဘရယ်တွေက နိုင်ငံတော်အာဏာဟာ ပြည်သူတွေဆီက ဆင်းသက်တယ်လို့ ဆိုကြတယ်။ ဒါပေမယ့် တကယ့် လက်တွေ့မှာ ပြည်သူတွေက လူ့အဖွဲ့အစည်းကို အုပ်စိုးရာမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခွင့်ရှိတဲ့ စနစ်မျိုး စိတ်ကူးပင် မယဉ်ရဲဘူး။ လက်တွေ့ လုပ်ရဲဖို့ကား ဝေးစွ။

သူတို့ပြောတဲ့ ဒီမိုကရေစီဆိုရာမှာ၊ နိုင်ငံတော်အာဏာ ပြည်သူတွေဆီက ဆင်းသက်တယ်ဆိုရာမှာ ပြည်သူတွေက ဘူဇွာနိုင်ငံရေး ပါတီတွေကို ၄-၅နှစ် တကြိမ်ကျ မဲပေးခွင့်ရှိတာကို ဆိုလိုရင်း ဖြစ်တယ်။ ပြည်သူတွေက နိုင်ငံရေးသမားတွေ၊ ဘူဇွာ နိုင်ငံရေးပါတီတွေကို ၄-၅ နှစ်တကြိမ် မဲပေးရမယ်၊ ပြီးသွားရင် အနိုင်ရတဲ့ ဘူဇွာ နိုင်ငံရေးသမား ကိုယ်စားလှယ်တွေကပဲ နိုင်ငံ့အရေးအရာ အားလုံး၊ လူ့အဖွဲ့အစည်းရဲ့ အရေးအရာ အားလုံးကို ဆုံးဖြတ် ပြဋ္ဌာန်းမယ်။ ပြည်သူတွေက မကြိုက်လည်း ဘာမှ မတတ်နိုင်ဘူး။ နောက်ထပ် ၄-၅နှစ် ထပ်စောင့်။ အဆိုးနည်းမယ် ထင်တဲ့ Lesser Evil ကို မဲထည့်။ မဲထည့်လိုက်တဲ့ Lesser Evil ပါတီက ပြည်သူကို ဖိနှိပ်လည်း နောက် ၄-၅ နှစ်စောင့်။ ဒီတော့ လစ်ဘရယ် ဒီမိုကရေစီမှာ ပြည်သူဆိုတာ ပြဋ္ဌာန်းခံ သက်သက်သာ ဖြစ်တယ်။ အုပ်စိုးခံ သက်သက်သာ ဖြစ်တယ်။ လူ့အဖွဲ့အစည်းရဲ့ အရေးအရာ အားလုံးကို လက်တဆုပ်စာ လူနည်းစုက စီရင် ပြဋ္ဌာန်းသွားတာပဲ။

တော်လှန်ရေးဆိုတာ အုပ်စိုးခံ လူထုတရပ်လုံးကိုယ်တိုင် နိုင်ငံရေးတိုက်ပွဲထဲ ပါဝင်လာပြီး သမိုင်းကို ကိုယ်တိုင် ထုဆစ်ကြခြင်းပဲလို့ ဆိုခဲ့တယ်။ ပါလီမန် ဒီမိုကရေစီ စနစ်ဆိုတာ အရင်းရှင် လူတန်းစား ကိုယ်စားလှယ် နိုင်ငံရေး ပါတီတွေကို လူထုက ၄-၅နှစ်တကြိမ် မဲပေးရွေး ချယ်ရတဲ့ စနစ်ဖြစ်လို့ ပြည်သူဆိုတာ အပြဋ္ဌာန်းခံ၊ အုပ်စိုးခံ သက်သက်ပဲ ဖြစ်နေတယ်လို့ ဆိုခဲ့တယ်။ ဒါဖြင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးဖို့၊ လူ့အဖွဲ့အစည်းကို အမြစ်လှန် ပြောင်းလဲဖို့ ဆင်နွှဲနေတဲ့ ဒီတော်လှန်ရေးရဲ့ ပန်းတိုင်က ပါလီမန် ဒီမိုကရေစီ စနစ်ကို အသက်သွင်းရေး ဖြစ်နေရင် ရှေ့နောက် မညီတော့ဘူး။ လူတွေ အမြောက်အမြား အသေခံတိုက်နေရတာ တန်ရဲ့လား။ စဉ်းစားစရာ။

ဟုတ်ပြီ။ ပါလီမန် ဒီမိုကရေစီစနစ်က စစ်အာဏာရှင်စနစ်နဲ့စာရင် မဆိုးသေးဘူး မဟုတ်လား။ တခြား ရွေးစရာ ရှိလို့လား။ ဒါမျိုး စောဒက တက်လာရင် ပါလီမန် ဒီမိုကရေစီ စနစ်ထက် ပိုပြီး ဒီမိုကရေစီကျတဲ့ စနစ် ရှိပါတယ်၊ ခင်ဗျားတို့ တကယ် လုပ်ရဲလား ပြန်မေးလိုတယ်။

ပါလီမန် ဒီမိုကရေစီစနစ်မှာ ပြည်သူက နိုင်ငံရေးပါတီတွေကို ၄-၅ နှစ်တကြိမ်ကျ မဲပေးခွင့်ရှိပေမယ့် နိုင်ငံတော် အာဏာယန္တယားရဲ့ ပင်မ ဒေါက်တိုင်ကြီးတွေဟာ လူထုရဲ့ ထိန်းချုပ်မှုနဲ့ ကင်းလွတ်နေတယ်။ လူ့အဖွဲ့အစည်းရဲ့ အထက်မှာ သီးခြား ရှိနေတယ်။ အဲဒါ ဗျူရိုကရေစီ၊ အမြဲတမ်း စစ်တပ်၊ ရဲတပ်၊ တရားရုံး၊ အကျဉ်းထောင် စတဲ့ ယန္တယားတွေပဲ။

ဗျူရိုကရက်တွေကို ပြည်သူက မဲပေးရွေးချယ်ခွင့် ရှိသလား။ မရှိဘူး။ ဘယ်လောက် ဆိုးဝါးတဲ့ ဗျူရိုကရက် ဖြစ်နေပါစေ၊ ပြည်သူက ဖြုတ်ချပိုင်ခွင့် မရှိဘူး။ ဗျူရိုကရက်ဆိုတာ အထက်လူကြီးကို ပီအောင် ပေါင်းတတ်ဖို့ပဲ လိုတာ။ နိုင်ငံရေးသမားက ၄-၅နှစ်တကြိမ် မဲနိုင်အောင် လုပ်ရသေးတယ်။ ဗျူရိုကရက်က အထက်အရာရှိကို ပီအောင် ကပ်ထားရင် တသက်တာ ရာထူးတည်မြဲရုံမက ရာထူးပါ တိုးသေးတယ်။ ဘယ်ပြည်သူကို စောက်ဖက် လုပ်စရာလိုသလဲ။ မလိုဘူး။ စစ်တပ်က မိုးကျရွှေကိုယ် ဗျူရိုကရက် အလွှာတခု ရှိသေးတယ်။ သူတို့ကျ ဗျူရိုကရေစီ ယန္တယားအတွင်းမှာကို အရပ်သား ဗျူရိုကရက်တွေထက် အခွင့်ထူးတွေ အလျှံပယ်ပိုရ၊ ရာထူးတွေ အထက်စီးကနေ ဖြတ်ယူ။ ပါလီမန် ဒီမိုကရေစီမှာ ဒီဗျူရိုကရက်တွေကို ပြည်သူက ဘာလုပ်နိုင်သလဲမေးရင် ဘာမှ မလုပ်နိုင်ဘူး။ မဲနိုင်လို့ အစိုးရ တက်လုပ်သူတွေလည်း ဗျူရိုကရေစီကို ဒီတိုင်း တက်မောင်းရတာပဲ။ ဖြုတ်ထုတ်ရှင်း လုပ်လို့လည်း မရဘူး။ လုပ်လည်း မလုပ်ရဲဘူး။ ဒီနည်းနဲ့ ဗျူရိုကရေစီကို ကိုင်တွယ်လို့လည်း မရနိုင်ဘူး။

ဗျူရိုကရေစီကို ကိုင်တွယ်ဖို့ဆိုရင် (၁) “အရာရှိအားလုံးကို ပြည်သူက မဲပေးရွေးချယ်ရမယ်၊ ဒါတင်မကသေး၊ မဲပေးလိုက်တဲ့ ပြည်သူအများစုက တောင်းဆိုလာရင် အဲဒီအရာရှိတွေကို အချိန်မရွေး ဖြုတ်ချပိုင်ခွင့်လည်း ရှိရမယ်။”

“All officials will be not only elective but also subject to recall at any time upon the demand of a majority of the electors”

(၂) “အရာရှိဖြစ်နေလို့ အခွင့်ထူး မခံစားစေရ၊ ကျွမ်းကျင် အလုပ်သမားတယောက်ရဲ့ ပျမ်းမျှ လစာထက် ဘယ်အရာရှိမှ ပိုမရစေရဘူး။”
“All officials without exception will be paid at a rate not exceeding the average wage of a competent worker”

နောက်ထပ် အရေးအကြီးဆုံး ဖိနှိပ်ရေး အင်အားစုကြီးဖြစ်တဲ့ အမြဲတမ်းစစ်တပ်၊ ရဲတပ် တို့ဟာလည်း ပါလီမန် ဒီမိုကရေစီမှာ ပြည်သူ့ထိန်းချုပ်မှုအောက် ရှိမနေဘူး။ သီးခြား လွတ်ကင်းပြီး တည်ရှိနေတယ်။ ပါလီမန် ဒီမိုကရေစီမှာ အများပြည်သူအနေနဲ့ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ စုရုံးခွင့်တွေ ရကောင်းရလိမ့်မယ်၊ ဒါပေမယ့် လွတ်လပ်စွာ အကြမ်းဖက်ခွင့်ကိုတော့ အမြဲတမ်း စစ်တပ်၊ ရဲတပ်ကသာ လက်ဝါးကြီးအုပ် ကျင့်သုံးနေတယ်။ ဒါ့ကြောင့် လက်နက်ကိုင် အမြဲတမ်း စစ်တပ်၊ ရဲတပ်က လက်နက်မဲ့ ပြည်သူလူထုကို အခုလိုရမ်းကား သတ်ဖြတ်ချင်တိုင်း သတ်ဖြတ်ခွင့် (လွတ်လပ်စွာ အကြမ်းဖက်ခွင့်) ရနေတယ်။ CRPH အပါအဝင် လစ်ဘရယ်တွေ ပြောနေကြတဲ့ စစ်တပ်က စစ်တန်းလျားပြန်ရေး၊ ရွေးကောက်ခံ အရပ်သားအစိုးရရဲ့ လက်အောက်မှာ စစ်တပ်၊ ရဲတပ်ကို ထားရှိရေးလောက်နဲ့ လူထုကို (လွတ်လပ်စွာ အကြမ်းဖက်ခွင့်ရနေတဲ့) အမြဲတမ်း စစ်တပ်၊ ရဲတပ်က အခုလို မသတ်ဖြတ်ပါဘူးလို့ အာမခံနိုင်သလား။ စစ်တန်းလျားပြန်သွားတဲ့ စစ်တပ်က စစ်တန်းလျားထဲ မနေတော့ဘဲ အရပ်သား အစိုးရကို ဆန့်ကျင်လာရင် ဘာတတ်နိုင်မလဲ။ လက်နက်မဲ့ ပြည်သူကို အခုလို သတ်ဖြတ်နေရင် မသတ်ပါနဲ့ တားနိုင်မလား။ ပါလီမန် ဒီမိုကရေစီမှာ ဘာ အာမခံချက်မှ မရှိဘူး။ အဲဒါဆိုရင် ဒီမိုကရေစီရဲ့ အနှစ်သာရက ဘာလဲ။

ဒီပြဿနာကို ဖြေရှင်းနိုင်မယ့် တော်လှန်ရေး လုပ်ငန်းစဉ်ကို တင်ပြထားပါတယ်။ (၃) “အမြဲတမ်းစစ်တပ်၊ ရဲတပ် ကို ဖျက်သိမ်းပစ်ရမယ်။” [No Standing Army and Police forces]။ (၄) “အမြဲတမ်းစစ်တပ်၊ ရဲတပ်နေရာမှာ အစားထိုးဖို့ လူထုတရပ်လုံးကို လက်နက်တပ်ဆင်ထားရမယ်။[Replaced by Universally Armed People]။ ဒီလုပ်ငန်းစဉ်အကြောင်းကို ဆောင်းပါးနှစ်ခုရေးသားပြီး ဆွေးနွေးတင်ပြထားပြီး ဖြစ်လို့ အကျယ်မချဲ့တော့ပါ။

အဖိနှိပ်ခံလူထုတရပ်လုံးကို လက်နက်တပ်ဆင်ထားခြင်းအားဖြင့် အမြဲတမ်း စစ်တပ်၊ ရဲတပ်ကို မလိုအပ်တော့ဘူး၊ ပြည်သူ့ အသက်အိုးအိမ်ကို ပြည်သူကိုယ်တိုင် ကာကွယ်နိုင်မယ်။ ဒါ့အပြင်၊ ကုန်ထုတ်လုပ်ခြင်း၊ ကုန်ဖြန့်ဖြူးခြင်းကို လက်နက်တပ်ဆင်ထားတဲ့ လူထုကိုယ်တိုင် စနစ်တကျ စီမံခန့်ခွဲနိုင်မယ်။ ဒီနေရာမှာ မေးစရာရှိတာက အလုပ်သမား၊ လယ်သမားထုဟာ ကိုယ့်ဝမ်းကိုယ် ကျောင်းနေရတယ်၊ သေလုအောင် အလုပ်လုပ်နေကြရတယ်၊ ဒီလို အခြေအနေမှာ ပြည်သူ့လခစား ရဲတပ်၊ စစ်တပ်လို အဲဒီ တာဝန်တွေ ဘယ်လို ထမ်းဆောင်နိုင်မလဲ။ ဒီအတွက် အဖြေကရှင်းပါတယ်။ လူထုကိုယ်တိုင် လက်နက် တပ်ဆင်ထားရေးလို့ ဆိုရာမှာ ၂၄နာရီ ခုနစ်ရက်ပတ်လုံး လက်နက်ကိုင်ပြီး အမြဲတမ်း စစ်တပ်လို နေရမယ် ဆိုလိုတာ မဟုတ်ဘူး။ လူဦးရေအလိုက် အလှည့်ကျ အချိုးကျ လက်နက်ကိုင် တာဝန်ယူရေးကို ဆိုလိုခြင်း ဖြစ်တယ်။ ဆိုကြပါစို့၊ Armed People ဖြစ်သွားပြီ၊ လူတယောက်ဟာ တပတ်ကို တရက်ကျ Public Services မှာ တာဝန်ယူရမယ်၊ အဲဒီလို တာဝန်ယူရတဲ့ ရက်တွေအတွက် လုပ်ငန်းရှင်၊ အရင်းရှင်တွေကပဲ လုပ်အားခ စိုက်ထုတ်ပေးရမယ်။ ဒီလိုနည်းနဲ့ လက်နက်တပ်ဆင်ထားတဲ့ လူထု ကိုယ်တိုင် Public Services ကို အလှည့်ကျ တာဝန်ယူသွားရင် သီးခြား ဗျူရိုကရက်အလွှာတခု လိုကို မလိုတော့ဘူး။

(၅) “Parliamentary representative institutions will be gradually replaced by Soviets of people’s representatives”

ပါလီမန် ဒီမိုကရေစီမှာ လွှတ်တော်အမတ်တွေကို ၄-၅နှစ် တကြိမ်ပဲ ပြည်သူက မဲပေးရွေးချယ်ခွင့် ရှိတယ်။ ဒါ့အပြင် မဲဆန္ဒနယ်ကိုလည်း နယ်မြေအခြေခံ၊ လူဦးရေအခြေခံ ပိုင်းခြား သတ်မှတ်တယ်။ အဲဒီအစား အလုပ်ခွင် အခြေခံပြီး လူတန်းစား အလိုက် မဲပေးရွေးချယ်တဲ့ အလုပ်သမား ကိုယ်စားလှယ်များ ဆိုဗီယက်၊ လယ်သမား ကိုယ်စားလှယ်များ ဆိုဗီယက်တွေနဲ့ အစားထိုးနိုင်တယ်။ အခု တော်လှန်ရေးကာလမှာ "ဦးဆောင် သပိတ်ကော်မတီတွေကို သပိတ်မှောက် လူထုကိုယ်တိုင် မဲပေးရွေးချယ်ကြ" ဆိုတာ ဒီလို ဆိုဗီယက်တွေ ပေါ်လာစေဖို့ ပြောတာပဲ။ **မဲပေး ရွေးချယ်ခွင့်သာမက၊ မဲပေးရွေးလိုက်တဲ့ အလုပ်သမားထုကိုယ်တိုင် လယ်သမားထုကိုယ်တိုင် မလိုလားတဲ့ ကိုယ်စားလှယ်ကို ဖြုတ်ချပိုင်ခွင့် ရှိနေရမယ်။** ဒီလို ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းလိုက်တဲ့ ဆိုဗီယက်တွေကို မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်ကနေ ပြည်လုံးကျွတ် ဆိုဗီယက် ညီလာခံ ကျင်းပပြီး အလုပ်သမား၊ လယ်သမားထုရဲ့ ဒီမိုကရေစီ သမ္မတနိုင်ငံအဖြစ် ထူထောင်နိုင်တယ်။

ကမ္ဘာ့တော်လှန်ရေး သမိုင်းအတွေ့အကြုံကို အနှစ်ချုပ်ပြီးရလာတဲ့ သင်ခန်းစာတွေ အခြေခံပြီး ဒီလုပ်ငန်းစဉ် (၅)ခုကို တင်ပြခဲ့ခြင်းဖြစ်တယ်။ ပါလီမန် ဒီမိုကရေစီကလွဲရင် ရွေးစရာ မရှိတော့သယောင် လစ်ဘရယ်တွေက ပြောတတ်ကြတယ်။ ဒီလုပ်ငန်းစဉ် (၅)ရပ်ကို တကယ် လုပ်ရဲရင် ပါလီမန် ဒီမိုကရေစီထက် အနှစ်သာရ ပြည့်ဝတဲ့ ဒီမိုကရေစီကို လူထုကိုယ်တိုင် ထူထောင်ကျင့်သုံးနိုင်ပါတယ်။

**ပါလီမန် ဒီမိုကရေစီမှာ အများပြည်သူအနေနဲ့ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ စုရုံးခွင့်တွေ ရကောင်းရလိမ့်မယ်၊ ဒါပေမယ့် လွတ်လပ်စွာ အကြမ်းဖက်ခွင့်ကိုတော့ အမြဲတမ်း စစ်တပ်၊ ရဲတပ်ကသာ လက်ဝါးကြီးအုပ် ကျင့်သုံးနေတယ်။ ဒါ့ကြောင့် လက်နက်ကိုင် အမြဲတမ်း စစ်တပ်၊ ရဲတပ်က လက်နက်မဲ့ ပြည်သူလူထုကို အခုလို ရမ်းကား သတ်ဖြတ်ချင်တိုင်း သတ်ဖြတ်ခွင့် (လွတ်လပ်စွာ အကြမ်းဖက်ခွင့်) ရနေတယ်။ CRPH အပါအဝင် လစ်ဘရယ်တွေ ပြောနေကြတဲ့ စစ်တပ်က စစ်တန်းလျားပြန်ရေး၊ ရွေးကောက်ခံ အရပ်သားအစိုးရရဲ့ လက်အောက်မှာ စစ်တပ်၊ ရဲတပ်ကို ထားရှိရေးလောက်နဲ့ လူထုကို (လွတ်လပ်စွာ အကြမ်းဖက်ခွင့်ရနေတဲ့) အမြဲတမ်း စစ်တပ်၊ ရဲတပ်က အခုလို မသတ်ဖြတ်ပါဘူးလို့ အာမခံနိုင်သလား။ စစ်တန်းလျား ပြန်သွားတဲ့ စစ်တပ်က စစ်တန်းလျားထဲ မနေတော့ဘဲ အရပ်သား အစိုးရကို ဆန့်ကျင်လာရင် ဘာတတ်နိုင်မလဲ။**

# လီနင်ရေးတဲ့ "ငါတို့ ဘာလုပ်ကြမလဲ" ကျမ်းမှ ရရှိလာသော တော်လှန်ရေး သင်ခန်းစာများ

- **ကိုတင်ဦး ဘာသာပြန်သည်**



လီနင်ရေးတဲ့ "ငါတို့ ဘာလုပ်ကြမလဲ" စာအုပ်ဟာ တော်လှန်ရေးပါတီ တည်ဆောက်ရာမှာ လေ့လာရမယ့် မာ့(က်စ်)ဝါဒ ဂန္ထဝင်ကျမ်းတစောင်ဖြစ်တယ်။ အကြွင်းမဲ့ အာဏာရှင်စနစ်ကို မျိုးစေ့ချပေးခဲ့တဲ့ ကျမ်းရယ်လို့ ပြုပြင်ရေးဝါဒီတွေ နဲ့ ပညာရှင် ဆိုသူတွေရဲ့ ဝေဖန် ပုတ်ခတ်ခြင်းကို မကြာခဏခံရတဲ့ စာအုပ်လည်း ဖြစ်တယ်။

လီနင်ကို ဒီလို ပုတ်ခတ်စော်ကားထားတဲ့ နမူနာတခုအနေနဲ့ သမိုင်းပညာရှင် အန်းထနီ ရိ(ဒ်) ရေးတဲ့ The World on Fire (London, 2008, pp.5–6) က ဒီစာပိုဒ်ကို ကြည့်ပါ၊

"ဘော်ရှီဗစ်ဇင်ကို အလိမ်အညာပေါ် တည်ဆောက်ခဲ့တယ်၊ နောင်လာမယ့် နှစ်ကိုးဆယ်အတွက် ရှေ့ဆောင်လမ်းကို ချမှတ်သွားခြင်း ဖြစ်တယ်။ လီနင်အဖို့ ဒီမိုကရေစီဆိုတာ မရှိ၊ လူထုကိုလည်း အယုံအကြည် နည်းနည်းမှ မရှိ၊ အကြမ်းဖက်မှုကို လုပ်လိုက်ဖို့လည်း နည်းနည်းလေးမှ တေဝေမှု မရှိဘူး။ လူနည်းနည်းလေးနဲ့ ကျစ်ကျစ်လစ်လစ် စုစည်းထားပြီး၊ အမာလိုင်း ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေရဲ့ သံမဏိ စည်းမျဉ်းပါတီမျိုးပဲ လီနင် လိုလားခဲ့တယ်။ ဒီလိုလူတွေကပဲ ခိုင်းတဲ့အတိုင်း တသဝေမတိုင်း လိုက်လုပ်မှာမို့ပဲ။"

ဒီလို ဖြောင်ကျကျ ပုတ်ခတ်မှုမျိုးက ကျနော်တို့အဖို့ အထူးအဆန်း မဟုတ်တော့ဘူး။ ဒါပေမယ့် တကယ့်အမှန် တရားနဲ့တော့ အဝေးကြီး။ အရင်းရှင်စနစ် အကြပ်အတည်းကို ခွဲခြမ်းသုံးသပ်ပြခဲ့လို့ မာ့(က်စ်)ကို ဘူဇွာ ဝေဖန်ရေး ဆရာတွေက မဆိုစလောက် "ချီးမွမ်း" တာမျိုးရှိပေမယ့်၊ လီနင်ကိုတော့ မဆိုစလောက်တောင် အကောင်း ပြောတာမျိုး မရှိခဲ့ဘူး။ လီနင်ကို မသူတော် မဟာမိတ် အပေါင်းက တရ

စပ် ထိုးနှက် တိုက်ခိုက်ခဲ့ကြတယ်။ သူတို့ ဒီလို ဘာလို့ လုပ်ကြသလဲ။ ရှင်းပါတယ်။ လီနင်က ဆိုရှယ်လစ် တော်လှန်ရေးကို အကောင်အထည် ဖော်နိုင်တဲ့ ပါတီတခုကို တည်ဆောက်ခဲ့တယ်၊ ဒါဟာ ကမ္ဘာ့ အလုပ်သမား လူတန်းစားအဖို့ ရှေ့ဆောင် နမူနာ ဖြစ်ခဲ့တယ်။ အရင်းရှင် စနစ်ကို လက်တွေ့ ဘယ်လို ဖြိုချနိုင်သလဲ ပြသနိုင်ခဲ့တယ်။

ဒီတော့ ဘူဇွာတွေဟာ လီနင့် လက်ရာတွေရဲ့ "တကယ့်အနှစ်သာရကို မြေမြှုပ်ပစ်ပြီး" စတာလင်ဝါဒနဲ့ လီနင်ဝါဒကို "အနှစ်သာရ အားဖြင့်" အတူတူပါပဲလို့ ပုံဖော်ခဲ့ကြတယ်။ ဒီအယူအဆကို လစ်ဘရယ်တွေ၊ ဒီမိုကရက်တွေ၊ ပြုပြင်ရေးဝါဒီတွေ၊ စိတ်ကူးစံဝါဒီတွေ၊ လက်တွေ့ဝါဒီတွေ၊ အနားခစ်(စ်)တွေ အားလုံးက တညီတညွတ်တည်း သဘောတူကြတယ်။

ဘယ်လိုပဲ အခြေအမြစ်မရှိတဲ့ ပုံဖျက်တိုက်ခိုက်မှုတွေ ရှိနေပါစေ၊ ငါတို့ဘာလုပ်ကြမလဲ ကျမ်းကတော့ မာ့(က်စ်)ဝါဒ စာပေထဲမှာ အရေးကြီး ကျမ်းတစောင် ဖြစ်နေတယ်၊ လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ်လိုသူတွေ လေးလေးနက်နက် လေ့လာဖို့လိုအပ်တဲ့ ရုပ်ရှား မာ့(က်စ်)ဝါဒ သမိုင်းထဲက အဓိက မှတ်တိုင်ကြီး တခုပဲ။

ဒီကျမ်းကို အလေးအနက် အာရုံစိုက်သင့်သလောက် မစိုက်ကြခြင်း အကြောင်းတွေထဲက တခုကတော့ ဒီစာအုပ်ထဲမှာ လွန်လွန်ကျူးကျူး ဖောင်းပေးပြောထားတဲ့ တချက်ပါနေလို့လည်း ဖြစ်နိုင်တယ်။ အလုပ်သမား လူတန်းစားကို သူ့ချည်းသာ ပစ်ထားလိုက်ရင် အလုပ်သမား သမဂ္ဂ အသိစိတ်လောက်ပဲ ရရှိနိုင်မယ်လို့ ဆိုရာမှာ လီနင်က သူပြောနေတဲ့ အကြောင်းအရာကို ပေါ်လွင်အောင် အလွန်အမင်း ဖိပြောလိုက်တာဖြစ်တယ်။

တကယ်တော့ လီနင် အလွန်အကျူး ပြောခဲ့သလိုတော့ မဟုတ်ပါဘူး။ ဒါကိုလည်း သမိုင်းက အခါခါ သက်သေပြခဲ့ပါပြီ၊ ချားတစ်(စ်) လှုပ်ရှားမှုကစလို့ တိုက်ပွဲဝင် အလုပ်သမား လူတန်းစားဟာ ဆိုရှယ်လစ် သိစိတ်ကို ရရှိနိုင်ကြောင်း လက်တွေ့ပြခဲ့ပြီ။ ဒီကျမ်းထဲမှာ ဆိုထားသလိုပဲ၊ ဒီအယူအဆကို ကား(လ်) ကောက်စကီး ဆီကနေ လီနင် ယူထားခြင်း ဖြစ်တယ်။ ကောက်စကီးဆိုတာ အဲဒီခေတ် ဂျာမန် ဆိုရှယ် ဒီမိုကရေစီနဲ့ ဒုတိယ အင်တာနေရှင်နယ်ရဲ့ ခေါင်းဆောင် တဦးဖြစ်တယ်။

တကယ်တော့ ဒီအယူအဆကို လီနင် ဒီတကြိမ်ပဲ တင်ပြခဲ့ခြင်း ဖြစ်တယ်၊ ဒီအမှားကို နောက်ထပ် တခါမှ လီနင် ထပ်မပြောတော့ဘူး။ ဒီကျမ်းထဲမှာကို အဆိုပါ အယူအဆဟာ "အင်မတန် ရိုးရှင်းအောင် ဒွဲဒိုးပြောချလိုက်တဲ့ ဖော်မြူလာ" တခုပဲလို့ လီနင် ဝန်ခံထားတယ်၊ အဲဒီကာလ အလုပ်သမား လှုပ်ရှားမှုအတွင်း ပေါ်ပေါက်နေတဲ့ လက်ယာလိုင်း "စီးပွားရေးဝါဒီတွေ" ရဲ့ အချောင်သမားဆန်ဆန် သွေဖည်မှုကို တိုက်ခိုက်ဖို့ လီနင်က အဆိုပါ အယူအဆကို ဖိပြောခဲ့ခြင်း ဖြစ်တယ်။ ဒီ"စီးပွားရေးဝါဒီတွေ"က တော်လှန်ရေးပါတီရဲ့ ဦးဆောင်မှု အခန်းကို ငြင်းပယ်ခဲ့ကြတယ်။

ဒီလို လွန်လွန်ကျူးကျူး ဖိပြောတဲ့တချက် ပါပေမယ့်လည်း လီနင်ရဲ့ ငါတို့ဘာလုပ်ကြမလဲ ကျမ်းထဲမှာ တော်လှန်ရေး ပါတီရဲ့ အရေးပါမှုကို ရှင်းလင်းထားတဲ့ အသိပညာတွေ အမြောက်အမြား ပါဝင်နေတယ်။ ဒီကနေ့ခေတ်မှာ သေချာလေ့လာကြဖို့ ကောင်းတယ်။ ပါးစပ်ပြောနဲ့တင်မဟုတ်ဘဲ လက်တွေ့လုပ်ရပ်နဲ့ပါ လီနင်ဝါဒီ ဖြစ်လိုသူတိုင်း ဒီကျမ်းကို လေ့လာကြဖို့ တိုက်ဖော်တိုက်ဖက်လည်းဖြစ်၊ လီနင်ရဲ့ ဇနီးလည်းဖြစ်တဲ့ ကရုပ်(ပ်စ်)ကားယာက တိုက်တွန်းခဲ့တယ်။ (Reminiscences of Lenin, p.66)

ဒီစာအုပ်ကို ၁၉၀၂ အစောပိုင်းမှာ ထုတ်ဝေခဲ့တယ်၊ ရုပ်ရှား မာ့(က်စ်)ဝါဒီ အစုတွေကြား ဝမ်းပန်းတသာနဲ့ လက်ခံခဲ့ကြတယ်။ "ငါတို့ ဘာလုပ်ကြမလဲ စာအုပ်က ကြီးမားတဲ့ အသီးအပွင့်တခုပဲ၊ ဒီကျမ်းက အင်မတန် အရေးကြီးတဲ့ အခြေခံ ပြဿနာတွေကို အဖြေပေးသွားတယ်၊ စနစ်တကျ အလုပ်လုပ်တဲ့ မြေအောက်အဖွဲ့အစည်းတခု လိုအပ်နေပြီလို့ အားလုံးက လှိုက်လှိုက်လှဲလှဲ ခံစားမိလာတယ်" လို့ ကရုပ်(ပ်စ်) ကားယာက ရှင်းပြခဲ့တယ်။

"ဒီစာအုပ်က အဖွဲ့အစည်းတခု ပေါ်ပေါက်လာဖို့ အပြင်းအထန် ဆော်ဩချက်ပဲ၊ အဖွဲ့အစည်းတခု တည်ဆောက်ဖို့ စီမံကိန်းကြီးတခုကို အကြမ်းဖျင်း ချပြထားတယ်၊ ဒီလို စနစ်တကျ တည်ဆောက်မယ့် အဖွဲ့အစည်းအတွင်းမှာ လူတိုင်းက ကိုယ့်အခန်းကဏ္ဍကိုယ် ရှာတွေ့

လိမ့်မယ်၊ တော်လှန်ရေး ယန္တရားတခုအတွင်းက ခွေးသွားစိတ်တခု ဖြစ်လာလိမ့်မယ်၊ ဘယ်လိုပင် သေးငယ်တဲ့ ခွေးသွားစိတ် ဖြစ်ပါစေ၊ တော်လှန်ရေး ယန္တယားကြီး လည်ပတ်နိုင်စေဖို့ မရှိမဖြစ် အရေးပါတယ်။” (Reminiscences of Lenin, p.76)

လီနင်ရဲ့ ဒီစာအုပ်ဟာ ရပ်ရှားတော်လှန်ရေး လှုပ်ရှားမှုရဲ့ အစောပိုင်းကာလမှာ အင်မတန် အကျိုးပြုခဲ့တယ်။ အဲဒီကာလမှာ လီနင်ရေးခဲ့တဲ့ တခြားဆောင်းပါးတွေ အထူးသဖြင့် “ဘယ်ကစကြမလဲ” ဆောင်းပါးနဲ့ ချိတ်ဆက် ဖတ်သင့်တယ်။ “ဘယ်ကစကြမလဲ” ဆောင်းပါးကို အခြေခံပြီး “ငါတို့ဘာလုပ်ကြမလဲ” စာအုပ်ကို တိုးချဲ့ပြုစုခဲ့ခြင်းဖြစ်တယ်။

“ဘယ်ကစကြမလဲ” ဆောင်းပါးမှာ အခုလို စဖွင့်ထားတယ်၊ “ဒီဘက်နှစ်တွေအတွင်း ‘ငါတို့ဘာလုပ်ကြမလဲ’ ပြဿနာဟာ ရပ်ရှား ဆိုရှယ်ဒီမိုကရေစီ ရင်ဆိုင်နေရတဲ့ အင်မတန် အရေးကြီး ကိစ္စဖြစ်တယ်။ (ပြီးခဲ့တဲ့ ၁၈၈၀ နဲ့ ၁၈၉၀ အစောပိုင်း နှစ်တွေတုန်းကလို) ငါတို့ ဘယ်လမ်းကို ရွေးချယ်ကြမလဲ ပြဿနာ မဟုတ်တော့ဘူး၊ ရွေးပြီးသား လမ်းကြောင်းပေါ်မှာ လက်တွေ့ ဘာစလုပ်ကြမလဲ ပြဿနာဖြစ်တယ်၊ ဒီခြေလှမ်းတွေကို လက်တွေ့ ဘယ်လို လှမ်းကြမလဲ ဆိုတဲ့ ကိစ္စဖြစ်တယ်။ လက်တွေ့ လုပ်ငန်း ဖော်ဆောင်ရေး စီမံကိန်းနဲ့ စနစ်ပြဿနာ ဖြစ်တယ်။” (LCW, vol.5, p.17) ဒီနောက် လီနင်ရေးခဲ့တဲ့ “ငါတို့ဘာလုပ်ကြမလဲ” စာအုပ်ဟာ ဒီအခြေခံ အယူအဆတွေကို ထပ်မံတိုးချဲ့ထားခြင်း သာဖြစ်တယ်။

- **သဘောတရားရေး ရှင်းလင်းပြတ်သားမှု**

သဘောတရားရေး ရှင်းလင်ပြတ်သားမှုရှိဖို့ မာ့(က်စ်)ဝါဒနဲ့ လူတန်းစားတိုက်ပွဲကို ပစ်ပယ်ပြီး တဦးချင်း အကြမ်းဖက် လုပ်ကြံရေးဝါဒကို စန်းတင် ဖော်ထုတ်လာတဲ့ ပေါ်ပြူလစ်ဝါဒကြား တိုက်ပွဲဆင်ခဲ့ရတယ်၊ ဒီနောက် မာ့(က်စ်)ဝါဒရဲ့ တော်လှန်ရေး အနှစ်သာရကို ပစ်ပယ်ထားတဲ့ “ဥပဒေဘောင်ထဲက မာ့(က်စ်)ဝါဒ” ထောက်ခံသူတွေနဲ့ သဘောတရားရေး တိုက်ပွဲ ဆင်နွှဲခဲ့ရတယ်။

လီနင်ရဲ့ ဒီစာအုပ်ထဲမှာတော့ အဲဒီကာလမှာ ခေတ်စားနေတဲ့ “စီးပွားရေးဝါဒီတွေ”ရဲ့ အချောင်သမားဝါဒကို သဘောတရားရေး တိုက်ပွဲဆင်ထားတယ်။ ဒီသဘောတရားရေး တိုက်ပွဲတွေကနေပဲ ရပ်ရှား မာ့(က်စ်)ဝါဒ ပုံပေါ်လာခြင်း ဖြစ်တယ်။

တော်လှန်ရေးပါတီတခုရဲ့ ဖွံ့ဖြိုးမှုဖြစ်စဉ်ဟာ အင်မတန် ရှုပ်ထွေးတယ်၊ အတက်အကျ အနိမ့်အမြင့် အဆင့် အမျိုးမျိုးကို ဖြတ်သန်းသွားပြီး နှစ်တွေအတော်ကြာ (ဆယ်စုနှစ်နဲ့ချီပြီးကို ကြာနိုင်) မှ ပုံပေါ်လာတယ် ဆိုတဲ့ အချက်ကို လီနင်ရဲ့ အရေးအသားတွေကနေ ရှင်းရှင်းလင်းလင်း တွေ့နိုင်တယ်။ တော်လှန်ရေးပါတီတခု မွေးဖွားရခြင်းဟာ အင်မတန် နာကျင်ပင်ပန်းနိုင်တယ်၊ မွေးဖွားပြီးနောက်လည်း အခိုင်အမာ ပုံပေါ်လာအောင် တောက်လျှောက် လုံးပန်းရတယ်၊ ပါတီတွင်း အုပ်စု အားပြိုင်မှုတွေ ရှိလာမယ်၊ လူထုကြား အင်နဲ့အားနဲ့ ထွက်ပေါ်မလာခင် ပါတီတွင်းက အုပ်စုတွေကြား ကွဲကြပြဲကြတာတွေလည်း ရှိနိုင်တယ်။

လီနင်စာအုပ်ဟာ ဒီကနေ့ခေတ်မှာ လေးလေးနက်နက် လေ့လာဖို့ အရေးကြီးလာတယ်၊ ရပ်ရှားတော်လှန်ရေး နှစ်တရာပြည့်လာတဲ့ အခုကာလမှာ လီနင်နဲ့ လီနင်ဝါဒကို တိုက်ခိုက်မှုတွေ တရစပ် ရှိနေသလို၊ ဂိုဏ်းအုပ်စုအသီးသီးရဲ့ နိုင်ငံရေး အခြေမခိုင်မှုလည်း ရှိနေလို့ပဲ။ ဒီဂိုဏ်းဂဏ သမားတွေဟာ လက်ဝဲစွန်း အလုပ်တွေ တစောက်ကန်း ထလုပ်ပြီး မရှုနိုင် မကယ်နိုင်ဖြစ်လာတော့ မျှော်လင့်ချက်အားလုံး ကျောခိုင်းပြီး အချောင်သမားဘဝ ရောက်ကုန်တယ်။

ဒါဟာ “လီနင်ဝါဒီ” အဖွဲ့အစည်း ဆိုတဲ့ Socialist Workers Party လိုက်သွားတဲ့ လမ်းကြောင်းပဲ။ ဒီပါတီဟာ အဖွဲ့အစည်းတွေ အများကြီး (the Anti–Nazi League, Respect, Stop the War Coalition and Stand Up to Racism) ကို တပ်ပေါင်းစုတခုအဖြစ် နှစ်ပေါင်းအတော်ကြာ တည်ဆောက်ထားခဲ့တယ်။ ဒီတပ်ပေါင်းစုမှာ ဆိုရှယ်လစ် လုပ်ငန်းစဉ် တခုတလေတောင် မပါဘူး။ ဆိုရှယ်လစ် လုပ်ငန်းစဉ်ကို ချခဲ့ရင် လစ်ဘရယ် မိတ်ဆွေတွေနဲ့ ကင်းကွာသွားမှာ ကြောက်လို့ပဲ။ SWP ရဲ့ “နယ်ချဲ့ ဆန့်ကျင်ရေး” အမည်ခံ အချောင်သမားဝါဒဟာ သူတို့ကို အစိတ်အပိုင်း အားလုံးနဲ့ တအိပ်ယာတည်း ပေါင်းဖက်စေခဲ့တယ်၊ မွတ်စလင်ညီအကို ဂိုဏ်းလို ဖောက်ပြန်ရေး အစိတ်အပိုင်းတွေနဲ့ပါ လက်တွဲလာတဲ့အထိ။

ဒီအဖွဲ့တွေဟာ အလုပ်သမား လူတန်းစားနဲ့ နီးစပ်လာတာနဲ့ သူတို့ရဲ့ ဝါဒဖြန့်မှုကို အလုပ်သမား လှုပ်ရှားမှု အတွင်းက ပြုပြင်ရေးလိုင်းနဲ့ ညှိယူလိုက်ကြတယ်။ တချိန်တည်းမှာပဲ မျက်ကန်း "ထလုပ်ခြင်း" ကို ကိုးဆယ် ခြောက်ပါး အကုန်ပျောက်စေ ဆေးတခွက်လို ဖော်စပ်လာကြတယ်။ ပြုပြင်ရေးလိုင်းဘက် ရောက်သွားတဲ့ သူတို့ရဲ့ "လူထု" သတင်းစာတွေကနေ နိုင်ငံရေး လေပစ်တာပဲ သူတို့ လုပ်ကြတယ်။ အစိုးရက လူထုအသုံးစရိတ်တွေ ဖြတ်တောက်နေတဲ့ ခေတ်မှာ၊ ဆိုရှယ်လစ်ပါတီက မဖြတ်တောက်ရေး မပြောပေမယ့်၊ ဒေသန္တရ အာဏာပိုင်တွေ ဘတ်ဂျက်ကို ဘယ်လိုခွဲတမ်းချ သုံးသင့်ကြောင်း အကြံသွားပေးကြတယ်၊ အရင်းရှင်စနစ်အတွင်း အဖြေရှိသလိုလို။ ဒီလို နည်းနဲ့ သူတို့ဟာ လီနင်တို့ခေတ်က "စီးပွားရေးဝါဒီတွေ"ရဲ့ ဒီကနေ့ ပုံရိပ်ဖြစ်လာတယ်။ "အလုပ်သမား လူတန်းစား လှုပ်ရှားမှုနဲ့ လူတန်းစားတိုက်ပွဲကို ကျဉ်းမြောင်းလှတဲ့ အလုပ်သမား သမဂ္ဂ လုပ်ငန်း သက်သက် အဖြစ် လျှော့ချလိုက်တယ်၊ လီနင်စကားနဲ့ ပြောရရင် 'လက်တွေ့ကျတဲ့' နည်းနည်းချင်း ဖြည်းဖြည်းချင်း ပြုပြင်ယူရေး တိုက်ပွဲအဆင့်ထိ တမင် လျှော့ချပစ်နေတယ်"။

ရုပ်ရှား "စီးပွားရေးဝါဒီတွေ" အဖို့ အလုပ်သမားတွေဟာ စီးပွားရေး ကိစ္စတွေ တနည်းဆိုရင် စားစရာ "ပေါင်မုန့် နဲ့ ထောပတ်" ရရှိရေး လောက်ပဲ စိတ်ဝင်စားကြတယ်။ ဒီချဉ်းကပ်နည်းကို "workerism" လို့ အကျဉ်းချုပ် ဖော်ပြနိုင်တယ်၊ လူထုကြားရောက်ဖို့ "ဖြတ်လမ်းနည်း" အနေနဲ့ နိုင်ငံရေးအဆင့်ကို လျှော့ချဖို့၊ တကယ်တော့ ဒါဟာ ပစ္စည်းမဲ့လူတန်းစားရဲ့ လမ်းကြောင်းမဟုတ်ဘူး၊ အလုပ်သမားထုကို စည်းရုံးနိုင်ဖို့ သူတို့ အကြိုက်လိုက်လုပ်ရမယ်လို့ စိတ်ကူးယဉ်ကြတဲ့ ပညာတတ် အပေါ်စီးက အမြင်သာ ဖြစ်တယ်။ ဒါပေမယ့်လည်း လူထုရဲ့ ချစ်ခင်လိုလားမှုရဖို့ ကြိုးပမ်းတဲ့ ဒီဖြတ်လမ်းနည်းတွေဟာ ဘယ်တုန်းကမှ မအောင်မြင်ခဲ့ဘူး။

လီနင်က ဒီစာအုပ်ကို ၁၉၀၁ ခုနှစ် နှောင်းပိုင်းနဲ့ ၁၉၀၂ အစောပိုင်းကာလမှာ ရေးခဲ့တယ်၊ တော်လှန်ရေး အဖွဲ့အစည်း ထူထောင်ရေးဆိုင်ရာ "အရေးကြီး ပြဿနာတွေ" ကို ဖြေရှင်းဖို့နဲ့ ပါတီအတွင်းက လက်ယာဂိုဏ်းကို ဝေဖန်တိုက်ခိုက်ဖို့ ရေးခဲ့ခြင်း ဖြစ်တယ်။ ဒီကာလမှာ၊ ရုပ်ရှား မာ့က်စ်ဝါဒီတွေက မီးပွား (Iskra) သတင်းစာကို အခြေပြု စုရုံးလာကြတယ်။ ခိုင်မာတဲ့ သဘောတရား အုတ်မြစ်ကို အခြေခံပြီး ပါတီတည်ဆောက်ရေး "မီးပွား" သတင်းစာကနေ တိုက်ပွဲဆင်ခဲ့ရတယ်။

လီနင်ရဲ့ ဒီကျမ်းက သဘောတရားရေးအရ အရေးကြီးတဲ့ အကျိုးပြုမှု ရှိခဲ့တယ်၊ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးမှာ တော်လှန်ရေး ပါတီက စည်းရုံးသူဖြစ်သလို ဦးဆောင်လမ်းပြသူလည်း ဖြစ်တယ်ဆိုတဲ့ အရေးကြီး အခန်း ကဏ္ဍကို ရှင်းပြခဲ့တယ်။ တကယ်တော့ လီနင်ရဲ့ တသက်တာ လုပ်ငန်းကို လေ့လာလိုက်မယ်ဆိုရင် တော်လှန်ရေးပါတီရဲ့ မရှိမဖြစ် အခန်းကဏ္ဍကို တခြားသူ အားလုံးထက် ပိုပြီး နားလည်ခဲ့တယ်ဆိုတာ တွေ့ရလိမ့်မယ်။

လီနင်အဖို့ ဗဟိုဦးစီး ပါတီဟာ လူထုကို တော်လှန်ရေး အောင်ပွဲဆီ ဦးဆောင်သွားနိုင်ဖို့ မရှိမဖြစ် လိုအပ်တယ်။ ဒီလို တော်လှန်ရေး ပါတီ တခုကို နေ့ချင်းညချင်း ဖုတ်ပူမီးတိုက် ထတည်ဆောက်လို့ မရနိုင်ဘူးဆိုတာကို လီနင် ကောင်းကောင်း နားလည်ခဲ့တယ်၊ "လူထု အုံကြွမှု ပေါက်ကွဲထွက်ပြီဆိုမှ အဖွဲ့အစည်းတခု တည်ဆောက်မယ်ဆိုရင် အရမ်းနောက်ကျသွားပြီ"။ ဒီလို လူထုအုံကြွမှုတွေ မဖြစ်ခင်ကတည်းက သိစိတ်ရှိရှိ ကြိုတင် တည်ဆောက်ထားဖို့ လိုအပ်တယ်။ ဒီလို တည်ဆောက်နိုင်ဖို့ "ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမား" ကေဒါတွေ စုဆောင်းခြင်းနဲ့ အစပြုရမယ်။

- **ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားများ**

တော်လှန်ရေးပါတီတခုရဲ့ လုပ်ငန်းတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နိုင်ဖို့ မနူးမနပ်လေးတွေနဲ့ လျော့တိလျော့ရဲ ဖွဲ့စည်းထားလို့ မဖြစ်နိုင်ဘူး၊ "ဒီမိုကရေစီနည်းကျ ဗဟိုဦးစီးချုပ်ကိုင်မှု(DC)" လို့ ခေါ်တဲ့ ဗဟိုဦးစီး ပါတီတခုရဲ့ မူတွေအပေါ် အခြေခံထားဖို့ လိုအပ်တယ်။
DC မူအရ ပါတီဝင်တွေကြား ဒီမိုကရေစီနည်းကျ အကျေအလည် ဆွေးနွေးကြတယ်။ ကွန်းဂရက်(စ်) က အမြင့်ဆုံး အဆင့် ဖြစ်တယ်။ ဒီလို ဒီမိုကရေစီနည်းကျ အကျေအလည် ဆွေးနွေးပြီးရင် ပါတီရဲ့ ပေါ်လစီနဲ့ ဦးစားပေး လုပ်ငန်းတွေကို အများစု သဘောတူညီမှုနဲ့ ဆုံး

ဖြတ်ကြတယ်။ ဒီလို ဆုံးဖြတ်ပြီးသွားရင် ဒါဟာ ပါတီတခုလုံးရဲ့ တရားဝင် ပေါ်လစီ ဖြစ်သွားတယ်။ လီနင်ရဲ့ ဒီအယူအဆက အသစ်အဆန်းတော့ မဟုတ်ဘူး၊ သူလေးစားခဲ့တဲ့ ဂျာမန် ဆိုရှယ်–ဒီမိုကရေစီ ပါတီကို နမူနာယူထားခြင်း ဖြစ်တယ်။

DC သဘောတရားကို သူဖော်ထုတ်ခဲ့တာ မဟုတ်ကြောင်း ရုပ်ရှား ဆိုရှယ်ဒီမိုကရက်တစ် လေဘာပါတီ (RSDLP) ဒုတိယ ကွန်းဂရက်(စ်)မှာ လီနင်က ဖိဖိစီးစီး ပြောသွားခဲ့တယ်၊ “ငါတို့ဘာလုပ်ကြမလဲ စာအုပ်ထဲ တင်ပြထားသလို ငါ့ကိုယ်ပိုင် အယူအဆ ဖော်ထုတ်ချက်တွေကို ထူးထူးခြားခြား အခြေခံမှုတွေ ထည့်သွင်းထားတဲ့ ပါတီလုပ်ငန်းစဉ် အဆင့်ထိ မြှင့်တင်ဖို့ လုံးဝမရည်ရွယ်ဘူး” လို့ လီနင်က ဒုတိယ ကွန်းဂရက်(စ်)မှာ ပြောခဲ့ တယ်။ (LCW, vol.13, p.107)

ဒီကနေ့ခေတ်မှာ ပြုပြင်ရေးဝါဒီတွေနဲ့ မာ့က်စ်ဝါဒကို ကျောခိုင်းသွားသူတွေက လီနင် သဘောထားရဲ့ အနှစ်သာရကို ငြင်းဆိုလာကြတယ်၊ ဒါဟာ အဲဒီခေတ် ဇာဘုရင်အောက်က ရုပ်ရှား အခြေအနေမှာပဲ အသုံးဝင်တယ်လို့ ဆိုလာကြတယ်။ **ဘော်ရှီဗစ်ပါတီ တည်ဆောက်ဖို့ လီနင် တိုက်ပွဲဝင်ခဲ့ခြင်းဟာ ရုပ်ရှားပြည်ရဲ့ ခြွင်းချက် အခြေအနေကြောင့် လို့ဆိုရင် လုံးဝမှားတယ်။**

ဇာဘုရင်အောက်က ရုပ်ရှားရဲ့ အခြေအနေတွေဟာ အင်မတန် ခက်ခဲကြမ်းတမ်းတယ်၊ မြေအောက် လုပ်နည်း လုပ်ဟန်တွေ လိုအပ်တယ်ဆိုတာ အမှန်ပဲ။ ဥပမာ၊ ပါတီ ကွန်းဂရက်(စ်)တွေကို ရုပ်ရှားပြည်တွင်းမှာ မလုပ်နိုင်ခဲ့ဘူး၊ ဖမ်းစီး နှိပ်ကွပ်တာတွေ ရှိခဲ့လို့ပဲ။ ၁၈၉၈ က RSDLP စတင်ထူထောင်ခြင်း ကွန်းဂရက်(စ်) အပြီးမှာ ခေါင်းဆောင်တွေကို ဇာဘုရင်က ဖမ်းစီးထောင်ချခဲ့တယ်။ ပလက်(ခ်)နော့ရဲ့ အလုပ်သမား လွတ်မြောက်ရေး အစုဟာ ပြည်ပမှာ ခိုလှုံရင်း လှုပ်ရှားခဲ့ရတယ်။ အလားတူပဲ၊ မီးပွား (Iskra) သတင်းစာကိုလည်း ပြည်ပမှာ ရိုက်နှိပ်ပြီး ရုပ်ရှား ပြည်တွင်းကို ခိုးသွင်းခဲ့ရတယ်။

ဒါပေမယ့်လည်း လီနင်ရဲ့ ဗဟိုဦးစီးပါတီ တည်ဆောက်ရေး သဘောတရား ပေါ်ပေါက်လာခြင်းဟာ ရုပ်ရှားပြည်ရဲ့ ထူးခြားချက်တွေကြောင့်ချည်း မဟုတ်ဘူး။ အလုပ်သမား လူတန်းစားကို အာဏာသိမ်းနိုင်တဲ့အထိ ဦးဆောင်နိုင်တဲ့ ပါတီတခု တည်ဆောက်ဖို့ လိုအပ်ချက်အရ ဒီသဘောတရား ပေါ်ထွက်လာခြင်း ဖြစ်တယ်။ သမိုင်း အတွေ့အကြုံပေါ် အခြေခံပြီး ဒီလို တပ်ဦးပါတီ တခုရဲ့ အရေးပါမှုကို နားလည်လာခြင်းဖြစ်တယ်။ သမိုင်းမှာ အုပ်စိုးသူ လူတန်းစားဟာ တိုက်ပွဲမဆင်ရဘဲ သူတို့ရဲ့ အခွင့်ထူးတွေနဲ့ အာဏာကို စွန့်ရိုးထုံးစံမရှိခဲ့ဘူး၊ အုပ်စိုးခံတွေရဲ့ ပုန်ကန်တိုက်ပွဲဝင်မှုသာ မရှိရင်၊ သူတို့ရဲ့ လုပ်ပိုင်ခွင့်အာဏာဟာ အဆုံးမရှိတော့။ တော်လှန်ပုန်ကန်သော လူတန်းစားမှာ ဒီစိန်ခေါ်မှုကို ကျော်လွှားဖို့ ပြင်ဆင်ထားတဲ့ ခေါင်းဆောင် ပါတီတခု လိုအပ်ကြောင်း သမိုင်းက သက်သေပြနေတယ်။ လူထုရဲ့ ဂုဏ်ရောင်ပြောင်သော စွန့်လွှတ်စွန့်စားမှု ရှိပေမယ့်လည်း တပ်ဦးပါတီသာ မရှိခဲ့ရင် တော်လှန်ရေး မအောင်မြင်ဘူးလို့ သမိုင်းအတွေ့အကြုံက သင်ကြားပြခဲ့တယ်။

ဘော်ရှီဗစ်ပါတီရဲ့ အရေးပါမှုကို အောက်တိုဘာ တော်လှန်ရေး အောင်ပွဲခံနိုင်ခြင်းက သက်သေထူနေတယ်။ ဒါနဲ့ပြောင်းပြန်၊ လွန်ခဲ့တဲ့ နှစ်တရာအတွင်း အလုပ်သမား လူတန်းစား အလဲလဲ အကွဲကွဲ ကျရှုံးခဲ့ရခြင်းဟာ ဘော်ရှီဗစ်ပါတီမျိုး မတည်ဆောက်နိုင်ခဲ့လို့ ဖြစ်တယ်။ အလုပ်သမား လူတန်းစားနဲ့ ဆိုရှယ်လစ်စနစ် အောင်ပွဲကြားက အဓိက အဟန့်အတားဟာ မဖြေရှင်းနိုင်တဲ့ ခေါင်းဆောင်မှု ပြဿနာပဲ။ ပါတီတည်ဆောက်ရေး ပြဿနာ ဆိုတာ ဒါကို ရည်ညွှန်းခြင်းဖြစ်တယ်။ အလုပ်သမား လူတန်းစားက တော်လှန်ရေး ဖြစ်စဉ်ကို သိရှိနားလည်ပြီး ဦးဆောင်နိုင်တဲ့ တပ်ဦးပြဿနာကို မဖြေရှင်းနိုင်သရွေ့ အလုပ်သမား လူတန်းစားလက်ထဲ အာဏာသိမ်းယူရေးဟာ အလှမ်းဝေးနေဦးမယ်။

အတိတ်က တော်လှန်ရေးတွေ ကျရှုံးခဲ့တာ၊ ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်း တာရှည် ဖြစ်ပေါ်တိုးတက်မှုတွေ (ဒုတိယကမ္ဘာစစ်အပြီး အရင်းရှင်စနစ် တကျော့ပြန် အားကောင်းလာခြင်းကို ရည်ညွှန်း) ရှိလာတာကြောင့် တော်တော်များများက ဒီလိုတပ်ဦးပါတီ တည်ဆောက်ရေး မျှော်လင့်ချက် အားလုံးကို စွန့်ပယ်သွားကြတယ်။ ဒီလို တပ်ဦးပါတီ တည်ဆောက်ရေးကို ယုံမှားသံသယ ဝင်လာကြတယ်၊ ခြေကုန်လက်ပန်းကျ ဖြစ်ကုန်တယ်။

**ကေဒါအဖွဲ့အစည်းကို ပထမဆုံး တည်ဆောက်ရမယ်၊ ဒီနောက် ပါတီတည်ဆောက်ရမယ်။** ဒီလို တည်ဆောက်ရမယ့်အစား၊ “လက်တွေ့လှုပ်ရှားမှု တည်ဆောက်ခြင်း” နဲ့ “လက်ဝဲလှိုင်း တည်ဆောက်ခြင်း” ကို ထွက်ရပ်လမ်းပမာ ပြောလာကြတယ်။ “လက်တွေ့လှုပ်ရှားမှုကို လုပ်ယူလို့မရဘူး” ဆိုတဲ့အချက်ကို သူတို့နားမလည်ကြဘူး။ အလုပ်သမား လူတန်းစား လှုပ်ရှားမှုဆိုတာ ကြီးမားတဲ့ ဖြစ်ရပ်တွေနဲ့

ဖြစ်တည်လာခြင်း ဖြစ်တယ်။ ဒါကိုနားမလည်တော့၊ "လက်ဝဲ" နောက်ခံနဲ့ ပြုပြင်ရေး နွံတောထဲ တဝဲလည်လည် ဖြစ်ကုန်တယ်။ ဒီလိုနဲ့ ဒီကနေ့ အလုပ်သမား လှုပ်ရှားမှုကို တစစီ ပြန့်ကျဲသွားစေတယ်။

လီနင်ရဲ့ စာအုပ်ထဲမှာ ခြုံငုံသုံးသပ်ချက်တွေ အများကြီးပါပေမယ့်၊ ရပ်ရှား လှုပ်ရှားမှုရဲ့ အစောပိုင်း "လေ့လာရေးအစု"တွေနဲ့ သက်ဆိုင်သော အခိုင်အမာ ပြဿနာတွေကို ဖြေရှင်းဖို့ ရည်ရွယ်ပြီး ဒီစာအုပ်ကို ရေးခဲ့ခြင်း ဖြစ်တယ်။ လီနင်ရဲ့ အစောပိုင်း အရေးအသားတွေကို ၁၉၀၇ ခုနှစ်မှာ စုစည်းထုတ်ဝေတော့ လီနင်က အမှာစာမှာ အဆိုပါအချက်ကို အလေးပေး ပြောခဲ့တယ်။ "ငါတို့ဘာလုပ်ကြမလဲ စာအုပ်ကို ဝေဖန်ကြသူတွေရဲ့ အခြေခံ အမှားက ဒီစာအုပ် ထွက်ပေါ်လာရာ အခိုင်အမာ သမိုင်းရေး အခြေအနေကို ဖယ်ထုတ်ပြီး ပြောကြတာပဲ၊ ဒီအခြေအနေတွေဟာ ငါတို့ပါတီဖွံ့ဖြိုးလာရာ အတိတ်မှာ ကျန်ခဲ့ပြီ။ ဒီအမှားကို Parvus က ထင်ထင်ရှားရှား ပြခဲ့တယ် (တခြား မင်ရှီဗစ် အမြောက်အမြားကိုတော့ နာမည်တပ် မပြောတော့ပါဘူး)။ ဒီစာအုပ်ထွက်ပြီး နှစ်တွေ အများကြီးကြာမှ ပရော်ဖက်ရှင်နယ် တော်လှန်ရေး သမားတွေနဲ့ စုဖွဲ့ထားတဲ့ ပါတီတည်ဆောက်ရေး အကြောင်းအရာအပေါ် လွန်လွန်ကျူးကျူး (ဒါမှမဟုတ်) မမှန်မကန် ပြောခဲ့ဖူးတဲ့ အယူအဆတွေကို ဝေဖန်ရေးသားနေကြတယ်။

မီးပွားသတင်းစာက (၁၉၀၁ နဲ့ ၁၉၀၂ ခုနှစ်ထဲမှာ) ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေနဲ့ စုဖွဲ့ထားခြင်း အယူအဆကို လွန်လွန်ကျူးကျူး ဖိပြောခဲ့တယ်လို့ ဒီကနေ့အချိန်မှာ လာပြောခြင်းဟာ ရပ်ရှား-ဂျပန် စစ်ပွဲပြီးသွားမှ ဂျပန်တွေကို ပြစ်တင်ဝေဖန်နေတာနဲ့ အတူတူပဲ၊ ဂျပန်တွေဟာ ရပ်ရှားရဲ့ စစ်အင်အားကို ပိုပိုသာသာ ထည့်တွက်ခဲ့ကြလို့၊ ဒီလို ပိုတွက်ထားမိတဲ့ စစ်အင်အားကို အနိုင်တိုက်နိုင်အောင် ပြင်ဆင်ဖို့ လိုအပ်ကြောင်း လွန်လွန်ကျူးကျူး ဖိပြောခဲ့လို့ စစ်ပွဲပြီးသွားမှ ဂျပန်တွေကို ဝေဖန်ပြစ်တင်နေကြသလို ဖြစ်မယ်။ အောင်ပွဲဆင် နိုင်ဖို့ဆိုရင် ဂျပန်တွေဟာ သူ့ရန်သူ ရပ်ရှားရဲ့ ဖြစ်နိုင်သမျှ အများဆုံး စစ်အင်အားကို ရင်ဆိုင်နိုင်မယ့် အင်အား အကုန်ထုတ်သုံးဖို့ လိုတယ်။ အခုချိန်မှာ ငါတို့ပါတီကို ဝေဖန်ပြစ်တင်နေကြသူ တော်တော်များများက အပြင်လူတွေဖြစ်တယ်။ ကိုယ်စီးတဲ့မြင်း အထီးမှန်း အမမှန်း မကွဲသူတွေ၊ ဒီကနေ့အချိန်မှာ ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေနဲ့ စုဖွဲ့ထားခြင်း အယူအဆ လုံးဝအောင်ပွဲခံနိုင်ခဲ့ပြီ ဆိုတာကို နားမလည်သူတွေ။ ဒီမတိုင်ခင် အစောပိုင်းကာလမှာသာ ဒီအယူအဆကို လွန်လွန်ကျူးကျူး ဖိမပြောခဲ့ရင် အခုလို အောင်ပွဲရဦးမှာ မဟုတ်ဘူး"

လီနင်က ဆက်ပြောတယ်၊

"မီးပွားသတင်းစာက ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေနဲ့ စုဖွဲ့ထားသော အဖွဲ့အစည်း ထူထောင်နိုင်ဖို့ တိုက်ပွဲဆင်ခဲ့တယ်။ အထူးသဖြင့် ၁၉၀၁ နဲ့ ၁၉၀၂ ခုနှစ်တွေမှာ အပြင်းအထန် တိုက်ပွဲဆင်ခဲ့ရတယ်။ အဲဒီချိန် ရေပန်းစားနေတဲ့ Economism ကို အလဲထိုးခဲ့ရတယ်၊ နောက်ဆုံးမှာတော့ ၁၉၀၃ ခုနှစ်မှာ ဒီလိုအဖွဲ့အစည်းကို ထူထောင်ခဲ့တယ်။ ဒီနောက် မီးပွားသတင်းစာ ထောက်ခံသူတွေကြား အကွဲအပြဲတွေ ရှိခဲ့ပေမယ့်၊ မိုးထဲရေထဲ တိုက်ပွဲတွေပြင်းထန်ခဲ့ပေမယ့် အဖွဲ့အစည်းကို ဆက်သယ်နိုင်ခဲ့တယ်။ ရပ်ရှားတော်လှန်ရေး (၁၉၀၅ ပထမ တော်လှန်ရေးကို ရည်ညွှန်း) မုန်တိုင်းကြားကနေ အသက်ဆက်ခဲ့ခြင်း ဖြစ်တယ်။ ၁၉၀၁-၀၂ ကနေ ဒီကနေ့ ၁၉၀၇ အထိ ငါတို့ပါတီကို ဆက်ထိန်းထားခဲ့တယ်။" (LCW vol. 13, pp., 101–103)

ဒီလို ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေရဲ့ အဖွဲ့အစည်းကို ရှင်သန်အောင် ရန်းကန်တည်ဆောက်ခဲ့လို့ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေး အောင်ပွဲဆင်ခဲ့ခြင်း ဖြစ်တယ်။

၁၉၀၂ ခုနှစ် အစောပိုင်းမှာ ငါတို့ဘာလုပ်ကြမလဲ စာအုပ်ကို လီနင် ထုတ်ဝေလိုက်တဲ့အခါ မီးပွားသတင်းစာ ထောက်ခံသူအားလုံးက ဒီစာအုပ်ပါ ကောက်ချက်တွေကို လှိုက်လှိုက်လှဲလှဲ လက်ခံခဲ့ကြတယ်။ ပါတီဖွံ့ဖြိုးရေးအတွက် အရေးပါတဲ့ အကျိုးပြုမှု လုပ်လိုက်တာပဲလို့ သူတို့အားလုံးက သတ်မှတ်ခဲ့ကြတယ်။ ဒါပေမယ့် ၁၉၀၃ ခုနှစ် နွေရာသီမှာ ကျင်းပခဲ့တဲ့ ဒုတိယကွန်းဂရက်(စ်)မှာ ပြင်းထန်တဲ့ အကွဲအပြဲ ဖြစ်ပွားခဲ့ရာက ဒီစာအုပ်ကို ထိုးနှက်မှုတွေ တသီကြီး လုပ်လာကြတယ်။ "ဒီအချိန်မှာ ခြားနားချက်တွေ ကွန်းဂရက်(စ်)မှာ ထွက်ပေါ်လာခဲ့တယ်၊ မီးပွားသတင်းစာကို မနှစ်မြို့သူတွေ၊ လီနင်နဲ့ ပလက်(ခ်)နော့ကို မကျေနပ်သူတွေက ဒီမကျေလည်မှုကို အခြေခံမူ ပြဿနာ ကွဲလွဲချက်လို အရိုန်တင်ခဲ့ကြတယ်" လို့ ကရပ်(စ်)ကားယာက ရှင်းပြခဲ့တယ်။ "ဘယ်က စကြမလဲ ဆောင်းပါးနဲ့ ငါတို့ဘာလုပ်ကြမလဲ စာအုပ်ကို အခြေတည်ပြီး လီနင်ကို ထိုးနှက်ကြတယ်၊ တက်လမ်း မျှော်မှန်းသူလို စွပ်စွဲကြတယ်" (Reminiscences of Lenin, International Publishers, New York, pp.95)

ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေရဲ့ အဖွဲ့အစည်းဆိုတဲ့ လီနင်ရဲ့ "အီလစ် အယူအဆများ" ဗာတ်လမ်းက ဒီမှာစတင်ခဲ့တယ်၊ လီနင်ရဲ့ ဒီအယူအဆကနေ ပါတီတွင်း အာဏာရှင်စနစ်ကို ဖြစ်ပေါ်စေခဲ့တယ်လို့ ဒီဗာတ်လမ်းတွေက ဆိုတယ်။ ဘူဇွာ ပညာရှင်တွေနဲ့ ပြုပြင်ရေးဝါဒီတွေက ဒါတင် အားမရသေးဘဲ လီနင်ရဲ့ အဖွဲ့အစည်းဆိုင်ရာ နည်းနာတွေကြောင့် စတာလင်ဝါဒ ပေါ်ထွက်လာရတယ်လို့ စွပ်စွဲကြတယ်။ ဒါဟာ လုံးဝ မှားတယ်။ **ခေတ်နောက်ကျတဲ့ တိုင်းပြည်တပြည်ထဲမှာပဲ တော်လှန်ရေး ထီးတည်း ဖြစ်နေလို့ စတာလင်ဝါဒ ပေါ်ထွက်လာ ခြင်းဖြစ်တယ်။ အဖွဲ့အစည်း တည်ဆောက်ရေး နည်းနာတွေ စံနှုန်းတွေနဲ့ မဆိုင်ပေ။**

- **Homogeneity**

လီနင်ရဲ့ ငါတို့ဘာလုပ်ကြမလဲ ကျမ်းကို လတ်(စ်)ဆဲ(လ်) ကနေ မာ့(က်စ်)ဆီ ၁၈၅၂ခု၊ ဇွန်လ ၂၄ရက်နေ့မှာ ပေးခဲ့တဲ့စာထဲက စာပိုဒ်တပိုဒ်နဲ့ စဖွင့်ခဲ့တယ်။ ဒီစာပိုဒ်နဲ့ စဖွင့်ခဲ့တာ အကြောင်းမဲ့သက်သက် မဟုတ်ဘူး၊ ဒီစာအုပ်မှာ ဆွေးနွေးသွားမယ့် အကြောင်းအရာတွေကို ပိုမိုလေးနက်သွားစေတယ်။ "ပါတီတွင်း တိုက်ပွဲဆင်ခြင်းဟာ ပါတီကို အသက်ဝင်စေတယ်၊ ပိုအားကောင်းစေတယ်၊ ပါတီတခု အားချိနေခြင်းရဲ့ အထင်ရှားဆုံး သက်သေက ရှင်းရှင်းလင်းလင်း စည်းခြားထားရမယ့်အရာတွေ ရောထွေး ဝေဝါးနေခြင်းပဲ၊ ပါတီတခုဟာ ဒီလို ရှုပ်ထွေးနေမှုကို ရှင်းထုတ်ခြင်းအားဖြင့် ပိုအားကောင်းလာတယ်"

"ရှင်းထုတ်ခြင်း" နည်းနဲ့ ပါတီ ပိုအားကောင်းလာအောင် လုပ်ဖို့ နှိုးဆော်ခြင်းကို လူ့အခွင့်အရေးတွေက မနှစ်မြို့ကြဘူး၊ အထူးသဖြင့် စတာလင်ဝါဒရဲ့ ရက်စက်ကြမ်းကြုတ်မှု အတွေ့အကြုံနဲ့ ချိန်ထိုးလိုက်တော့ ပိုဆိုးတယ်။ "ရှင်းထုတ်ခြင်း" ဆိုတဲ့ စကားလုံးကနေ ဖြာထွက်လာတဲ့ အနက်က ၁၈၅၂ (သို့) ၁၉၀၂ နဲ့ ဒီကနေ့ခေတ်မှာ လုံးဝ မတူတော့ဘူး။ အုတ်အရောရော ကျောက်အရောရော ဖြစ်နေတဲ့ ပါတီတခုထက် **အတွေးတူ အလုပ်တူ လူတွေ တသားတည်း စုစည်းထားတဲ့ ပါတီတခုက** အဆမတန် ပိုအားကောင်းတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ဘူး။ အချိန်တခု ကြာလာတဲ့အခါ သူစိမ်းပြင်ပြင် ကင်းကွာနေသော အယူအဆတွေ ရှိတဲ့သူတွေ ပါတီတွင်း အမှတ်မထင် ရောက်လာနိုင်တယ်၊ ဒီလို အစိတ်အပိုင်းတွေ ရှိလာခြင်းဟာ အပျက်သဘောပဲ ဖြစ်သွားနိုင်တယ်။ ပါတီဟာ ဒီလိုလူတွေ ခြေစမ်းကစားစရာ နေရာ မဟုတ်ဘူး။ ပြဒါးတလမ်း သံတလမ်း သွားနေကြသူတွေ အတူ စုနေမယ့်အစား နိုင်ငံရေးအရ လမ်းခွဲထွက်ကြတာ ပိုကောင်းတယ်။

မာ့(က်စ်)ရှင်းပြခဲ့သလိုပဲ၊ တော်လှန်ရေးပါတီဆိုတာ ရှင်သန်နေသော သက်ရှိတကောင် ဖြစ်တယ်၊ သူ့ဖွံ့ဖြိုးမှု အဆင့်တခုချင်းစီမှာ ဆင့်ကဲ တိုးတက်ဖြစ်ထွန်းသွားတယ်။ တူရာတူရာ အစုအဖွဲ့ အသေးလေးတွေကနေ ပိုကြီးတဲ့ စုဖွဲ့မှုအဖြစ် ကူးပြောင်းလာတဲ့အခါ အရင်ကနဲ့ မတူတော့တဲ့ လုပ်နည်းလုပ်ဟန်တွေ ပြောင်းလဲလာဖို့ လိုအပ်တယ်၊ ဒီလိုပဲ လူထုပါတီ တခုအဖြစ် ကူးပြောင်းသွားတဲ့ အဆင့်မှာလည်း အရင်က လုပ်နည်းလုပ်ဟန်တွေကို ပြောင်းလဲကျင့်သုံးလာရတယ်။ အဖွဲ့အစည်းက နောက်တဆင့် ဖွံ့ဖြိုးကြီးထွားသွားတဲ့ အနေအထားမှာ အတိတ်တုန်းက လူတချို့ကို ချန်ထားခဲ့ရတာတွေလည်း ရှိတတ်တယ်။ ဒီလို အဆင့်သစ်ကို ကူးပြောင်းတဲ့ ကာလမှာ ပွတ်တိုက်မှုတွေ ဖြစ်ပွားလာနိုင်တယ်၊ တချို့အဆင့်မှာ အကွဲအပြဲတွေ မလွဲမသွေ ပေါ်ပေါက်လာတယ်။ အကွဲအပြဲတွေဖြစ်တာ မကောင်းဘူးလို့ မြင်နိုင်တယ်၊ ဒါပေမယ့် တခါတလေမှာ ဒါဟာ ရှောင်လွှဲမရဘူး၊ လိုတောင် လိုအပ်လာတယ်။ လူသားတွေဟာ ဆဲ(လ်) အဟောင်းတွေနေရာမှာ ဆဲ(လ်)အသစ်တွေ ပွားများနိုင်ဖို့ ဆဲ(လ်) အဟောင်းတွေကို ဖယ်ခွာရှင်းပစ်ရတယ်၊ ဒီလိုပဲ ရှင်သန်နေတဲ့ ပါတီတခုအတွင်းမှာလည်း အလားတူဖြစ်စဉ်မျိုး ဖြစ်ပွားတယ်။

ရပ်ရွာလှုပ်ရှားမှုရဲ့ အစောပိုင်းနှစ်တွေမှာ မာ့(က်စ်)ဝါဒီ လူနည်းစု အစုအဖွဲ့လေးတွေပဲ အဓိက ဖြစ်ထွန်းခဲ့တယ်လို့ လီနင်က ရှင်းပြတယ်။ ဒီအစုအဖွဲ့လေးတွေဟာ တိုးတက်တဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့တယ်။ ဒါပေမယ့် ပါတီဖွံ့ဖြိုးမှု နောက်တဆင့်ကို လှမ်းရာမှာ ဒီလို အစုအဖွဲ့လေးတွေက မလွဲသာမရှောင်သာ အဟန့်အတား ဖြစ်လာတယ်။ "ဥပဒေဘောင်ထဲကနေ လုပ်ကိုင်လို့ရနိုင်တဲ့ အခြေအနေတွေ ပေါ်ပေါက်လာတာနဲ့ ၁၉၀၅ခု နိုဝင်ဘာလထဲမှာ Novaya Zhizn သတင်းစာကနေ ဘော်ရှီဗစ်တွေက ဒီမိုကရေစီနည်းကျ စုစည်းထားတဲ့ အလုပ်သမား ပါတီတခုအဖြစ် ကူးပြောင်းခြင်းလို့ ကြေညာခဲ့တယ်၊ ဒီလို ကူးပြောင်းသွားတဲ့အခါ အရင်က အစုအဖွဲ့လေးတွေမှာ ကျင့်သုံးလာတဲ့ လုပ်နည်းလုပ်ဟန်တွေနဲ့ အပြီးတိုင် လမ်းခွဲထွက်ရတော့တယ်။ ဒီလုပ်နည်းလုပ်ဟန် အဟောင်းတွေရဲ့ နေ့တွေ ကုန်ဆုံးသွားခဲ့ပြီ" လို့ လီနင်က ရှင်းပြခဲ့တယ်။ (LCW, vol.13, p.105)

ဘော်ရှီဗစ် သမိုင်းတလျှောက်မှာ တွေ့ရသလိုပဲ၊ မဟာဗျူဟာ နည်းဗျူဟာတွေနဲ့ ပတ်သက်လို့ ပါတီတွင်း ငြင်းခုန်မှုတွေ၊ နိုင်ငံရေး မတူညီမှုတွေ ပြင်းပြင်းထန်ထန် ဖြစ်ပွားလာခဲ့တယ်။ လီနင်ရဲ့ ဘော်ရှီဗစ်ပါတီကို အလဲအကွဲ ထိုးကြိတ်ကြတဲ့ ကျောင်းတော်လို့ ခေါ်တတ်ကြတယ်။ ပါတီတွင်းမှာ ဆွေးနွေးငြင်းခုန်မှုတွေ အပြင်းအထန်ချကြတယ်။ ဒီအချက်ကို ၁၉၀၇ ခုနှစ် အမှာစာထဲ လီနင် ထည့်ရေးခဲ့တယ် "ဒီကျမ်းထဲမှာ စုစည်း ထုတ်ဝေလိုက်တဲ့ ငါတို့ဘာလုပ်ကြမလဲ" စာအုပ်နဲ့ "ရှေ့သို့ခြေတလှမ်း၊ နောက်ကို ခြေနှစ်လှမ်း" စာအုပ်တွေထဲမှာ ပြည်ပရောက် အစုတွေကြား အင်မတန် ပြင်းထန်တဲ့ တခါတရံ အဖျက်သဘောဆောင်တဲ့ အငြင်းပွားမှုတွေကို စာဖတ်သူတွေ တွေ့ရလိမ့်မယ်။ သေချာတယ်၊ ဒီတိုက်ပွဲမှာ ဆွဲဆောင်မှုမရှိတဲ့ အချက်တွေအများကြီး ရှိနေမယ်" ဘယ်လိုပဲဖြစ်ဖြစ်၊ ဒီလို ပါတီတွင်း တိုက်ပွဲတွေကနေ နိုင်ငံရေးအရ ရှင်းလင်းပြတ်သားမှု ထွက်ပေါ်လာခဲ့တယ်၊ ဒါ့ကြောင့် ပိုပြီး ကျစ်လစ်တဲ့၊ ယုံကြည်မှုခိုင်မာတဲ့ ပါတီဖြစ်ခဲ့တယ်။

လီနင်ဟာ ဘဝတလျှောက်လုံး မာ့(က်စ်)ဝါဒနဲ့ တော်လှန်ရေး မူတွေကို အခိုင်အမာ ခုခံကာကွယ်သွားတယ်။ ငါတို့ဘာလုပ်ကြမလဲ ကျမ်းကို ထုတ်ဝေလိုက်တဲ့အခါ ရပ်ရှား စီးပွားရေးဝါဒီတွေကို တိုက်ပွဲဆင်ခြင်း ဆုံးခန်းတိုင်သွားတယ်။ ဒီစာအုပ် အမှာစာမှာ၊ ဒီစီးပွားရေးဝါဒီတွေရဲ့ ခေတ်ကို ငါတို့ အပြီးတိုင် အဆုံးမသတ်မချင်း ရပ်ရှားမှာ သူတို့ ဘာတိုးတက်မှုမှ ဖြစ်စေမှာ မဟုတ်ဘူးလို့ လီနင်ရေးခဲ့တယ်။ ဒီအချောင်သမား လမ်းကြောင်း နဲ့ အပြီးတိုင် စာရင်းရှင်းဖို့ ဒီစာအုပ်ကို အသုံးပြုခဲ့တယ်။

မာ့(က်စ်)ဝါဒ ဆန့်ကျင်ရေးတိုက်ပွဲကို တက္ကသိုလ်တွေမှာ ဘူဇွာပညာတတ်တွေက မွေးဖွားပေးခဲ့တယ်၊ ဒီနောက် လေဘာလှုပ်ရှားမှုအတွင်းက ပြုပြင်ရေးဝါဒီတွေနဲ့ အချောင်သမားတွေဆီ အရံသင့် လက်လွှဲပေးလိုက်တယ်လို့ လီနင်က ရှင်းပြခဲ့တယ်။ ဒီကနေ့အထိ မှန်နေဆဲ။

ဒီကနေ့ခေတ်အထိ တက္ကသိုလ်တွေမှာ အဆိုးရွားဆုံး သဘောတရားရေး အမှိုက်ထုတ်ကြီးကို ထုတ်လုပ်နေကြတုန်း။ ဒါ့ကြောင့် တော်လှန်ရေးပါတီက ကေဒါတွေဟာ နိုင်ငံရေးရန်သူတွေရဲ့ ငြင်းချက်တွေကို ခုခံရှင်းထုတ်နိုင်ဖို့ သဘောတရားရေး လက်နက်တပ်ဆင်ထားဖို့ လိုအပ်တယ်။ ငါတို့ဘာလုပ်ကြမလဲ စာအုပ်ရဲ့ ပထမပိုင်းတခုလုံးကို စီးပွားရေးဝါဒ လမ်းကြောင်းဟာ နိုင်ငံတကာ လှုပ်ရှားမှုအတွင်းက အချောင်သမား လမ်းကြောင်းတခု ဖြစ်ကြောင်း ရှင်းပြဖို့ လီနင် ရေးသားခဲ့တယ်။ ဒီစီးပွားရေးဝါဒကို ဂျာမနီက အက်ဝဲ့(ဒ်) ဘန်းစတိန်းနဲ့ ပြင်သစ်က မစ်လာရန်(ဒ်)တို့ ဦးဆောင်တဲ့ ပြန်လည် ပြင်ဆင်ရေးဝါဒလိုပဲ ဆိုးရွားတယ်လို့ သဘောထားခဲ့တယ်။ ရပ်ရှားက စီးပွားရေးဝါဒ ဆန့်ကျင်ရေး တိုက်ပွဲဟာ နိုင်ငံတကာ လှုပ်ရှားမှုရဲ့ အစိတ်အပိုင်းအဖြစ် လီနင် ရှုမြင်ခဲ့တယ်။

- ## လွတ်လပ်စွာဝေဖန်ခွင့်

စီးပွားရေးဝါဒီတွေ ဇန်းတင်ပြောလာတဲ့ "လွတ်လပ်စွာ ဝေဖန်ခွင့်" ဆိုတဲ့ အယူအဆကိုလည်း လီနင်က ဝေဖန် တိုက်ခိုက်ခဲ့တယ်၊ ဒီအယူအဆဟာ "ဆိုရှယ်-ဒီမိုကရေစီကို အလုပ်သမား သမဂ္ဂလုပ်ငန်း သီးသန့် အဆင့်ထိ" တွန်းပို့ဖို့ ပိုင်းဖြတ်ထားသူတွေ ဖက်ရှင်တခုလို သုံးလာတဲ့ ကြွေးကြော်သံဖြစ်ခဲ့တယ်။ ဒီ"လွတ်လပ်စွာဝေဖန်ခွင့်" ဆိုတာ သူစိမ်းပြင်ပြင် ကင်းကွာနေတဲ့ အယူအဆတွေကို တော်လှန်ရေးပါတီအတွင်း "လွတ်လွတ်လပ်လပ်" ဆွဲသွင်းရေးလို့ လီနင် မြင်ခဲ့တယ်။

"လူတွေကို သူတို့ဝတ်ထားတဲ့ တောက်တောက်ပြောင်ပြောင် ယူနီဖောင်းတွေ (ဒါမှမဟုတ်) အဆောင်အယောင် ဘွဲ့တံဆိပ်တွေနဲ့ အကဲမဖြတ်ဘဲ၊ သူတို့ရဲ့ လုပ်ဆောင်ချက်တွေ၊ သူတို့တကယ် ထောက်ခံလှုပ်ရှားနေတဲ့ အရာတွေနဲ့သာ အကဲဖြတ်မယ်ဆိုရင် "လွတ်လပ်စွာဝေဖန်ခွင့်" ဆိုတာ ဆိုရှယ်ဒီမိုကရေစီအတွင်းက အချောင်သမား လမ်းကြောင်းရဲ့ လွတ်လပ်ခွင့်ကို ဆိုလိုတယ်၊ ဆိုရှယ်-ဒီမိုကရေစီကို ဘူဇွာပြုပြင်ရေး ပါတီတခုအဖြစ် လွတ်လပ်စွာ ကူးပြောင်းခွင့်ကို ဆိုလိုတယ်၊ ဆိုရှယ်လစ်ဝါဒအတွင်း ဘူဇွာအယူအဆတွေနဲ့ ဘူဇွာအစိတ်အပိုင်းတွေကို လွတ်လပ်စွာ ထည့်သွင်းခွင့်ကို ဆိုလိုတယ် ဆိုတာ ရှင်းရှင်းလင်းလင်း တွေ့ရလိမ့်မယ်။ အခုချိန်မှာ သူတို့က ဟစ်ကြွေးလာကြတယ်၊ "လွတ်လပ်စွာ ဝေဖန်ခွင့် အစွန့်ရှည်ပါစေ" တဲ့၊ လေသေနတ် ပုံပြင်ကိုသာ ပြန်အမှတ်ရစေတော့တယ်" လို့ လီနင်က ရှင်းပြခဲ့တယ်။

အထူးသဖြင့် တော်လှန်ရေးကို ပစ်ပယ်ဖို့ (ဝါ) အနှစ်ပြယ်စေဖို့ အထိန်းအကွပ်မဲ့ ထင်ရာစိုင်းလိုသူတွေကို လီနင် တိုက်ခိုက်ခဲ့ခြင်း ဖြစ်တယ်။ ဒီလူတွေကို လီနင်ကို စေ့စပ်ညှိနှိုင်းမှု မလုပ်နိုင်သူ၊ ဂိုဏ်းဂနသမားလို့ စွပ်စွဲခဲ့ကြတယ်။ လီနင်က လက်တွဲဖော် ရဲဘော်ရဲဘက်တွေကို အချောင်သမား လမ်းကြောင်းအတိုင်း သွားလိုသူတွေ ဆွဲခေါ်တဲ့ နွံအိုင်ထဲ မနစ်မြုပ်အောင် သတိပေးခဲ့တယ်။ ပြဿနာကို ပြတ်ပြတ်ထင်ထင်နဲ့ ရှင်းရှင်းလင်းလင်း ဖော်ထုတ်ခဲ့တယ် –

“ငါတို့ကို ရန်သူတွေ ပတ်လည်ဝိုင်းနေတယ်၊ ဒီရန်သူတွေရဲ့ ထိုးနှက်မှုအောက်ကနေ ရှေ့ဆက်လှမ်းကြရမယ်။ ရန်သူကို တိုက်ဖို့ ရည်ရွယ်ချက်နဲ့ လွတ်လပ်စွာ ဆုံးဖြတ်ထားချက်အရ ငါတို့ ပေါင်းစည်းထားကြတယ်၊ အနီးအနားက ဗွက်အိုင်ထဲ နောက်ပြန်ဆုတ်ဖို့ ငါတို့ စုစည်းထားကြတာ မဟုတ်ဘူး၊ ဒီဗွက်တောထဲ နေသူတွေက ကနဦးကတည်းက ငါတို့အစုကို ဝေဖန်ပြစ်တင်ခဲ့ကြတယ်၊ ငါတို့က သူတို့နဲ့ လမ်းခွဲထွက်ပြီး သီးခြားစုဖွဲ့ခဲ့ကြတယ်၊ အလျှော့ပေးစေ့စပ်ရေး မလုပ်ဘဲ တိုက်ပွဲလမ်းကြောင်းကို ရွေးခဲ့ကြတယ်။ အခု ငါတို့ထဲက တချို့က အော်လာကြတယ်၊ ‘ဗွက်အိုင်ထဲ သွားကြစို့’ တဲ့။ ငါတို့ကို သူတို့ကို တားတဲ့အခါ၊ ‘ဘယ့်လောက်တောင် နောက်ပြန်ဆွဲ နေလိုက်သလဲ’ လို့ ခွန်းတုံ့ပြန်ကြတယ်။ ပိုကောင်းတဲ့လမ်းကို ငါတို့ကိုယ်တိုင် လွတ်လပ်စွာရွေးခွင့် ငြင်းပယ်လိုက်တာ မင်းတို့မရှက်ကြဘူးလား။ အို အမှန်ပဲ၊ လူကြီးမင်းတို့၊ မင်းတို့မှာ ငါတို့ကို လွတ်လပ်စွာ ဖိတ်ခေါ်ခွင့်ရှိသလို မင်းတို့သွားလိုရာ လွတ်လွတ်လပ်လပ် သွားနိုင်တယ်၊ သွားလိုသပဆို ဗွက်အိုင်ထဲကိုလည်း သွားနိုင်ရဲ့။ တကယ်လည်း ဗွက်အိုင်ကသာ မင်းတို့ရဲ့ နေရာဖြစ်တယ်လို့ ငါတို့ထင်တယ်၊ အဲဒီကို မင်းတို့ ရောက်သွားအောင် ငါတို့ဘက်ကလည်း အစွမ်းကုန်ကူပေးဖို့ ပြင်ထားတယ်။ ငါတို့လက်ကိုသာ ဆွဲမထားပါနဲ့လေ။ အင်မတန် ခမ်းနားတဲ့ လွတ်လပ်ခွင့် ဆိုတဲ့စကားကိုလည်း မဖျက်စီးလိုက်ပါနဲ့၊ ငါတို့မှာလည်း ငါတို့သွားလိုတဲ့နေရာကို လွတ်လွတ်လပ်လပ် သွားခွင့်ရှိတယ်၊ ဗွက်အိုင်ကိုသာမက ဗွက်အိုင်ဆီ သွားနေသူတွေကိုလည်း လွတ်လွတ် လပ်လပ် တိုက်ခိုက်ခွင့်ရှိတယ်”။

ငါတို့ဘာလုပ်ကြမလဲ ကျမ်းထဲမှာ **စီးပွားရေးဝါဒီတွေရဲ့ လောကအမြင်က သီအိုရီကို လုံးဝ အလေးမထားတဲ့ လမ်းကြောင်းတခုအဖြစ် လီနင်က ဖွင့်ဆိုခဲ့တယ်။**

အလုပ်သမားတွေက သဘောတရားရေးကို လုံးဝ စိတ်မဝင်စားကြဘူးလို့ စီးပွားရေးဝါဒီတွေက ဆိုကြတယ်။ “ငါတို့ စိတ်ဝင်စားတာ အလုပ်သမား လူတန်းစား လှုပ်ရှားမှုပဲ” လို့ စီးပွားရေးဝါဒီတွေက ဆိုကြတယ်၊ “ငါတို့ နယ်မြေတွေမှာ အလုပ်သမား အဖွဲ့အစည်းတွေ ရှိနေပြီ”၊ “ကျန်တာကတော့ သဘောတရား ဆရာသမားတွေရဲ့ တီထွင်ချက်သက်သက်ပဲ၊ သဘောတရားရေးကို အလွန်အကျွံ ဇန်းတင်နေခြင်းပဲ” လို့ စီးပွားရေးဝါဒီတွေက ဆိုကြတယ်။

“အလုပ်သမား လူတန်းစား လှုပ်ရှားမှု” ဆိုပြီး တောက်လျှောက် ပြောနေခြင်းဟာ အလုပ်သမားတွေကို သူတို့ တကယ် အလေးမထားဘူးဆိုတာ ဖုံးကွယ်ဖို့ ဖြစ်တယ်။ ဒီကနေ့ခေတ် ဂိုဏ်းအုပ်စုတွေလိုပဲ၊ အလုပ်သမားတွေဟာ သီအိုရီတွေ နားလည်လောက်အောင် အသိဉာဏ်မရှိဘူးလို့ သူတို့ယုံကြည်ခဲ့ကြတယ်။ ဒါ့ကြောင့် တော်လှန်ရေး လှုပ်ရှားမှုဟာ “ပေါင်မုန့်နဲ့ထောပတ်” ရရှိရေးလောက်ပဲ အလေးထားရမယ်လို့ သူတို့ပြောခြင်းဖြစ်တယ်။ ဂိုဏ်းဂနသမားတွေက အလုပ်သမားထု နောက်မြီးဆွဲ လုပ်ကြတယ်၊ ဘာတွေ ဘယ်လိုမကောင်းဘူး ဆိုတာပဲ ပြောတတ်ကြတယ်။ ဒါပေမယ့် အလုပ်သမားထုက နလပိန်းတုန်းမှ မဟုတ်ဘဲ၊ သူတို့ လုပ်ခလစာတွေ၊ အလုပ်ခွင်အခြေအနေတွေ ဘယ်လောက် ဆိုးရွားလဲဆိုတာ သူတို့ကိုယ်တိုင် ကောင်းကောင်း သိပြီးသား။ အခြေခံ စားဝတ်နေရေး တောင်းဆိုချက်တွေ ကြွေးကြော်သံတွေဟာ အရေးကြီးပေမယ့် အပြင်းအထန် အကြပ်ဆိုက်နေတဲ့ ခေတ်မှာ အလုပ်သမား လူတန်းစားက ပိုပြီး ကျယ်ပြန့်တဲ့ သဘောတရားရေး ရှင်းလင်းချက်တွေကို ပိုပိုပြီး ရှာဖွေလာကြတယ်၊ လှုံ့ဆော်ချက်သက်သက်ကို တောင့်တနေတာ မဟုတ်တော့ဘူး။

## • သီအိုရီကို အလေးမထားခြင်း

စီးပွားရေးဝါဒီတွေက သီအိုရီကို အလေးမထားကြဘူး၊ သူတို့ရဲ့ သတင်းစာ Rabocheye Dyelo မှာ မဒ့က်စ်ရဲ့ နာမည်ကျော် စကားတွေကို ယူသုံးထားတယ်။ ဒီသတင်းစာကို နမူနာပြပြီး လီနင်က ဝေဖန်တိုက်ခိုက်ခဲ့တယ်။ “စစ်မှန်သော လှုပ်ရှားမှု ခြေတလှမ်းတိုင်းဟာ

လုပ်ငန်းစဉ်ပေါ်ငင်း တဒါဇင်ထက် ပိုအရေးပါတယ်” ဆိုတဲ့ မာ့က်စ် ရဲ့ စကားတွေကို လိုရာဆွဲ ပြောခဲ့ကြတယ်၊ ဒီစကားကို ပြန်ကိုးကားပြီး အလုပ်သမားတွေအဖို့ တော်လှန်ရေး အယူအဆတွေနဲ့ သီအိုရီ မလိုအပ်ဘူး၊ ယေဘုယျ လှုပ်ရှားမှုပဲ လိုအပ်တယ်လို့ စီးပွားရေးဝါဒီတွေက ပြောတတ်တယ်။

“သဘောတရားရေး ဖရိုဖရဲဖြစ်နေတဲ့ ကာလမှာ ဒီစကားတွေကို ထပ်တလဲလဲ ပြောနေခြင်းက အသုဘတခုမှာ ရွှေရောင်နေ့ရက်တွေ ပြန်ရောက်လာစေကြောင်း ဆုတောင်းနေကြတဲ့ အပူသည်တွေလို ဖြစ်နေပြီ” လို့ လီနင်က တုံ့ပြန်ခဲ့တယ်။

“ဒါ့အပြင်၊ ဒီစကားတွေကို မာ့က်စ်ရဲ့ ‘ဂိုးထား လုပ်ငန်းစဉ်’ အပေါ် ဝေဖန်ချက် ပေးစာကနေ ကောက်နှုတ်ထားခြင်းဖြစ်တယ်၊ ဒီစာထဲမှာ မာ့က်စ်က အခြေခံမူတွေ ဖော်ထုတ်ရာမှာ ဟိုခုန်ကူး ဒီခုန်ကူး လုပ်ခြင်းကို အပြင်းအထန် ဝေဖန်ထားတယ်။ မင်းတို့ စုစည်းဖို့ လိုတယ်ဆိုရင် လှုပ်ရှားမှုရဲ့ လက်တွေ့ ရည်မှန်းချက်တွေ အကောင်အထည်ဖော်ဖို့ပဲ သဘောတူညီချက် ယူပါ၊ အခြေခံမူတွေမှာတော့ ဈေးဆစ်မခံလေနဲ့၊ သီအိုရီပိုင်းမှာ အလျှော့ပေးတာမျိုး မလုပ်လေနဲ့ လို့ မာ့က်စ်က ပါတီခေါင်းဆောင်တွေဆီ ရေးခဲ့တယ်။ ဒါ မာ့က်စ်ရဲ့အယူအဆပဲ၊ ဒါပေမယ့် တချို့က မာ့က်စ် နာမည်ကို ယူသုံးပြီး သီအိုရီကို အရေးမပါသယောင် ပြောလာကြတယ်။”

**လီနင်ရဲ့ ကျမ်းတအုပ်လုံးကို ယက်ဖောက်ထားတဲ့ အရေးအကြီးဆုံး အယူအဆက မာ့က်စ်ဝါဒ သီအိုရီကို ပိုင်ပိုင်နိုင်နိုင် ဖမ်းဆုပ်မိတဲ့ မာ့(က်စ်)ဝါဒီ ကေဒါတွေ (ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေ) တည်ဆောက်ရေးပဲ။ “တော်လှန်ရေး သီအိုရီမရှိဘဲ တော်လှန်ရေး လှုပ်ရှားမှု မရှိနိုင်ဘူး”** လို့ လီနင်က အလေးထား ပြောခဲ့ရတယ်၊ “အချောင်သမားဝါဒရဲ့ လူပိန်းကြိုက် ဆွယ်တရားနဲ့ အသေးဆုံး လက်တွေ့အလုပ်တွေ လုပ်ဖို့ပဲ မွန်ထူနေကြတဲ့ ကာလမှာ ဒီအယူအဆကို အရမ်းကြီး ဖိပြောမနေနိုင်ဘူး” လို့ လီနင်က ဆက်ပြောခဲ့သေးတယ်။ ဒီကနေ့ခေတ် လက်ဝဲတွေ သိပ်ကြိုက်တဲ့ သဘောတရားမဲ့ လက်တွေ့ လှုပ်ရှားမှုမျိုးကို လီနင်က အပြင်းအထန် ထိုးနှက်လိုက်ခြင်း ဖြစ်တယ်။ လီနင်က လက်တွေ့လှုပ်ရှားမှုကို ဆန့်ကျင်နေတာတော့ မဟုတ်ဘူး၊ လှုပ်ရှားမှုတွေဟာ အလုပ်သမား လူတန်းစားရဲ့ နိုင်ငံရေးအသိ၊ သဘောတရားရေး အသိ မြင့်တင်ရေးနဲ့ အမြဲချိတ်ဆက်မှုရှိနေဖို့ ပြောခဲ့ခြင်း ဖြစ်တယ်။

ဒီအချက်ကို ပိုပေါ်လွင်သွားအောင် ဖရက်(ဒ)ရစ်(ခ်)အန်းဂယ်စ် ၁၈၇၄ ခုနှစ်က ပြောခဲ့တဲ့ စကားတွေကို လီနင်က ပြန်ကိုးကားသွားတယ်။ အန်းဂယ်စ်က လှုပ်ရှားမှု တည်ဆောက်ရာမှာ သဘောတရားရေးရဲ့ အရေးကြီးမှုကို ဇောင်းပေးပြောခဲ့တယ်။ အန်းဂယ်စ်က “ကျနော်တို့ အများစု ထင်ကြသလို” တော်လှန်ရေး တိုက်ပွဲ ပုံသဏ္ဍာန် နှစ်မျိုး (စီးပွားရေးနဲ့ နိုင်ငံရေး)ကိုပဲ သိမြင်ခဲ့တာ မဟုတ်ဘူး၊ သဘောတရားရေး တိုက်ပွဲ အပါအဝင် ပုံသဏ္ဍာန် သုံးမျိုးကို သိမြင်လက်ခံခဲ့တယ်၊ သဘောတရားရေး တိုက်ပွဲကိုလည်း စီးပွားရေးနဲ့ နိုင်ငံရေး တိုက်ပွဲနှစ်မျိုးလိုပဲ တန်းတူ အလေးထားခဲ့တယ်။

ဘရစ်တိန်မှာ မာ့(က်စ်)ဝါဒအတွက် တိုက်ပွဲဝင်နေကြသူတွေကို အန်းဂယ်စ်က မှတ်သားလောက်တဲ့ အချက်တချက် ထောက်ပြခဲ့တယ်။ ဘရစ်တိန် အလုပ်သမား လူတန်းစား လှုပ်ရှားမှုအတွင်း သဘောတရားရေးကို အလေးမထားကြလို့ ဒီတိုက်ပွဲက “လိပ်လိုနှေးနေရတာ” လို့ အန်းဂယ်စ်က ရှင်းပြခဲ့တယ်။ “အထူးသဖြင့်၊ သဘောတရားရေး ပြဿနာအားလုံးကို ရှင်းရှင်းလင်းလင်း ထိုးထွင်းသိမြင်ရေးဟာ ခေါင်းဆောင်တွေရဲ့ တာဝန်ပဲ၊ ခေတ်ဟောင်း လောကအမြင်ကနေ အမွေဆက်ခံထားတဲ့ အစဉ်အလာဟောင်းရဲ့ ဩဇာအောက်က လွတ်မြောက်ရေးဟာ ဒီခေါင်းဆောင်တွေရဲ့ တာဝန်ပဲ၊ ဆိုရှယ်လစ်ဝါဒက သိပ္ပံပညာရပ်တခု ဖြစ်လာကတည်းက သိပ္ပံနည်းကျ လေ့လာဖို့ မလွှဲမသွေ လိုအပ်လာတယ် ဆိုတာ ခေါင်းဆောင်တွေ စိတ်ထဲ စွဲစွဲမြဲမြဲ မှတ်ထားရမယ်” လို့ အန်းဂယ်စ်က ဖိပြောခဲ့တယ်။

International Marxist Tendency ရဲ့ ရှုမြင်ပုံအရ အန်းဂယ်စ်ရဲ့ အကြံကို တလေးတစားနဲ့ လိုက်နာကျင့်သုံးခဲ့တယ်။ လှုပ်ရှားမှုအတွင်း ရှိနေတဲ့ အချောင်သမား ဖိအားတွေကို ကြံ့ကြံ့ခံနိုင်အောင် ရဲဘော်ရဲဘက်တွေကို မာ့က်စ်ဝါဒီလို တွေးခေါ်တတ်အောင် အမြဲလေ့ကျင့်နေဖို့ လိုအပ်တယ်၊ ဒီဖိအားတွေက အရင်းရှင်စနစ် ဖိအားကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်တယ်။

ရယ်စရာကောင်းတာက မဲ့(က်စ်)ဝါဒ သီအိုရီရဲ့ အင်မတန် အရေးပါမှုကို ကျနော်တို့က လေးလေးနက်နက် အသိအမှတ်ပြုခြင်းဟာ ကျနော်တို့ ရန်သူတွေအဖို့ မထီမဲ့မြင်ပြုစရာ ဖြစ်နေတယ်။ ဒါပေမယ့် ကျနော်တို့ချည်း မဟုတ်ပါဘူး။ "သဘောတရား ပညာရှင် ဆိုတဲ့ စကားလုံးကို အထင်သေးအမြင်သေး လေသံမပါဘဲ မပြောနိုင်သူတွေဟာ သူတို့ရဲ့ အဝိဇ္ဇာန္တံထဲ ပျော်ပျော်ကြီး လူးနေသူတွေသာ" ဖြစ်တယ်လို့ လီနင်က ပြောခဲ့တယ်။ ဒီလို သီအိုရီကို အလေးမထားတဲ့ လူ့အန္တွေနဲ့ ကျနော်တို့ ကြုံဖူးပေါင်း များလှပြီ (အဆိုးမြင် သမားတွေ၊ သံသယဝါဒီတွေ စသဖြင့်)။ ဒါဟာ အလုပ်သမား လူတန်းစားကို တကယ် အလေးမထားဘူးဆိုတာ ရောင်ပြန်ဟပ်ပြ လိုက်တာပဲ။ သီအိုရီဆိုတာ အလုပ်သမား လူတန်းစားရဲ့ အတိတ်သမိုင်း အတွေ့အကြုံတွေကို ယေဘုယျ နိဂုံးချုပ်ချက် ထုတ်ယူထားခြင်း ဖြစ်တယ်။ သီအိုရီဟာ ပညာရှင်တွေရဲ့ ပိုချချက် မဟုတ်ဘူး၊ အလုပ်လမ်းညွှန် ဖြစ်တယ်။

ဆိုရှယ်လစ် အသိကို အလုပ်သမား လူတန်းစားရဲ့ ပြင်ပကနေ တင်သွင်းရမယ်ဆိုတဲ့ အယူအဆ အမှားကို လီနင်က နောက်ထပ်တခါမှ ထပ်မပြောခဲ့ပေမယ့် ဂိုဏ်းဂနသမားတွေကတော့ ထပ်တလဲလဲ ထုတ်သုံးလာကြတယ်။ ထင်တလုံးနဲ့ ဘဝင်လေဟပ်နေတဲ့ သူတို့ကိုယ်သူတို့ အလုပ်သမား လှုပ်ရှားမှုကို ဦးဆောင်ဖို့ရာ အပြင်ကနေ ရောက်လာတဲ့ "မစ်ရှင်နရီ" တွေလို ပုံဖော်ဖို့ ဒီအမှားကို ယူသုံးနေကြခြင်း ဖြစ်တယ်။

စီးပွားရေးဝါဒီတွေက "အလိုအလျောက် လှုပ်ရှားမှု"ကိုပဲ နောက်မြီးဆွဲလိုက်နေကြတယ်။ ဒီလုပ်ရပ်ရဲ့ အကန့်အသတ်တွေကို ဖွင့်ချဖို့ လီနင်က သာသာထိုးထိုး ဖိပြောရာက လွန်သွားခဲ့ခြင်းဖြစ်ကြောင်း အပေါ်မှာ ရှင်းခဲ့ပြီးပြီ။ "စီးပွားရေးဝါဒီတွေက တဖက်ကို အဆုံးစွန်ထိ သွားခဲ့တယ်၊ ဒါ့ကြောင့် စီးပွားရေးဝါဒီတွေ တဖက်စွန်းထိ ဆွဲလိမ်ထားတဲ့အရာကို ငါတို့ဘာလုပ်ကြမလဲ စာအုပ်က ပြန်ဖြောင့်ပေးခဲ့တယ်" လို့ လီနင်က ရှင်းပြခဲ့တယ်။ "ဒီစကားတွေရဲ့ အဓိပ္ပါယ်က အင်မတန် ရှင်းပါတယ်၊ ငါတို့ဘာလုပ်ကြမလဲ စာအုပ်က စီးပွားရေးဝါဒီတွေရဲ့ ပုံဖျက်ချက်တွေကို အငြင်းပွားဖွယ် အမှန်ပြင်ပေးခြင်း ဖြစ်တယ်၊ ဒီစာအုပ်ကို ဒီလို အဆက်အစပ်နဲ့ မချဉ်းကပ်ရင် မှားလိမ့်မယ်" လို့ လီနင်က ရေးခဲ့တယ်။ (LCW, vol.13, p.107–108)

စီးပွားရေးဝါဒီတွေက အလုပ်သမားထုရဲ့ ဆန္ဒစွဲတွေနောက်ပဲ အမြဲလိုက်တယ်၊ အလုပ်သမားထု သိပြီးသား အရာတွေကိုပဲ အာပေါင်အာရင်း သန်သန်နဲ့ စကားတန်ဆာဆင် ပြောကြတယ်။ "အလုပ်သမားထုဟာ အလုပ်သမားထုအတွက် ဖြစ်ရမယ်"၊ "အလုပ်သမားထုရဲ့ အပေါ်ယံအလွှာကို အားပြုရမှာ မဟုတ်ဘူး၊ သာမန် အလုပ်သမားထုကို အားပြုရမှာ ဖြစ်တယ်" စတဲ့ ပေါ်ပင်စကားတွေနဲ့ လူကြိုက်များအောင် လုပ်တတ်ကြတယ်။ ဒါဟာ အလုပ်သမား လူတန်းစားရဲ့ နောက်ကျကျန်နေတဲ့ အစိတ်အပိုင်းတွေကို မှီစားခြင်း ဖြစ်တယ်။ အလုပ်သမား လူတန်းစားမှာ အားကောင်းတဲ့ အခြမ်းရှိသလို အားနည်းတဲ့ အခြမ်းရှိတယ်ဆိုတာ ခေတ်အသီးသီးမှာ တွေ့ခဲ့ရ ပြီးပြီ။ အလုပ်သမား လူတန်းစားမှာ တော်လှန်သော လူတန်းစား ဖြစ်လာမယ့် အစွမ်းအစ ရှိတယ်၊ ကျနော်တို့က ဒီအချက်အပေါ် အခြေခံ တည်ဆောက်တယ်၊ ဒါပေမယ့် မဲ့(က်စ်)ဝါဒီတွေက အလုပ်သမား လူတန်းစားကို ကိုးကွယ်ပူဇော်ရာ အဖြစ် သဘောမထားဘူး။ ထရော့စကီးက အခုလို ရှင်းပြခဲ့တယ် –

"လူထုက အမှားမရှိ ခြောက်ပြစ်ကင်း သဲလဲစင် မဟုတ်ဘူး။ လူထုကို စိတ်ကူးယဉ်စံပြုခြင်းဟာ ငါတို့နဲ့ လားလားမှမဆိုင်။ လူထုကို အခြေအနေ အမျိုးမျိုးမှာ ငါတို့ တွေ့ခဲ့ကြတယ်၊ အဆင့်အသီးသီးမှာ မြင်ကြရတယ်၊ နိုင်ငံရေး မုန်တိုင်းတွေကြားမှာလည်း မြင်တွေ့ခဲ့ရတယ်။ လူထုရဲ့ အားသာတဲ့ အခြမ်း၊ အားနည်းတဲ့ အခြမ်း နှစ်ခုလုံးကို ငါတို့ လေ့လာခဲ့ကြတယ်။ လူထုရဲ့ အားသာချက်တွေ (ပိုင်းဖြတ်ချက် ပြတ်သားမှု၊ စွန့်လွှတ်စွန့်စားမှု၊ သူရဲကောင်းဆန်မှု)ကို တော်လှန်ရေး ဒီရေမြင့်သစ်ကာလတွေမှာ အရှင်းလင်းဆုံး တွေ့ကြရတယ်။ ဒီကာလမှာ ဘော်ရှီဗစ်တွေက လူထုကို ဦးဆောင်ခဲ့တယ်။ ဒီနောက် ဒီရေနိမ့် ကာလရောက်ချိန်မှာ အဖိနှိပ်ခံလူထုရဲ့ အားနည်းတဲ့ အခြမ်းက ရှေ့တန်းကို ရောက်လာတယ် (အုတ်အရောရော ကျောက်အရောရောဖြစ်မှု၊ ယဉ်ကျေးမှု မပြည့်စုံမှု၊ လောကအမြင် ကျဉ်းမြောင်းမှု)"။ (Their Morals and Ours)

စီးပွားရေးဝါဒီတွေရဲ့ အချောင်သမားနည်းက အသံကုန်ဟစ်ပြီး မရှိတဲ့ အောင်မြင်မှုဆီ ဖြတ်လမ်းက သွားဖို့ ကြိုးစားတာပဲ။ ဒီလူတွေက "အလုပ်သမား လှုပ်ရှားမှု သက်သက်" လို့ ပြောတာ၊ အလုပ်သမားထုနဲ့ လက်ပွန်း တတီးနေခြင်းကို ကိုးကွယ်တာ အထူးအဆန်းတော့ မဟုတ်ဘူး။ မာ့က်စ်နဲ့ အန်းဂယ်စ်တို့က အကြီးကျယ်ဆုံး သဘောတရား ပညာရှင်တွေ ဖြစ်ပေမယ့်လည်း စီးပွားရေးဝါဒီတွေကတော့ သဘောတရားရေးကို အကြီးမားဆုံး အလေးမထားသူတွေ ဖြစ်ကြတယ်။ လီနင်စကားနဲ့ ပြောရရင် "ဘူဇွာတွေပြောတဲ့ အလုပ်သမား အရေး သက်သက် အယူအဆတွေ"ကို စီးပွားရေးဝါဒီတွေက လက်ခံထားကြတယ်။ တော်လှန်ရေး သီအိုရီနဲ့ တိုက်ပွဲအတွင်းက သိစိတ် ထက်မြက်တဲ့ အစိတ်အပိုင်းကို တန်ဖိုးမထားကြဘူး၊ ဒီတော့ တော်လှန်ရေး လှုပ်ရှားမှုကို အလုပ်သမား သမဂ္ဂဝါဒအဆင့်ထိ လျှော့ချပစ်လိုက်ကြတယ်။

- ## နိုင်ငံရေးတိုက်ပွဲက အရေးကြီးတယ်

လီနင်က စီးပွားရေးဝါဒီတွေရဲ့ နောက်မြီးဆွဲအယူအဆကို အခုလို တုံ့ပြန်ခဲ့တယ်၊ "ပစ္စည်းမဲ့လူတန်းစားရဲ့ အခြေခံကျသော စီးပွားရေး အကျိုးစီးပွားတွေကို ဘူဇွာလူတန်းစားရဲ့ အာဏာရှင်စနစ်အား ပစ္စည်းမဲ့ အာဏာရှင်စနစ်နဲ့ အစားထိုးပစ်မယ့် နိုင်ငံရေး တော်လှန်ရေးနဲ့သာ ဖြည့်စွမ်းနိုင်မယ်"။ အလုပ်သမား လူတန်းစား အခြေခံတဲ့ တော်လှန်ရေး ပါတီတခု လိုအပ်တယ်၊ ဒါပေမယ့် ဒီပါတီကို မာ့က်စ်ဝါဒ အခြေခံမှုတွေနဲ့ သီအိုရီ ကျောက်ဆောင်ပေါ် အခြေခံပြီး တည်ဆောက်ထားရမယ်။

ဆိုးရွားတဲ့ အလုပ်ခွင် အခြေအနေတွေကို ဖွင့်ချခြင်းနည်းနဲ့ လှုံ့ဆော်စည်းရုံးတာမျိုး အရေးကြီးကြောင်း လီနင် ကောင်းကောင်း နားလည်ပါတယ်၊ ဒါပေမယ့်လည်း ဒီအလုပ်မျိုးကို "အလုပ်သမား သမဂ္ဂအဆင့်" တိုက်ပွဲနည်း အနေနဲ့ပဲ လီနင် မြင်တယ်။ လီနင်က "အလုပ်သမား လူတန်းစားရဲ့ တိုက်ပွဲကို လုပ်အားစွမ်းပကား ရောင်းချဖို့ ပိုကောင်းတဲ့ အခြေအနေတွေ ဖန်တီးပေးရေးလောက်ပဲ ကန့်သတ်မထားစေချင်ဘူး၊ ကုန်ထုတ်ပစ္စည်းမဲ့ လူတန်းစားကို အရင်းရှင် လူတန်းစားဆီ မလွဲမသွေ လုပ်အားစွမ်းပကား ရောင်းချစေတဲ့ လူနေမှုစနစ်ကိုပါ ဖြိုဖျက်ပစ်ရေး တိုက်ပွဲအဆင့်ထိ" ဦးဆောင်သွားဖို့ လိုအပ်တယ်လို့ မြင်တယ်။ ဒါ့ကြောင့် ဆိုရှယ်ဒီမိုကရက်တွေဟာ စီးပွားရေး တိုက်ပွဲ သက်သက်ကိုပဲ လုပ်နေလို့ မရဘူး၊ စီးပွားရေး အခြေအနေတွေ ဖွင့်ချခြင်းလောက်ပဲ လုပ်တဲ့ အဖွဲ့အစည်းမျိုးကို သူတို့လှုပ်ရှားမှုရဲ့ အဓိက အစိတ်အပိုင်း ဖြစ်ခွင့်ပြုလို့ မရဘူး။ အလုပ်သမား လူတန်းစားကို နိုင်ငံရေးသိစိတ် နိုးကြားထက်သန်လာအောင် အားတက်သရော လုပ်ကြရမယ်။

တနည်းဆိုရရင်၊ အလုပ်သမားထုရဲ့ လတ်ငင်းပြဿနာတွေကနေ အစပြုပြီး၊ ဒီအတွေ့အကြုံတွေကို ခြုံငုံသုံးသပ်ဖို့ လိုအပ်တယ်၊ လတ်ငင်းပြဿနာတွေ ပြေလည်ရေးတိုက်ပွဲကို လူ့အဖွဲ့အစည်း ပြောင်းလဲဖို့ ပိုကျယ်ပြန့်သော အလုပ်သမား လူတန်းစား တိုက်ပွဲနဲ့ ချိတ်ဆက်ဖို့ လိုအပ်တယ်။ လှုံ့ဆော်စည်းရုံးခြင်း၊ သဘောတရား ဖြန့်ချိခြင်းနဲ့ သီအိုရီ တို့ကို အချိတ်အဆက်မိမိ လုပ်ဆောင်နိုင်ရေး ဖြစ်တယ်။ ဒါပေမယ့် လီနင်က အကြမ်းထည်သဘော လှုံ့ဆော်စည်းရုံးခြင်းကို ဆန့်ကျင်သတိပေးခဲ့တယ်၊ အလုပ်သမားထု ခံစားနေရတဲ့ ဆိုးရွားသော အခြေအနေတွေကို ထောက်ပြရုံ သက်သက်ဟာ အလုပ်သမား လူတန်းစားကို သူငယ်နှပ်စားလို သဘောထားနေခြင်း ဖြစ်လို့ပဲ။ လီနင်က အခုလို ရှင်းပြခဲ့တယ်။ "ဒီလို လှုံ့ဆော်စည်းရုံးခြင်း သက်သက်လောက်ကို ငါတို့မလိုအပ်ဘူး၊ စီးပွားရေးသီးသန့် နိုင်ငံရေး ယာဂုတွေ လာတိုက်နေရအောင် ငါတို့က သူငယ်နှပ်စား ကလေးတွေ မဟုတ်ဘူး"။ "အလုပ်သမားတွေကို နိုင်ငံရေးအရ ဖိနှိပ်ထားတယ်လို့ ပြောနေရုံနဲ့ မလုံလောက်ဘူး"။ အလုပ်သမားထုရဲ့ နိုင်ငံရေးသိစိတ်ကို နိုးကြားရင့်သန်လာအောင် လူမှုဘဝ မျက်နှာစာအသီးသီးက မတရားမှု ပုံစံအားလုံးကို ဆွဲထုတ်ရှင်းပြဖို့ လိုအပ်တယ်။ နေ့တဓူဝ တိုက်ပွဲတွေနဲ့ တော်လှန်ရေး လုပ်ငန်းစဉ်၊ သဘောတရားတွေကို ချိတ်ဆက်ပြီး (တနည်းဆိုရရင် သီးခြား Particular နဲ့ ယေဘုယျ General ကို ချိတ်ဆက်ပေးခြင်း) မာ့(က်စ်)ဝါဒီတွေက အလုပ်သမား လူတန်းစားရဲ့ နိုင်ငံရေးသိစိတ်ကို ထက်သန်လာအောင် ကူညီပေးနိုင်တယ်။ ဒီတော့ အလုပ်သမားထု သိပြီးသားတွေ ပြန်ရွတ်ပြပြီး သိစိတ်ကို မမြှင့်တင်နိုင်ဘူး။

ဒီနေရာမှာ မာ့က်စ်ဝါဒနဲ့ အချောင်သမားဝါဒရဲ့ ပဋိပက္ခကို တွေ့ရမယ်။ အချောင်သမားတွေက ပြုပြင်ရေးတိုက်ပွဲတွေနဲ့ တော်လှန်ရေး တိုက်ပွဲကို ခွဲထုတ်ပစ်တယ်၊ လီနင်က ဒီတိုက်ပွဲနှစ်ခုကြား ခွဲမရအောင် ချိတ်ဆက်နေမှုကို အလေးပေးပြောတယ်။ "တော်လှန်သော ဆိုရှယ်ဒီမိုကရေစီမှာ ပြုပြင်ရေး တိုက်ပွဲဟာလည်း အစိတ်အပိုင်း အနေနဲ့ ပါဝင်တယ်၊ ဒါပေမယ့် ပြုပြင်ရေးသက်သက်ဟာ ရည်မှန်းချက် မဟုတ်ဘူး။ ပါဝင်ရာအစိတ်အပိုင်း (the part) ကို တခွင်တပြင်လုံး (the whole) ရဲ့ လက်အောက်ခံအဖြစ် သဘောထားသလို ပြုပြင်

ရေးတိုက်ပွဲကိုလည်း ဆိုရှယ်လစ်စနစ်နဲ့ လွတ်လပ်ရေး တော်လှန်တိုက်ပွဲရဲ့ လက်အောက်ခံအဖြစ် သဘောထားတယ်” လို့ လီနင်က ရေးခဲ့တယ်။

တော်လှန်ရေးသမားတွေက အလုပ်သမားထုရဲ့ လုပ်ခလစာတွေကို မြင့်မားစေချင်တယ်၊ ဒါပေမယ့် ဒါသက်သက်ဟာ အန္တိမပန်းတိုင် မဟုတ်ဘူး။ အလုပ်သမားထုကိုယ်တိုင် လူ့အဖွဲ့အစည်းကို အုပ်စိုးစေချင်တယ်။

ပလက်(ခ်)နော့ရဲ့ အယူအဆကို အခြေခံပြီး လီနင်က လှုံ့ဆော်စည်းရုံးခြင်း နဲ့ သဘောတရား ဖြန့်ချိခြင်းရဲ့ ခြားနားချက်ကို အခုလို ပြောသွားတယ်။ “လူနည်းနည်းကို အယူအဆတွေ အများကြီး ပေးလိုက်ရင် ဒါဟာ သဘောတရား ဖြန့်ချိခြင်းဖြစ်တယ်၊ အယူအဆတခုကို လူအများကြီးဆီ ရောက်အောင်လုပ်ရင် ဒါဟာ လှုံ့ဆော်စည်းရုံးခြင်း ဖြစ်တယ်။” ဒါပေမယ့် အလုပ်သမားထုကို အရင်းရှင်စနစ် အကြပ်အတည်းနဲ့ ဒီကနေ လွတ်မြောက်ရာလမ်းကို ဘက်စုံထောင့်စုံ ပြည့်ပြည့်စုံစုံ ရှင်းပြရေးဟာ တော်လှန်ရေး သဘာတရား ဖြန့်ချိသူတွေရဲ့ အလုပ်ဖြစ်တယ်။ “အလုပ်လက်မဲ့ ပြဿနာကို ဆွေးနွေးနေတဲ့ သဘောတရား ဖြန့်ချိသူဟာ အရင်းရှင်စနစ် အကြပ်အတည်းတွေရဲ့ သဘောသဘာဝ၊ ခေတ်သစ် လူ့အဖွဲ့အစည်းမှာ ဒီအကြပ်အတည်းတွေ မလွဲမသွေ ဖြစ်ပေါ်လာရခြင်းရဲ့ အကြောင်းတရား၊ ဒီကနေ့ လူ့အဖွဲ့အစည်းကို ဆိုရှယ်လစ် လူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲပစ်ဖို့ လိုအပ်ပုံတွေ ရှင်းပြနိုင်ရမယ်”။

လီနင်က ရပ်ရှားပါတီရဲ့ အားနည်းချက်ကို ထောက်ပြခဲ့တယ်။ ဒီပါတီရဲ့ လေ့လာရေး အစုတွေကို နမူနာပြပြီး နိုင်ငံရေး အသိနိမ့် နေခြင်းကို ဝေဖန်ပြခဲ့တယ် –

“ပြီးခဲ့တဲ့ နှစ်တွေအတွင်း ကျယ်ပြန့်လာတဲ့ ဆိုရှယ်–ဒီမိုကရက်တစ် လေ့လာရေးအစုကို နမူနာယူပြီး ဆန်းစစ်ကြည့်ရအောင်။ သူတို့မှာ ‘အလုပ်သမားထုနဲ့ အချိတ်အဆက်တွေ’ ရှိတယ်၊ ဒီလောက်နဲ့တင် သူတို့ ကျေနပ်နေကြတယ်၊ လက်ကမ်းစာစောင်တွေ ဝေကြတယ်၊ ဒီလက်ကမ်းစာစောင်တွေကနေ စက်ရုံအတွင်းက စော်ကားမှုတွေ၊ အစိုးရက အရင်းရှင်တွေဘက် ပင်းတာတွေကို ဖွင့်ချကြတယ်၊ ရဲတွေရဲ့ အကြမ်းဖက်မှုကို ပြင်းပြင်းထန်ထန် ရှုတ်ချကြတယ်။ အလုပ်သမား အစည်းဝေးတွေမှာ ဒီအကြောင်းအရာတွေထက် ကျော်ပြီး ဆွေးနွေးတာမျိုး မလုပ်နိုင်ကြဘူး။ တော်လှန်ရေး လှုပ်ရှားမှုသမိုင်း၊ အစိုးရရဲ့ ပြည်တွင်းရေး ပေါ်လစီနဲ့ နိုင်ငံခြားရေးပေါ်လစီ ပြဿနာတွေ၊ ရပ်ရှားနဲ့ ဥရောပတိုင်းပြည်တွေရဲ့ စီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာ ပြဿနာတွေ၊ ခေတ်သစ် လူ့အဖွဲ့အစည်းအတွင်းက လူတန်းစားအသီးသီးရဲ့ အနေအထား၊ စတဲ့စတဲ့ အကြောင်းအရာတွေကို ဆွေးနွေးတာ၊ လက်ချာပို့ချတာ မရှိသလောက် ရှားတယ်။

ဒီလေ့လာရေးအစုတွေက အများစုစိတ်ထဲ ပုံဖော်ထားတဲ့ စံပြခေါင်းဆောင်က ဆိုရှယ်လစ် နိုင်ငံရေးခေါင်းဆောင်နဲ့ မနီးစပ်ဘဲ၊ အလုပ်သမား သမဂ္ဂ အတွင်းရေးမှူး ပုံစံနဲ့ ပိုတူနေတယ်။ အလုပ်သမား သမဂ္ဂတိုင်း (အင်္ဂလန် အလုပ်သမား သမဂ္ဂဆိုပါတော့) ရဲ့ အတွင်းရေးမှူး တယောက်ဟာ အလုပ်သမားထုကို စီးပွားရေး တိုက်ပွဲဆင်နွှဲနိုင်အောင် ကူညီပေးရတယ်၊ ဒီတော့ စက်ရုံတွင်းက စော်ကားမှုတွေကို ဖွင့်ချပြရတယ်၊ အလုပ်သမား ဥပဒေတွေရဲ့ မတရားပုံကို ရှင်းပြရတယ်၊ လွတ်လပ်စွာ သပိတ်မှောက်ခွင့်၊ သပိတ်တားခွင့်တွေကို အဟန့်အတားပြုတဲ့ အရာအားလုံးကို အလုပ်သမားထုရှေ့မှောက် ဖွင့်ချရှင်းပြရတယ်၊ ဘူဇွာလူတန်းစားဘက်က ခုံသမာဓိရုံး လူကြီးတွေရဲ့ ဘက်လိုက်မှုကို ရှင်းပြရတယ်၊ စသဖြင့်။ တနည်းဆိုရရင် အလုပ်သမား သမဂ္ဂ အတွင်းရေးမှူးတွေဟာ အလုပ်ရှင်နဲ့ အစိုးရကို ဆန့်ကျင်ပြီး စီးပွားရေး တိုက်ပွဲကို ကူညီဆင်နွှဲပေးကြတယ်။ ဒီအလုပ်တွေလုပ်ရုံနဲ့ ဆိုရှယ်ဒီမိုကရေစီ မဖြစ်သေးဘူး၊ စံပြ ဆိုရှယ်ဒီမိုကရက်ဆိုတာ အလုပ်သမား သမဂ္ဂ အတွင်းရေးမှူး မဖြစ်သင့်ဘူး၊ လူထု ခေါင်းဆောင် ဖြစ်သင့်တယ်၊ အလုပ်သမားထု ရှေ့မှောက်မှာ ဆိုရှယ်လစ် အယူအဆတွေကို အခိုင်အမာ ရှင်းပြပြီး ဒီမိုကရေစီရေး တောင်းဆိုချက်တွေနဲ့ ချိတ်ဆက်ပြဖို့၊ ပစ္စည်းမဲ့ လူတန်းစား လွတ်မြောက်ရေး တိုက်ပွဲဟာ ကမ္ဘာ့သမိုင်းအဆင့် အရေးပါကြောင်း လူတိုင်း နားလည်လာအောင် ရှင်းပြဖို့ (ဘယ်လောက်ပင် သေးငယ်တဲ့) အမှုကိစ္စ ဖြစ်နေပါစေ အခွင့်ကောင်းယူ အသုံးချနိုင်တဲ့သူ ဖြစ်သင့်တယ်”။

- ## ပထမဆုံးနဲ့ အရေးအကြီးဆုံးက တော်လှန်ရေးသမားဖြစ်ရေး

လီနင်က တော်လှန်ရေးသမားတွေ အလုပ်သမား သမဂ္ဂတွေထဲ အလုပ်လုပ်ခြင်းကို ဆန့်ကျင်နေတာ မဟုတ်ဘူး။ ဒီလို အလုပ်လုပ်ခြင်းကို လီနင် သဘောကျတယ်။ ဒါပေမယ့် ဒီလိုလုပ်ခြင်းကို တဖက်သတ် အမြင်နဲ့ ချဉ်းကပ်ရင် အကန့်အသတ်တွေရှိတယ်၊ အန္တရာယ်တွေ ရှိတယ်လို့ သူရှင်းပြနေတာ။ ဒီလိုရပ်ဝန်းမှာ အလုပ်လုပ်ရာမှာ ဆိုရှယ်ဒီမိုကရက်တွေအဖို့ ပထမဆုံးနဲ့ အရေးအကြီးဆုံးက တော်လှန်ရေး

သမားဖြစ်ရေးပဲ၊ အလုပ်သမား သမဂ္ဂဝါဒီက ဒုတိယ ဦးစားပေးဖြစ်ရမယ်။ အလုပ်သမားထုကြားက ကေဒါတွေဖြစ်ရမယ်။ ပါတီဝင်တွေကို သဘောတရားရေး အဆင့် မြှင့်တင်ခြင်းအားဖြင့် အချောင်သမားဝါဒ အန္တရာယ်ကနေ ခုခံကာကွယ်ပေးဖို့ ပါတီမှာ တာဝန်ရှိတယ်၊ အလုပ်သမား ကေဒါတွေကို ပါတီအစည်းအဝေးတွေမှာ သေချာပေါက် တက်ရောက်စေရမယ်၊ ပါတီရဲ့ ဦးဆောင်မှုအောက်ကနေ အလုပ်သမား ကေဒါတွေကို အလုပ်လုပ်စေရမယ်။ လီနင်က ဒါကို ပါတီဝင်ဖြစ်ဖို့ အခြေခံအချက်အဖြစ် မြင်ခဲ့တယ်။ ပါတီဝင်တွေက အလုပ်သမား လှုပ်ရှားမှုအတွင်း ရာထူးနေရာတွေ ယူလာတဲ့ အခြေအနေမျိုးမှာ ဒီလို ဗဟိုဦးစီးမှုမျိုးဟာ ပိုလို့တောင် အရေးကြီးလာတယ်။ ဒီလို အခြေအနေမှာ ပါတီဝင်တွေဟာ လီနင်သတိပေးခဲ့သလို အလုပ်သမား သမဂ္ဂ အတွင်းရေးမှူး သီးသန့် ဖြစ်လာနိုင်တဲ့ အန္တရာယ်ရှိနေတယ်။

“ဆိုရှယ်ဒီမိုကရက်တစ် နိုင်ငံရေးကို အလုပ်သမား သမဂ္ဂ နိုင်ငံရေးအဆင့်ထိ လျှော့ချပစ်ခြင်းဟာ အလုပ်သမား လူတန်းစား လှုပ်ရှားမှုကို ဘူဇွာဒီမိုကရေစီရဲ့ အသုံးချခံ ကိရိယာအဖြစ် ကူးပြောင်းနိုင်အောင် ပြင်ဆင်ပေးခြင်း” ဖြစ်တယ်လို့ လီနင်က ရှင်းရှင်းလင်းလင်း ပြောခဲ့တယ်။ ဒါဟာ အလုပ်သမား လှုပ်ရှားမှုအတွင်းက များမြောင်လှသော ဖိအားတွေကြောင့် လိုက်ပါပြောင်းလဲခြင်းကို ထင်ဟပ်နေတယ်။ တော်လှန်ရေးသမားတွေက အခြေအနေကို ပြောင်းလဲပစ်ရမယ့်အစား ဝန်းကျင် အခြေအနေက သူတို့ကို ပြောင်းပစ်လိုက်တယ်။

အလိုအလျောက် လှုပ်ရှားမှုနဲ့ အလုပ်သမား သမဂ္ဂ (ဘူဇွာ) နိုင်ငံရေးကို ဆန့်ကျင်ဝေဖန်ထားတဲ့ ဒီစာအုပ် တအုပ်လုံးမှာ လီနင်က “ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေ” နဲ့ ဖွဲ့စည်းထားသော တော်လှန်ရေး တပ်ဦးပါတီ တည်ဆောက်ရေးကို အခိုင်အမာ တင်ပြထားတယ်။ “ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေ”ဟာ သူတို့ရဲ့ ကိုယ်စွမ်းဉာဏ်စွမ်းအားလုံးနဲ့ အချိန်အားလုံးကို ဒီတော်လှန်ရေး အလုပ်တွေလုပ်ဖို့ပဲ မြှုပ်နှံထားသူတွေ ဖြစ်တယ်။ “တော်လှန်ရေးသမားတွေရဲ့ အဖွဲ့အစည်းမှာ တော်လှန်ရေး အလုပ်ကိုသာ သူတို့ရဲ့ ဘဝရှင်သန်မှုဖြစ်စေတဲ့ လူတွေနဲ့ အဓိက ဖွဲ့စည်းထားတယ်။ ဒီလို အဖွဲ့အစည်းဝင်အားလုံးရဲ့ အဲဒီ ဘုံဝိသေသကြောင့်ပဲ အလုပ်သမားတွေနဲ့ ပညာတတ်တွေကြားက ကွာခြားချက် အားလုံးကို ဖယ်ရှားပစ်ရမယ် (အလုပ်သမားတွေ ကြားက အလုပ်ခွင်မတူတာ၊ ပညာတတ်တွေကြားက အသက်မွေး ပညာချင်း မတူတာတွေ ဖယ်ရှားပစ်ဖို့တော့ ထည့်ပြောနေဖို့ပင် မလိုပါ)။”

ဒါကို လီနင်လို့ ခေါ်တယ်၊ တော်လှန်ရေး ပါတီအတွင်းမှာ အလုပ်သမားနဲ့ ကျောင်းသားကြား ကွာခြားချက် မရှိနိုင်ဘူး၊ အားလုံးဟာ ရဲဘော်တွေ၊ ကွန်မြူနစ်တွေ ဖြစ်တယ်။ ဆန္ဒစွဲတွေ အားလုံး အပြင်မှာ ထားခဲ့တော့၊ ပါတီတွင်းမှာ လက်မခံဘူး။ တော်လှန်ရေး ပါတီတွင်းမှာ ဘယ်လူတန်းစားက လာသလဲ ငြင်းနေရမယ့် ပြဿနာ မဟုတ်၊ နိုင်ငံရေး ပြဿနာသာ ရှိတယ်။ ပါတီတည်ဆောက်ရေး ပြောရရင် လူလတ်တန်းစား နောက်ခံကလာတဲ့ ကျောင်းသားတွေကိုလည်း အလုပ်သမား ကေဒါတွေနဲ့အတူ မာ့က်စ်ဝါဒ သဘောတရားတွေ လေ့လာသင်ယူ စေတယ်။ ဒီလို လေ့ကျင့်ထူထောင်ရင်း လူလတ်တန်းစားက လာတဲ့ ကျောင်းသားတွေဟာ အရင်က လူလတ်တန်းစား အစွဲတွေကို နိုင်ငံရေးအရ ပစ်ပယ်ကြပြီး ပစ္စည်းမဲ့ လူတန်းစားဘက်ကို ရောက်လာတယ်။

ဘော်ရှီဗစ်ပါတီ ခေါင်းဆောင်မှုတခုလုံးကို ဒီလိုနည်းနဲ့ လက်တွေ့ထူထောင်ခဲ့ရတယ်၊ အစပိုင်းမှာ ကျောင်းသား ဘဝကလာသူတွေနဲ့ ပါတီကို ဖွဲ့စည်းခဲ့ရတယ်။ လီနင်ရဲ့ တပ်ဦးပါတီ အယူအဆကို (ပြုပြင်ရေးဝါဒီတွေကနေ အနားခစ်စ်တွေအထိ) ဝေဖန်သူအားလုံးက မနှစ်မြို့စရာ အီလစ်အယူအဆလို့ သတ်မှတ်ခဲ့ကြတယ်။ လီနင် ပြောတဲ့ တပ်ဦးပါတီဆိုတာ အလုပ်သမား လူတန်းစားကို ခေါင်းဆောင်မှုပေးတဲ့ ပါတီတခုထက် မပိုဘူး။ ပါတီရဲ့ အခန်းကဏ္ဍက အလုပ်သမားထု နောက်မြီးဆွဲလုပ်ဖို့ မဟုတ်ဘူး၊ အလုပ်သမား လူတန်းစားရဲ့ စုပေါင်း အတွေ့အကြုံကို အခြေခံပြီး စစ်မှန်တဲ့ လွတ်မြောက်ရာလမ်းကို ညွှန်ပြဖို့ဖြစ်တယ်။ ဒါက မနှစ်မြို့စရာမှ မဟုတ်ဘဲ၊ ကောင်းတဲ့ အရာသာ ဖြစ်တယ်။ ဒါဟာ တော်လှန်သော အလုပ်သမား ပါတီတခု တည်ရှိရခြင်းရဲ့ အရေးအကြီးဆုံး အကြောင်းတရား ဖြစ်တယ်။

စိတ်ဝင်စားစရာ အချက်ကို လီနင် ရှင်းပြတယ်၊ ရပ်ရှား ဆိုရှယ်ဒီမိုကရက်တစ် လေဘာပါတီကို မဖွဲ့စည်းနိုင်ခင် မာ့က်စ်ဝါဒီတွေဟာ “ကျောင်းသား အစုတွေ” ဖွဲ့ရတယ်၊ “ဒီအစုတွေကနေ အဲဒီခေတ် ကျောင်းသား လူငယ်တွေကို မာ့က်စ်ဝါဒနဲ့ အကျွမ်းတဝင် ရှိစေခဲ့တယ်”။ ကျောင်းသားဟောင်း Grigori Zinoviev အဆိုအရ “ကျောင်းသား ဆိုတဲ့ စကားလုံးဟာ တော်လှန်ရေးသမားဆိုတဲ့ စကားလုံးနဲ့ အဓိပ္ပါယ် အတူတူဖြစ်ခဲ့တဲ့ ကာလတခု (အထူးသဖြင့် ၁၈၉၀ ခုနှစ်တွေ) ရှိခဲ့တယ်။ အဲဒီခေတ် အထက်တန်း ကျောင်းသားတွေဟာ တော်လှန်ရေး/ ရယ်ဒီကယ် စိတ်ဓာတ်ရှိကြတယ်၊ အလုပ်သမားတွေရဲ့ တော်လှန်ရေး လှုပ်ရှားမှုကို ထောက်ခံကြတယ်”။ (History of the Bolshevik Party, New Park Publications, 1973, p.63)

ဇာဘုရင် အာဏာပိုင်တွေရဲ့ အရေးယူနှိပ်ကွပ်ခံခဲ့ရတဲ့ ဒီကျောင်းသား တော်လှန်ရေးသမားတွေဟာ ရပ်ရှားပြည်က အသစ်စက်စက် အလုပ်သမား လူတန်းစားနဲ့ ပေါင်းကူးတံတား ဖြစ်ခဲ့တယ်။ ဒေသန္တရ လှုပ်ရှားမှုရဲ့ အဓိက ခေါင်းဆောင်တွေဟာ သူတို့ကျောင်းသားဘဝကတည်းက ဂုဏ်ရောင်ပြောင်ခဲ့ပြီးသား ဖြစ်တယ်လို့ လီနင်က ရှင်းပြခဲ့တယ်။

ဒီလိုကျောင်းသားတွေကို မာ့က်စ်ဝါဒဘက် သိမ်းသွင်းပြီး လေ့ကျင့် ထူထောင်ခြင်းအားဖြင့် တော်လှန်ရေး လှုပ်ရှားမှုဟာ လူငယ် အလုပ်သမားထုဆီ ပေါင်းကူးတံတား ထိုးနိုင်တဲ့ ငယ်ရွယ်နုပျိုသော အင်အားစုကို တည်ဆောက်နိုင်ခဲ့တယ်။ မာ့က်စ်ဝါဒ သဘောတရားရေးလက်နက် တပ်ဆင်ထားတဲ့ ပြင်းထန်သော ကျောင်းသားတွေဟာ တော်လှန်ရေး လှုပ်ရှားမှုအတွက် အင်မတန် ထက်မြက်သော ကေဒါတွေ ဖြစ်လာနိုင်ကြောင်း ဘော်ရှီဗစ်သမိုင်း အတွေ့အကြုံတခုလုံးက သက်သေထူနေတယ်။

လူငယ်တွေကို အလေးအနက်ထားတဲ့ လီနင်က သူ့ကို ဝေဖန်ကြသူတွေရဲ့ “ကျောင်းသားဆန့်ကျင်ရေး” အစွဲတွေကို အခုလို တုံ့ပြန် ဖြေကြားခဲ့တယ်၊ “ကျောင်းသားချည်း သီးသန့် ကော်မတီတခုဟာ မတည်မြဲဘူး၊ အသုံး မဝင်ဘူး” ဆိုတဲ့အချက်ကို လီနင်က သဘောတူတယ်၊ “ဒါပေမယ့်၊ ဒီအချက်ကနေ ကောက်ချက်ဆွဲလို့ ရတာက ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေရဲ့ ကော်မတီကို ငါတို့ဖွဲ့ကြရမယ်၊ ဒီနေရာမှာ ကျောင်းသားဖြစ်စေ၊ အလုပ်သမားဖြစ်စေ ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမား ဖြစ်လာဖို့ပဲ အရေးကြီးတယ်၊ (ကျောင်းသားဘဝ ကလာလို့ အလုပ်သမားဘဝက လာလို့ဆိုတာ အရေးမပါတော့ဘူး)”။ တော်လှန်ရေးသမားတွေက ကျောင်းသားလား အလုပ်သမားလား ဆိုတဲ့အချက်ကို လီနင်က ဘေးဖယ်လိုက်တဲ့ နမူနာ နောက်တခုဖြစ်တယ်။ လီနင်က ကျောင်းသားရော အလုပ်သမားရောကို ကေဒါတွေအဖြစ် လေ့ကျင့်တည်ဆောက်လိုတယ်။ “ငါဆိုလိုတာ ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေပဲ၊ သူတို့ကျောင်းသားဘဝက လာသလား အလုပ်သမားဘဝက လာသလားဆိုတာ ငါဂရုစိုက်နေမှာ မဟုတ်ဘူး” လို့ လီနင်က ရေးခဲ့တယ်။

လီနင်က ဆက်ပြောတယ် “ငါတို့အလုပ်က တော်လှန်ရေးသမားကို မနူးမနပ်အဆင့် လျှော့ချဖို့ မဟုတ်ဘူး၊ မနူးမနပ်တွေကို တော်လှန်ရေး သမားဖြစ်လာအောင် ဆွဲတင်ပေးဖို့ ဖြစ်တယ်”။ ဒါပေမယ့်လည်း “ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမား တယောက် ဖြစ်လာဖို့ လေ့ကျင့်မွေးမြူရတာ နှစ်အတော်ကြာ အချိန်ယူရတယ်”။

“ဒါ့ကြောင့် အလုပ်သမားတွေကို တော်လှန်ရေးသမား ဖြစ်လာအောင် မြှင့်တင်ရေးကို ပထမ ဦးစားပေး လုပ်ရမယ်၊ စီးပွားရေးဝါဒီတွေလိုလားသလို ‘လုပ်သားထု’ အဆင့်ကို လျှော့ချဖို့ မဖြစ်ရဘူး၊ ဒါမှမဟုတ် SVOBODA လိုလားသလို ‘ပျမ်းမျှ အလုပ်သမား’ အဆင့်ကို လျှော့ချဖို့ မဖြစ်ရဘူး။ အလုပ်သမားထု လက်လှမ်းမီအောင်ပြုစုထားတဲ့ ပေါ်ပြူလာ စာပေ မလိုအပ်ဘူးလို့ ငြင်းနေတာ မဟုတ်ဘူး၊ အထူးသဖြင့် နောက်ကျ ကျန်နေသေးတဲ့ အလုပ်သမားတွေအတွက် ရည်ရွယ်ပြုစုထားသော ပေါ်ပြူလာ စာပေမျိုး (သရုပ်ပျက် vulgar စာပေကို ပြောတာ မဟုတ်ဘူး) လိုအပ်နေတယ်။ ဒါပေမယ့် ငါစိတ်ပျက်တာက စီးပွားရေးဝါဒီတွေရဲ့ နောက်မြီးဆွဲ အယူအဆ ပို့ချချက်တွေနဲ့ အဖွဲ့အစည်း ပြဿနာ နိုင်ငံရေးပြဿနာကို အမြဲရောထွေးပစ်တဲ့ အချက်ပဲ။  ခင်ဗျားတို့ လူကြီးမင်းတွေဟာ ‘ပျမ်းမျှ အလုပ်သမား’ အကြောင်းကို အတော်စိတ်ဝင်စားကြတယ်၊ တကယ်တမ်းတော့ ဒါဟာ အလုပ်သမားထုကို စော်ကားလိုက်တာပဲ၊ အလုပ်သမား လူတန်းစား နိုင်ငံရေးနဲ့ အလုပ်သမား လူတန်းစား အဖွဲ့အစည်း အကြောင်း ဆွေးနွေးနေချိန်မှာ အလုပ်သမားထုကို အဆင့်နိမ့် ပြောလိုခြင်းအားဖြင့် စော်ကားလိုက်တာပဲ။ အရေးကြီးတဲ့ ပြဿနာတွေကို လေးလေးနက်နက် ပြောစမ်းပါ၊ နောက်မြီးဆွဲ အယူအဆတွေကို နောက်မြီးဆွဲ လုပ်လိုသူတွေဆီ ထားခဲ့စမ်းပါ၊ နိုင်ငံရေးသမားတွေနဲ့ ဖွဲ့စည်းတည်ဆောက်သူတွေဆီ သယ်မလာပါနဲ့”။

- **အလုပ်သမား စာစောင်**

လီနင်က ဝေဖန်သူတွေကို နလန်မထူနိုင်အောင် ဆော်ပြီးတဲ့နောက် ငါတို့ဘာလုပ်ကြမလဲ ကျမ်းကို အလုပ်သမား စာစောင်စာတမ်း ထုတ်ဝေခြင်းရဲ့ အရေးပါမှုကို ဆန်းစစ်ပြီး နိဂုံးချုပ်လိုက်တယ်။

“သိပ်မကြာခင်မှာ အပတ်စဉ် သတင်းစာတစောင်ကို ငါတို့ ထုတ်နိုင်တော့မယ်၊ ပန်းပဲသမားရဲ့ ဖားဖိုတစုံက  မီးတောက်မီးလျှံတွေ အရှိန်တညီးညီး တောက်လောင်အောင် လေမှုတ်ပေးနိုင်သလို ဒီသတင်းစာကလည်း လူတန်းစား တိုက်ပွဲ မီးပွားတွေ နဲ့ လူအများခံစားနေရတဲ့ ခံပြင်းဒေါသထွက်မှုတွေကို တောမီးကြီးအဖြစ် ကူးပြောင်းစေလိမ့်မယ်။ အခုထိတော့ ဒီသတင်းစာဟာ အုပ်စိုးသူလူတန်းစားအဖို့ အန္တရာယ်မကြီးသေးဘူး၊ အင်မတန် အားနည်းနေသေးတယ်၊ ဒါပေမယ့် ပုံမှန် ဝိုင်းလုပ်ကြရင်၊ ဒီစကားရဲ့ အဓိပ္ပါယ်ကို အပြည့်အဝဆိုရင်

အင်မတန် အလုပ်လုပ်တဲ့ ဖိုက်တာတွေရဲ့ ပုံမှန်တပ်တခုက တပ်အင်အားကို စနစ်တကျ စုစည်းပြီး လေ့ကျင့်မှုကို ရရှိစေလိမ့်မယ်။ ဒီယေဘုယျကျသော အဖွဲ့အစည်းဆိုင်ရာ ကိုယ်ထည်ကြီးရဲ့ လှေကားထစ်တွေ၊ ပြမ်းတွေပေါ်မှာ ငါတို့ တော်လှန်ရေးသမားတွေထဲကနေ ဆိုရှယ်ဒီမိုကရက်တစ် Zhelyabovs[1] ဖွံ့ဖြိုးလာလိမ့်မယ်၊ ငါတို့ အလုပ်သမားတွေထဲကနေ ရပ်ရွာ Bebels[2] ဖွံ့ဖြိုးလာလိမ့်မယ်။ သူတို့တတွေက လှုံ့ဆော်စည်းရုံးထားတဲ့ တပ်ရဲ့ ရှေ့တန်းကနေ ခေါင်းဆောင်လာကြလိမ့်မယ်၊ ရပ်ရွာရဲ့ ရှက်စရာ ကျိန်စာကို အပြီးတိုင် ပယ်ဖျက်ပစ်နိုင်အောင် လူထုတရပ်လုံးကို ဦးဆောင်သွားကြလိမ့်မယ်။ ငါတို့ မျှော်မှန်းသင့်တာ ဒါပဲ”။

ဒီလို အပင်ပန်းခံ အလုပ်လုပ်ခဲ့ခြင်းကြောင့် အဲဒီမျှော်မှန်းအိပ်မက်ကို ၁၉၁၇ ခုနှစ်၊ အောက်တိုဘာလမှာ လက်တွေ့ အကောင်အထည်ဖော်နိုင်ခဲ့တယ်။ လီနင်ဟာ ဘော်ရှီဗစ် ကေဒါ မျိုးဆက်တခုလုံးကို လူထု ဘော်ရှီဗစ် ပါတီတခု တည်ဆောက်ရာမှာ ကျောရိုးသဖွယ် ဖြစ်လာအောင် လေ့ကျင့်ပေးခဲ့တယ်။ လီနင်နဲ့ ထရော့စကီး ခေါင်းဆောင်မှုအောက်က ပါတီဟာ အလုပ်သမား လူတန်းစားနဲ့ လယ်သမားထုထဲက အထက်မြက်ဆုံး အစိတ်အပိုင်းတွေကို စုစည်းပြီး နိုင်ငံတော်အာဏာကို သိမ်းနိုင်ခဲ့တယ်။ ဒီကနေ့ မာ့(က်စ်)ဝါဒီတွေဟာ ပေါ်ထွက်လာတော့မယ့် အသစ်အသစ်သော အောက်တိုဘာတွေအတွက် ပြင်ဆင်ထားဖို့ ဒီသင်ခန်းစာတွေကို လေ့လာထားရမယ်။ လီနင်ရဲ့ ငါတို့ဘာလုပ်ကြမလဲ ကျမ်းကို လေ့လာခြင်းဟာ ဒီလိုပြင်ဆင်ခြင်းရဲ့ အင်မတန် အရေးပါသော အလုပ်တခုဖြစ်တယ်။

1.Andrey Ivanovich Zhelyabov (29 August [O.S. 17 August] 1851– 15 April [O.S. 3 April] 1881) was a Russian revolutionary and member of the Executive Committee of *Narodnaya Volya*.

2.August Bebel (22 February 1840 – 13 August 1913) was a German Marxist politician, writer, and orator. A collaborator of Marx and Engels, he is best remembered as one of the founders of the Social Democratic Workers' Party of Germany (SDAP) in 1869, which in 1875 merged with the General German Workers' Association into the Socialist Workers' Party of Germany (SAPD). During the repression under the terms of the Anti-Socialist Laws, Bebel became the leading figure of the social democratic movement in Germany and from 1892 until his death served as chairman of the Social Democratic Party of Germany.

SOURCE: THE REVOLUTIONARY LESSONS OF LENIN'S 'WHAT IS TO BE DONE?' BY ROB SEWELL (14 JUNE 2018)

**လီနင်ရဲ့ ကျမ်းတအုပ်လုံးကို ယက်ဖောက်ထားတဲ့ အရေးအကြီးဆုံး အယူအဆက မာ့က်စ်ဝါဒ သီအိုရီကို ပိုင်ပိုင်နိုင်နိုင် ဖမ်းဆုပ်မိတဲ့ မာ့(က်စ်)ဝါဒီ ကေဒါတွေ (ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေ) တည်ဆောက်ရေးပဲ။ "တော်လှန်ရေး သီအိုရီမရှိဘဲ တော်လှန်ရေး လှုပ်ရှားမှု မရှိနိုင်ဘူး"** လို့ လီနင်က အလေးထား ပြောခဲ့ရတယ်၊

## Theoretical Section